# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၂၉)


၁၃၇၈ ခုနှစ်၊ တော်သလင်းလကွယ်နေ့ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၁ ရက်၊ စနေနေ့၊ အတွဲ (၅၆)၊ အမှတ် (၀၀၁)




## နိုင်ငံတော်သမ္မတ ဦးထင်ကျော် အာဆီယံနိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အာဆီယံပါလီမန်များ အစည်းအရုံး အတွင်းရေးမှူးချုပ်တို့အား လက်ခံတွေ့ဆုံ


စာမျက်နှာ - ၃


## လူထုဗဟိုပြုမှုဘောင်များကို အကောင်းဆုံးဖော်ဆောင်ပေးနိုင်တဲ့ နိုင်ငံတော်အဆင့်အဖွဲ့အစည်းဟာ လွှတ်တော်ပဲဖြစ်



နေပြည်တော် စက်တင်ဘာ ၃၀

**(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

**လေးစားအပ်ပါသော အာဆီယံပါလီမန်များ ညီလာခံဥက္ကဋ္ဌ၊ အာဆီယံပါလီမန် အသီးသီးမှ ဥက္ကဋ္ဌများ၊ ပါလီမန်ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နဲ့ ဧည့်သည်တော်များရှင့်-**

ဒီကနေ့ (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားမှာ အဖွင့်မိန့်ခွန်း ပြောကြားခွင့်ရတဲ့အတွက် ကျေးဇူးဥပကာရ အထူးပင်တင်ရှိကြောင်း ပြောကြားလိုပါတယ်။ ယခုနှစ် အာဆီယံပါလီမန်များ ညီလာခံကို ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းလက်ထက်မှာ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရရှိတဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

ဒီကနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ လူကြီးမင်းများအားလုံး၊ ဒီညီလာခံကို ထောက်ခံကြောင်း ပြောကြားခဲ့ကြတဲ့ အာဆီယံခေါင်းဆောင်များအားလုံးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

လွှတ်တော်မရှိဘဲ နှစ်ပေါင်းများစွာကြာမြင့်ခဲ့တဲ့ မြန်မာနိုင်ငံဟာ ၂၀၁၁ ခုနှစ်မှာ လွှတ်တော်ပြန်လည်ပေါ်ပေါက်လာပြီး နောက်ပိုင်းကစလို့ အာဆီယံပါလီမန်များ ညီလာခံကို တက်ရောက်ပါဝင်ခဲ့တာ


*စာမျက်နှာ ၅ ကော်လံ ၁*


## (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားကျင်းပ





**နေပြည်တော် စက်တင်ဘာ ၃၀**

(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အမှတ်(၁) (MICC – 1)ကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်း၊ အာဆီယံပါလီမန်များ ညီလာခံသီချင်း၊ အာဆီယံသီချင်းနှင့် ပြည်ထောင်စုအင်အားသီချင်းတေးသရုပ်ဖော်အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အာဆီယံပါလီမန်များ ညီလာခံဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက အာဆီယံပါလီမန်များညီလာခံကို ပထမဦးဆုံးအကြိမ် လက်ခံကျင်းပရသည့်အတွက် ပြည်ထောင်စုလွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များအတွက် များစွာဂုဏ်ယူဖွယ်ဖြစ်ပါကြောင်း၊ ၂၀၁၁ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ


*စာမျက်နှာ ၄ ကော်လံ ၁*


**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ အာဆီယံပါလီမန်များ အထွေထွေညီလာခံဖွင့်ပွဲကို မောင်းတီးခတ် ဖွင့်လှစ်ပေးစဉ်** (သတင်းစဉ်)




မြန်မာ့အလင်း

# မြို့ပြဖွံ့ဖြိုးရေးနှင့် မြို့သစ်တည်ဆောက်ခြင်း ပြဿနာ

ရန်ကုန်မြို့ ကြည့်မြင်တိုင်တစ်ဖက်ကမ်းတွင် အကောင်အထည်ဖော်မည့် ရန်ကုန်မြို့သစ်စီမံကိန်းကို တစ်နှစ်အတွင်း စတင်အကောင်အထည်ဖော်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်နေပြီး လွှတ်တော်မှ အတည်ပြုပြီးပါက တင်ဒါခေါ်သွားမည်ဖြစ်ကြောင်း သတင်းများအရ သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်မည့် စီမံကိန်း ၂၄ ခုကို လွှတ်တော်သို့ ပေးပို့ထားပြီး ထိုစီမံကိန်းများအနက် ယခုနှစ်အတွင်း စတင်အကောင်အထည်ဖော်မည့် စီမံကိန်း ၁၁ ခုတွင် အဆိုပါ ရန်ကုန်မြို့သစ်စီမံကိန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ယခုအကောင်အထည်ဖော်မည့် မြို့သစ်မှာ ကြည့်မြင်တိုင် တစ်ဖက်ကမ်း တွံတေးနှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်များရှိ မြေကေစုစုပေါင်း နှစ်သောင်းကျော် ပါဝင်သည်ဟု ဆိုပါသည်။ ဤနေရာမှာ ပြီးခဲ့သည့် အစိုးရလက်ထက်က ပွင့်လင်းမြင်သာမှုမရှိဘဲ ပုဂ္ဂလိကကုမ္ပဏီသုံးခုအား လက်သိပ်ထိုး ပေးအပ်ဆောင်ရွက်စေခဲ့သည်ဟု ဝေဖန်မှုများထွက်ပေါ်ခဲ့သော နေရာဖြစ်ပါသည်။ ယခင်က ဤနေရာကို ကုမ္ပဏီသုံးခုမှသာ အကောင်အထည်ဖော်ရန် ဖြစ်ပြီး ယခုပုံစံမှာ တိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တင်ဒါခေါ် ယှဉ်ပြိုင်ပြီး ခွင့်ပြုမည်ဟု ဆိုပါသည်။

ရန်ကုန်မြို့၏လူဦးရေတိုးပွားလာမှုနှုန်းအရ မြို့သစ်တည်ဆောက်ရန် လိုအပ်သည်ဟု မြို့ပြပညာရှင်အများကလက်ခံကြသည်။ မြို့သစ် တည်ဆောက်ရန်နေရာများလည်း လျာထားပြီးသားများ ရှိနေပါသည်။ ရန်ကုန်အရှေ့ပိုင်း၊ ရန်ကုန်အနောက်ပိုင်း၊ သန်လျင်၊ ဒလ၊ ထန်းတပင်၊ မှော်ဘီ၊ လှည်းကူး စသဖြင့် ဦးစားပေး'၇'နေရာတွင် ယခုရန်ကုန်အနောက်ပိုင်းကို အဦးဆုံး ရွေးချယ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် နဝတ၊ နအဖ အစိုးရများလက်ထက်မှစ၍ မြို့သစ်တည်ဆောက်ခြင်းကိစ္စများ များပြားလာခဲ့သည်။ မြို့သစ်အများစုမှာ အလွန်လွယ်ကူသော ဖြတ်လမ်းနည်းများဖြင့် တည်ဆောက်ခဲ့ကြသည့်အတွက် အချို့မှာ ယနေ့ထက်တိုင် အခြေခံအဆောက်အအုံ လိုအပ်ချက်များ ပြည့်မီခြင်းမရှိ၊ လူစည်ကားခြင်းမရှိဘဲဖြစ်နေသည်ကို တွေ့နိုင်ပေသည်။ ထို့အပြင် မူလဆောက်စဉ်ကပါဝင်ခဲ့သော စာသင်ကျောင်း၊ ပန်းခြံ၊ ကစားကွင်းနှင့် အများဆိုင်ရာနေရာများကို နောက်တက်လာသူ အာဏာပိုင်အဆက်ဆက်က အကွက်ရိုက် ခွဲဝေယူကြခြင်းအားဖြင့် အများပြည်သူအတွက် ဘာမျှမကျန်လောက်အောင် ဖြစ်စေခဲ့သည်။ ဒဂုံမြို့သစ်(မြောက်ပိုင်း)၄၀နှင့် ၄၁ ရပ်ကွက်ကြားတွင် မူလကချန်ထားခဲ့သော ပေ ၃၀၀ လမ်းမကြီးတစ်ခုရှိသည်။ ယင်းလမ်းမကြီးကိုလည်း နောက်ပိုင်းကာလတွင် အကွက်ရိုက်ခွဲဝေလိုက်ခြင်းအားဖြင့် မြို့အင်္ဂါရပ်များမပီမပြင်ဖြစ်စေခဲ့သည်။

မြို့သစ်တည်ဆောက်ခြင်းမှာ အမှန်တကယ် လိုအပ်ပါသည်။ သို့သော် ကျောခင်းစရာနေရာ အမှန်တကယ်လိုအပ်သူများလက်သို့ ရောက်ဖို့လည်း လိုအပ်နေပါသည်။ လက်ရှိဖွံ့ဖြိုးတိုးတက်မှုပုံစံအရ ရန်ကုန်မြို့သည် လာမည့် ၁၀ နှစ်မှ အနှစ် ၂၀ အတွင်း လူဦးရေ ၁၀ သန်း အထက် ရောက်ရှိလာမည့် **Mega City** တစ်ခု ဖြစ်လာမှာဖြစ်သည်။ ထို့ကြောင့် လာမည့် အနာဂတ်ကာလတွင် သန်းနှင့်ချီသောအိမ်ရာများ လိုအပ်မည်ဖြစ်ပါသည်။

တရုတ်ပြည် ချုံကင်းမြို့မှာ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်အတွင်း လူဦးရေ ၁၆ သန်းခန့်မှ ၃၂ သန်းကျော်အထိ တိုးပွားလာခဲ့သည်။ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးမြို့ကြီးအဖြစ် နေ့ချင်းညချင်းဆိုသလို ဖြစ်လာခဲ့ရာ တိုးပွားသော လူဦးရေနှင့်အညီ မြို့ပြကို တည်ဆောက်ခဲ့ကြခြင်းမှာ ပြောစမှတ်ပြုလောက်သော အတွေ့အကြုံများဟု ဆိုပါသည်။ မြို့ပြချဲ့ရာတွင် ပါဝင်လာသော သန်းပေါင်းများစွာသော လယ်သမားများအတွက် ၂၅ ထပ်တိုက် ထောင်ပေါင်းများစွာနှင့် အလုပ်အကိုင်များပါ ဖန်တီးပေးရခြင်း ဖြစ်ပါသည်။

တရုတ်အတွေ့အကြုံအရ မြို့ပြများတည်ဆောက်ရာတွင် နိုင်ငံတော်မှ တာဝန်ခံကြီးကြပ်တည်ဆောက်ပြီး ပုဂ္ဂလိကများကို အစိတ်အပိုင်းများ အလိုက်သာ ပါဝင်စေခြင်းဖြစ်သည်။ မြေယာများကို လက်ဦးမှုရှိစွာ ဝယ်ယူထားပြီး အမြတ်ထွက်အောင်လုပ်ခြင်းများကို ခွင့်မပြုပေ။ ထို့ကြောင့် မြို့သစ်တည်ဆောက်ခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်သော လူလတ်တန်းစားများနှင့် အိမ်မဲ့ယာမဲ့များအတွက် အဆင်ပြေစေရန် ဦးစားပေး စဉ်းစားရမည်သာဖြစ်ပါကြောင်း တင်ပြရပါသည်။ ။




## မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးခြင်းများ လှည့်လည်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်သိန်း ဦးစီးသည့်တပ်ဖွဲ့ဝင်များက မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် စက်တင်ဘာ ၂၃ ရက် မှ ၂၆ ရက်အထိ ကချင်ပြည်နယ်ရှိ မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးကောင်း၊ မိုးညှင်းမြို့နယ်များသို့ လှည့်လည်ပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ**

# ရန်ကုန်မြစ်တစ်ဖက်ကမ်း စက်ဆန်းတိုက်နယ်ဆေးရုံသစ်ဖွင့်

**ရန်ကုန် စက်တင်ဘာ ၃၀**

ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်မြစ် တစ်ဖက်ကမ်းရှိ စက်ဆန်း၊ အောက်ရုံ၊ အလတ်ချောင်းရပ်ကွက်ကိုယ်စားပြု ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၈ ရက်က စက်ဆန်းအပိုင်ရပ်ကွက်၌ ဖွင့်လှစ်ခဲ့သည်။



အဆိုပါ ဆေးရုံသစ်ကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နန္ဒအောင်နှင့် တိုင်းကျန်းမာရေး၊ ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဦးသာထွန်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက အမှာစကား ပြောကြားခဲ့သည်။ စက်ဆန်းတိုက်နယ်ဆေးရုံကို ၂၀၁၄ ခုနှစ် မတ်လ ၁၂ ရက်နေ့က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇွန်လအတွင်း အချောသပ်ပြီးစီးခဲ့ရာ ယခု ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် ဖွင့်ပွဲပြုလုပ်ခြင်းဖြစ်သည်။

တိုက်နယ်ဆေးရုံတွင် အထွေထွေရောဂါထိခိုက်ဒဏ်ရာရရှိမှုနှင့် အသေးစိတ်ခွဲစိတ်ကုသမှုလူနာများ၊ မီးယပ်သားဖွားနှင့် ကူးစက်ရောဂါများကို ကုသပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ဆေးရုံ၌ လက်ထောက်ဆရာဝန်တစ်ဦး၊ အထက်တန်း သူနာပြုတစ်ဦး၊ သူနာပြု(အနီ) တစ်ဦးနှင့် အထွေထွေလုပ်သားတို့ရှိမည်ဖြစ်ကြောင်း ကြည့်မြင်တိုင်မြို့နယ် ဆရာဝန်ကြီး ဦးခင်မောင်လွင်က ပြောသည်။

ကြည့်မြင်တိုင်မြို့နယ်အတွင်း ရန်ကုန်မြစ်တစ်ဖက်ကမ်းတွင် ကျေးရွာပေါင်း ၁၁ ရွာကိုစုစည်း၍ ရပ်ကွက်ကြီးလေးရပ်ကွက်အဖြစ် ဖွဲ့စည်းထားခြင်းဖြစ်ရာ လူဦးရေ ၄၀၀၀၀ ကျော် နေထိုင်ကြပြီး လမ်းပန်းဆက်သွယ်ရေးမှာ စက်တပ်သမ္ဗန်များဖြင့်သာ သွားလာနေကြရကြောင်း သိရသည်။

ဒေသခံတစ်ဦးဖြစ်သည့် ဦးတင်စိန်က "အခုလို တိုက်နယ်ဆေးရုံကြီး ဖွင့်လှစ်ပေးနိုင်တာကို ဒေသခံတစ်ဦး အနေနဲ့ ဝမ်းသာမိပါတယ်။ အားလည်းကိုးပါတယ်။ ဆေးရုံမှာ ဆေးအစ၊ ဆရာဝန်၊ သူနာပြုအဆုံး အမြဲရှိနေဖို့ လိုပါတယ်။ တည်ဆောက်ပြီး တစ်နှစ်ခွဲ အကြာလောက်မှ ဖွင့်နိုင်ခဲ့ပါတယ်။ ဆေးရုံသုံးပစ္စည်း မစုံလင်တာရယ်၊ ထိုင်မယ့် ဆရာဝန်မရှိတာရယ်တွေနဲ့ အချိန်တွေလင့်ခဲ့ရပါတယ်။ ကျန်းမာရေးဆိုတာ အချိန်နဲ့ အမျှ အရေးကြီးပါတယ်" ဟု ပြောသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ကိုကြီးတင်**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြု စုပေါင်းသွေးလှူ

**မော်လမြိုင် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် အထွေထွေရောဂါကုဆေးရုံကြီးရှိ သွေးလှူဘဏ်တွင် သတင်းရဲတပ်ဖွဲ့ အမှတ်(၅)တပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးကြီး ဝင်းမြင့်နှင့် အမှတ်(၅/၁) ဒုတိယတပ်ဖွဲ့ခွဲမှ ရဲမှူးအေးလွင်တို့ ဦးဆောင်သောတပ်ဖွဲ့ဝင်များသည် စက်တင်ဘာလ စတုတ္ထပတ်က စုပေါင်းသွေးလှူခဲ့ကြရာ ပြည်နယ်ကုသရေးဦးစီးဌာနဦးစီးမှူးနှင့် ပြည်နယ်အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာ မောင်မောင်ဇင်၊ ရောဂါဗေဒ ဆရာဝန်ကြီး ဒေါက်တာသန်းထိုက်တို့က သွေးများလက်ခံယူခဲ့ပြီး ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ယင်းနောက် သွေးလှူဒါန်းသည့် သတင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအား ဒုတိယရဲမှူးကြီး ဝင်းမြင့်နှင့် ရဲမှူးအေးလွင်တို့က ဒုတိယတပ်ဖွဲ့ခွဲမှူးရုံး၌ အစားအသောက်နှင့်ဆေးဝါးများ ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၃၀-၉-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေစျေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၅၀၀၀ |

**စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၆၀/၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၅/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၄၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၉၀/၆၀၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၅၅·၀ |
| ဥရောပ | တစ်ယူရို | ၁၄၀၇·၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၈· ၈၁ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၁၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၈ · ၇၇၃ |
| တရုတ် | တစ်ယွမ် | ၁၈၈ · ၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ · ၃၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် အာဆီယံနိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အာဆီယံပါလီမန်များ အစည်းအရုံး အတွင်းရေးမှူးချုပ်တို့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အာဆီယံပါလီမန်များ အစည်းအရုံး အတွင်းရေးမှူးချုပ်တို့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် (၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ကိစ္စရပ်များနှင့် အာဆီယံလွှတ်တော် အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် အာဆီယံနိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အာဆီယံပါလီမန်များ အစည်းအရုံး အတွင်းရေးမှူးချုပ်တို့အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

# နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မဒမ် ငုယင်သီကင်ငမ်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လွှမ်းထွီဖူးအုန်း တက်ရောက်သည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မဒမ် ငုယင်သီကင်ငမ်းအား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

## တောင်အာဖရိကနိုင်ငံ သံအမတ်ကြီးအဖြစ် ဦးမြင့်ဆွေအား ခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေအား တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## လွှတ်တော်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကူညီပံ့ပိုးရေး၊ ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် UNDP မှ Country Director Mr.Peter Batchelor အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကူညီပံ့ပိုးရေး၊ ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် UNDP မှ Country Director Mr.Peter Batchelor တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)



## စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ပြည် စက်တင်ဘာ ၃၀**

ပြည်မြို့နယ် ဝက်ထီးကန်မြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၅)ကြိမ်မြောက် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲက အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်းရုံးရှေ့၌ ကျင်းပခဲ့သည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဝက်ထီးကန်နယ်မြေအတွင်းရှိ သံဃာတော်များအား ငွေကျပ် ၁၅၁၀၅၀၀ တန်ဖိုးရှိ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီးမောင်ဝင်းနှင့် တပ်ဖွဲ့ဝင်မိသားစုများနှင့် ပြည်သူများက စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုသောအားဖြင့် သန့်ရှင်းရေးပြုလုပ်

**အင်းတော် စက်တင်ဘာ ၃၀**

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် အင်းတော်မြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဆွေညွန့်၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး တင်ယုနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးအောင်ဇော်ဦးတို့ ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ကျော်လင်းနှင့် ဝန်ထမ်းများသည် စက်တင်ဘာ ၂၅ ရက် နံနက် ၇ နာရီက အင်းတော်မြို့ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ကိုနိုင်(အင်းတော်)**




(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံဖွင့်ပွဲအခမ်းအနားတွင် အာဆီယံပါလီမန်များညီလာခံဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

❍ *ရှေ့ဖုံးမှ*

ဖနောင်ပင်မြို့တွင် ကျင်းပခဲ့သော (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံတွင် ပြည်ထောင်စုလွှတ်တော်သည် အာဆီယံပါလီမန်များ ညီလာခံ၏ တင်းပြည့်အဖွဲ့ဝင်ဖြစ်လာခဲ့ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်သည် အာဆီယံပါလီမန်များညီလာခံတွင် သက်တမ်းအနုဆုံးလွှတ်တော်တစ်ရပ် ဖြစ်သော်လည်း ညီလာခံအောင်မြင်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းအားထုတ်ရန် သန္နိဋ္ဌာန်ချထားပါကြောင်း။

ယနေ့ကာလတွင် မိမိတို့နိုင်ငံသားများသည် အရေးတကြီးနှင့် အဆောတလျင် ဆောင်ရွက်ရမည့် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရပါကြောင်း၊ မိမိတို့၏ စီးပွားရေးတွင်လည်း တစ်နိုင်ငံ၏ လုပ်သားများနှင့် သွင်းကုန်များကို တစ်နိုင်ငံက လိုအပ်လျက်ရှိနေသည့် အခြေအနေဖြစ်ပါကြောင်း၊ ယင်းအခြေအနေနှင့် ညှိရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်ရန် မိမိတို့နိုင်ငံများတွင် မျှတစွာ မဆောင်ရွက်နိုင်ကြသေးပါကြောင်း။

ယင်းရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်သည့် စိန်ခေါ်မှုသည် မိမိတို့အားလုံး ကြုံတွေ့နေရသည့် အခြားစိန်ခေါ်မှုများဖြစ်သည့် လူကုန်ကူးခြင်းနှင့် ကျား/မ တန်းတူ မရှိမှုတို့နှင့် ဆက်စပ်လျက်ရှိပါကြောင်း။

စိန်ခေါ်မှုနောက်တစ်ခုမှာ မိမိတို့၏ သဘာဝပတ်ဝန်းကျင် ကာကွယ်ခြင်းနှင့် သဘာဝအရင်းအမြစ်များကို အသုံးပြု၍ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်းပင်ဖြစ်ပါကြောင်း၊ အဆိုပါစိန်ခေါ်မှုများနှင့်အတူ အနာဂတ်ကာလတွင် ဖြစ်ပေါ်လာမည့် စိန်ခေါ်မှုများကို မိမိတို့အနေဖြင့် ကျော်လွှားရမည်ဖြစ်ပါကြောင်း၊ ယနေ့ မိမိတို့အားလုံး နေပြည်တော်တွင် တွေ့ဆုံကာ အထက်ပါရင်ဆိုင်မှုများကို ကျော်လွှားနိုင်ရန် ဆွေးနွေးကြပြီး ဆုံးဖြတ်ချက်များနှင့် ဥပဒေများကို အဆိုပြုကြမည်ဖြစ်ပါကြောင်း၊ အာဆီယံအသိုက်အဝန်းတွင် ပြည်သူများကို အလုပ်အကျွေးပြုရန် သန္နိဋ္ဌာန်ချထားမှု၊ ချစ်ကြည်ရင်းနှီးမှု၊ စိတ်ကောင်းစေတနာထားမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အခိုင်အမာသက်သေပြလိုက်ခြင်းပင်ဖြစ်ပါကြောင်း၊ ယခု အာဆီယံပါလီမန်များညီလာခံကို အောင်မြင်စွာ ကျင်းပခြင်းအားဖြင့် ပြည်သူတို့အတွက် မိမိတို့အနေဖြင့် ဒီမိုကရေစီအရေးကို အလေးထားပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြသနိုင်မည်ဖြစ်သကဲ့သို့ အာဆီယံ၏ စည်းလုံးညီညွတ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ကမ္ဘာသို့ ပြသနိုင်မည်ဖြစ်ပါကြောင်း။

အာဆီယံ ပါလီမန်များအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ညီလာခံတွင် တက်ကြွစွာ ပါဝင်ခြင်းအားဖြင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ကျွမ်းကျင်မှုတို့ကို မျှဝေပေးပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ခွန်းအားသီးခြားဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများက အာဆီယံပါလီမန်များ ညီလာခံဖွင့်ပွဲကို မောင်းတီးခတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ အာဆီယံပါလီမန်များမှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များ၊ AIPA နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် အာဆီယံပါလီမန်များ မျက်နှာစုံညီ အစည်းအဝေးကို ဆက်လက်ကျင်းပပြီး အာဆီယံပါလီမန် ဥက္ကဋ္ဌများ၊ အာဆီယံဒုတိယ အတွင်းရေးမှူးချုပ်နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ အတွင်းရေးမှူးချုပ်တို့၏ သဘောထား ထုတ်ပြန်ချက်များကို မှတ်တမ်းတင်ဆောင်ရွက်ကြသည်။

အာဆီယံပါလီမန်များ ညီလာခံကို ၁၉၇၅ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ၁၁ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ စတင်ကျင်းပခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပသည့် တတိယအကြိမ်မြောက် ညီလာခံ၌ အာဆီယံပါလီမန်များအဖွဲ့၏ ဖွဲ့စည်းပုံစည်းမျဉ်း (AIPO Statutes) ကို အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့က လက်မှတ်ရေးထိုးခဲ့ကြပြီး AIPO ၏ ဖွဲ့စည်းပုံစည်းမျဉ်း (၁၀)အရ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တစ်နှစ်လျှင်တစ်ကြိမ် အစည်းအဝေးများကို အက္ခရာစဉ်အလိုက် အလှည့်ကျ တာဝန်ယူကျင်းပခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် (၂၇)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံကို လေ့လာသူအဖြစ် စတင်တက်ရောက်ခဲ့ပြီး ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အစည်းအဝေး၌ တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံ၏ ဆောင်ပုဒ်မှာ **အာဆီယံအသိုက်အဝန်း တိုးတက်ထွန်းကားရေး အာဆီယံပါလီမန်များ ညီလာခံက တက်ကြွလှုပ်ရှားပေး**ဖြစ်သည်။

**(သတင်းစဉ်)**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်




# မြန်မာရေးရာ အမှတ်(၁) စာအုပ် ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

မြန်မာ့ဒီမိုကရေစီ ခေတ်ဆန်းချိန်တွင် မြန်မာ့ရေးရာအဖြာဖြာကို စိတ်ဝင်စားသူများအတွက် မြန်မာရေးရာလေ့လာရေးအဖွဲ့ (Centre for Myanmar Affairs Studies) က စီစဉ်သည့် “မြန်မာရေးရာ” အမှတ် (၁) (အောက်တိုဘာ ၂၀၁၆) ထွက်ရှိလာသည်ကို တွေ့ရပါသည်။ မြန်မာရေးရာ အမှတ် ၁ တွင် မြန်မာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုဆိုင်ရာ မြန်မာဆောင်းပါး ၁၇ ပုဒ်၊ အင်္ဂလိပ်ဆောင်းပါး သုံးပုဒ် ပါဝင်သည်။ မြန်မာကဏ္ဍတွင် ဦးဝန် (မင်းသုဝဏ်)၊ တင်ဇ (ရှမ်းပြည်)၊ ဒေါက်တာတင်အောင်၊ ဒေါက်တာမောင်မောင်ကြီး၊ ဘိုးလှိုင်၊ ဒေါက်တာအောင်ကြီး၊ ကျော်လင်းဦး၊ ဇော်အောင်၊ ဇေယျာသူ၊ ဝင့်ထန်း၊ ဘမောင်ညို၊ မင်းတင်၊ မော်လင်း၊ နိုင်ထိုက်၊ ဦးမောင်မောင်ဝင်း (တရားလွှတ်တော်ရှေ့နေ)၊ မြင့်ကျော် (ဇလွန်)၊ မောင်သာမည၊ ယမင်းမြတ်အေးတို့၏ ဆောင်းပါးများ၊ အင်္ဂလိပ်ကဏ္ဍတွင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးထွန်းအောင်ချိန်၊ မင်းဇင်တို့၏ ဆောင်းပါးများ ပါဝင်သည်။

မြန်မာရေးရာလေ့လာရေးအဖွဲ့က မြန်မာရေးရာကို သုံးလတစ်ကြိမ် ပုံမှန်ထုတ်ဝေမည်ဖြစ်ပြီး နယ်ကိုယ်စားလှယ်များ၊ စာအုပ်ဆိုင်များနှင့် တစ်ဦးချင်းမှာကြားလိုသူများအတွက် မြန်မာရေးရာအမှတ် (၁) ကို ဒူဝံစာပေ အမှတ် (၂၁၂) ၃၁ လမ်း (အထက်ဘလောက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်သို့ ဖုန်း-၀၁-၃၈၅၅၉၇၊ ၀၉-၇၃၂၀၃၀၃၂၊ Email: duwunsarpay31upperst@gmail.com တို့သို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံသားအားလုံး ကောင်းကျိုးဖြစ်ထွန်းစေဖို့ ရေရှည်တည်တံ့တဲ့ စီးပွားရေးတိုးတက်မှုတွေဆောင်ကြဉ်းပေးနိုင်ဖို့ ကြိုးပမ်းနေ

● *ရှေ့ဖုံးမှ*

အခုဆိုရင် (၆)ကြိမ်ပြည့်မြောက်ခဲ့ပါပြီ။ ကျွန်မတို့နိုင်ငံမှာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရကတည်းက ပါလီမန်ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခဲ့ပါတယ်။

အဲဒီကာလတုန်းက မြန်မာနိုင်ငံဟာ အာရှမှာ ပါလီမန် ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ အစောဆုံးနိုင်ငံတွေအထဲမှာ ပါခဲ့ပါတယ်။ ဒါပေမယ့် မြန်မြန်ပြေးနိုင်တိုင်း ပြေးပွဲမှာ အမြဲအနိုင်မရနိုင်၊ ခွန်အားကြီးမားတိုင်းလည်း တိုက်ပွဲမှာ အမြဲအနိုင်မရတတ်ဆိုသလိုပဲ ကျွန်မတို့ဟာ ဖြစ်ရပ်ဆိုးတွေနဲ့ကြုံတွေ့ပြီး ပါလီမန်ဒီမိုကရေစီစနစ်ကို ဆုံးရှုံးခဲ့ရပါတယ်။ ဒါပေမယ့်လည်း အမျိုးမျိုးသောအားထုတ်မှုတွေနဲ့မလျှော့သော ဇွဲ လုံ့လတို့ကြောင့် ကျွန်မတို့ဟာ ပြည်သူ့လိုလားချက်ဆန္ဒကို ထင်ဟပ်စေတဲ့ ပါလီမန် ဒီမိုကရေစီလမ်းကြောင်းအပေါ်ကို တစ်ဖန်ပြန်ပြီး ခြေချလျှောက်လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီလွှတ်တော်ဟာ အားမာန်အပြည့်နဲ့ တက်တက်ကြွကြွရှိမယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်။

အာဆီယံပါလီမန်များ ညီလာခံရဲ့ ယခုနှစ်ဆောင်ပုဒ်ကတော့ **“အာဆီယံအသိုက်အဝန်း တိုးတက်ထွန်းကားရေး - အာဆီယံပါလီမန်များ ညီလာခံက တက်ကြွလှုပ်ရှားပေး”**ပဲ ဖြစ်ပါတယ်။ ဒီနေ့အခမ်းအနားကို ကြွရောက်လာကြတဲ့ ကိုယ်စားလှယ်တော်များအနေနဲ့ ဒီဆောင်ပုဒ်ထက်သာလွန်ပြီး ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ကြမယ်ဆိုတာ ယုံကြည်ထားပါတယ်။ ကျွန်မရဲ့အတွေ့အကြုံအရ ကမ္ဘာတစ်ဝန်းက လွှတ်တော် ကိုယ်စားလှယ်တွေဟာ ပါတီတွေ၊ အယူအဆတွေ မတူကွဲပြားနေတဲ့ကြားမှာ အံ့အားသင့်ဖွယ်ရာ ကောင်းလောက်တဲ့ စိတ်ဓာတ်နဲ့ တက်တက်ကြွကြွညီညီညွတ်ညွတ် လုပ်ကိုင်တတ်ကြပါတယ်။ ဒီလိုတက်ကြွတဲ့ စိတ်ဓာတ်ဟာလည်း မဲဆန္ဒရှင်ပြည်သူတွေက သူတို့ကို အပ်နှင်းလိုက်တဲ့ ကြီးလေးတဲ့တာဝန်ဝတ္တရားတွေကို အလေးအမြတ်ထားမှု၊ ဒီတာဝန်တွေကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ အကောင်းမွန်ဆုံး ထမ်းရွက်သွားမယ်ဆိုတဲ့ စိတ်ပိုင်းဖြတ်ထားမှုတွေကြောင့်ပဲ ဖြစ်မှာပါ။

အာဆီယံအဖွဲ့ကြီးဟာ စည်းမျဉ်း စည်းကမ်းကို အခြေခံပြီး ပြည်သူလူထုကို ရှေးရှုဖို့၊ လူထုဗဟိုပြု အသိုက်အဝန်းတစ်ခုဖြစ်လာဖို့ လမ်းစဉ်ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်နေတဲ့ အဖွဲ့ကြီးဖြစ်ပါတယ်။ စည်းမျဉ်းအခြေပြုပြီး လူထုကို အလေးထားတဲ့ လူထုဗဟိုပြုအဖွဲ့အစည်းတစ်ရပ်ဖြစ်စေရန် ရည်ရွယ်ချက်များနဲ့ အာဆီယံအဖွဲ့ကြီးကို ဖွဲ့စည်းထားတာဖြစ်ပါတယ်။ စည်းမျဉ်းအခြေပြုဆိုတာဟာ အထူးသဖြင့် ဥပဒေပြုလွှတ်တော်အမတ်များအတွက် လွန်စွာပဲ အရေးကြီးပါတယ်။ ဥပဒေပြုသူတွေဟာ ဥပဒေကို ချိုးဖောက်သူတွေဖြစ်နေလို့ မရပါဘူး။ လွှတ်တော်တစ်ရပ်လုံးအနေနဲ့ရော သူတို့ကိုယ်တိုင်ကိုယ်ကျပါ ဥပဒေစည်းမျဉ်းတွေနဲ့ လုပ်ထုံးလုပ်နည်းတွေအပြင် ဒီမိုကရက်တစ်အစိုးရရဲ့ ဥပဒေပြုမဏ္ဍိုင်ကို အမှန်တကယ် ကိုယ်စားပြုနေတဲ့ ဥပဒေတွေကိုပါ သိရှိ နားလည်နေရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် စည်းမျဉ်းအခြေပြုပြီး လူထုကို အလေးထားတဲ့ လူထုဗဟိုပြုမူဘောင်များကို အကောင်းဆုံး အကောင်အထည်ဖော်ပေးနိုင်တဲ့ နိုင်ငံတော်အဆင့် အဖွဲ့အစည်းဟာ လွှတ်တော်ပဲ ဖြစ်ပါတယ်။

အာဆီယံရဲ့ လူထုဗဟိုပြုတဲ့ ဒီလမ်းစဉ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံတွေမှာ အကောင်းဆုံးပုံဖော်နေတာက လွှတ်တော်ဆိုတဲ့ အဖွဲ့အစည်းတွေပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း AIPA နဲ့ အာဆီယံအကြား မိတ်ဖက်ဖြစ်တည်မှုဟာ နှစ်ပေါင်းများစွာ တန်ဖိုးကြီးကြီး၊ သိက္ခာရှိရှိ၊ လက်တွေ့ကျကျနဲ့ အခိုင်အမာ တည်ရှိလာခဲ့တာပဲ ဖြစ်ပါတယ်။ ဥပဒေပြုလွှတ်တော်တွေရဲ့ စိစစ်ကြီးကြပ်မှု၊ ထောက်ခံပံ့ပိုးမှုတွေကြောင့် အာဆီယံနိုင်ငံတွေဟာ အာဆီယံရဲ့သဘောတူစာချုပ်တွေကို အတည်ပြုနိုင်ခဲ့ကြပြီး သက်ဆိုင်တဲ့ ဥပဒေတွေကို အချိန်မီပြဋ္ဌာန်းပေးနိုင်ခဲ့တဲ့အတွက် အာဆီယံရဲ့ နိုင်ငံရေးရည်မှန်းချက်တွေကို တရားဥပဒေစိုးမိုးရေးအောက်မှာ လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

မကြာသေးခင်က လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့မှာ အာဆီယံခေါင်းဆောင်တွေနဲ့ AIPA ကိုယ်စားလှယ်တွေအကြား ကျင်းပပြုလုပ်ခဲ့တဲ့ အာဆီယံ ထိပ်သီးအစည်းအဝေးမှာ အကျိုးရှိတဲ့ ဆွေးနွေးမှုတွေ ရရှိခဲ့တဲ့အတွက် အားတက်ခဲ့ရပါတယ်။ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅ နဲ့ ကုလသမဂ္ဂ ရဲ့ ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်တွေ ပြည့်ဝဖို့ ဦးတည်ကြိုးပမ်းဆောင်ရွက်နေတဲ့ ကျွန်မတို့အကြားမှာ ဒီနှစ်တွေ့ဆုံ ဆွေးနွေးမှုလိုပဲ နောင်လာမယ့် နှစ်ပေါင်းများစွာအထိ ဆက်လက်ဆွေးနွေးသွားကြဖို့ မျှော်လင့်ထားပါတယ်။

AIPA အဖွဲ့ကြီးဟာ အာဆီယံဒေသအတွင်းမှာ လူ့အခွင့်အရေးအခြေခံစံနှုန်းတွေ မြှင့်တင်ဖို့၊ ဒီမိုကရေစီ၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ သာယာဝပြောရေးတို့ကို မြှင့်တင်ဖို့ရည်ရွယ်ပြီး ကြိုးပမ်းဆောင်ရွက်နေတာ သိရှိရတဲ့အတွက်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ AIPA အဖွဲ့ကြီးရဲ့ရည်မှန်းချက်တွေဟာ ခရီးရှည်လျားပြီး စိန်ခေါ်မှုတွေ ပြည့်နှက်နေတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းနေတဲ့ ကျွန်မတို့ မြန်မာနိုင်ငံအတွင်းက ဦးစားပေးလုပ်ငန်းစဉ်တွေနဲ့ ထပ်တူထပ်မျှ တူညီနေတာကို သတိပြုမိကြမယ် ထင်ပါတယ်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲမှာ ကျွန်မတို့ အနိုင်ရရှိပြီးတဲ့နောက် ယခုနှစ် မတ်လကုန်မှာ အစိုးရသစ်ကို ဖွဲ့စည်းခဲ့ပါတယ်။ ဒီနေ့မှာဆိုရင် ကျွန်မတို့ အစိုးရသစ်တာဝန်ထမ်းဆောင်ခဲ့တာ ခြောက်လတိတိ ပြည့်မြောက်ခဲ့ပါပြီ။ အခွင့်သင့်ခိုက်မှာ ကျွန်မတို့အစိုးရ ကြိုးပမ်းဆောင်ရွက်နေတဲ့ အဓိကလုပ်ငန်းစဉ်အချို့ကို အကျဉ်းချုံးပြီး တင်ပြလိုပါတယ်။

ကျွန်မတို့ အစိုးရသစ်ရဲ့ ပထမဦးစားပေးလုပ်ငန်းစဉ်ကတော့ ကျွန်မတို့ လူ့အဖွဲ့အစည်းတစ်ခုလုံးမှာရှိတဲ့ အစိတ်အပိုင်းအားလုံးအကြား အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ သဟဇာတဖြစ်ရေးကို ဖော်ဆောင်ဖို့ပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့လမှာပဲ စစ်မှန်တဲ့ ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ဖို့ ခြေလှမ်းတစ်ရပ်အနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ ကျွန်မတို့နိုင်ငံလွတ်လပ်ရေးရရှိချိန်ကစလို့ ဆယ်စုနှစ်နဲ့ချီပြီး ဖြစ်ပွားခဲ့ရတဲ့ပဋိပက္ခတွေကို နိဂုံးချုပ်အဆုံးသတ်နိုင်ဖို့ ယခင်အစိုးရ စတင်ခဲ့တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကျွန်မတို့အနေနဲ့ ပြီးမြောက်အောင်မြင်အောင် လုပ်ဆောင်ပြီး ကျွန်မတို့ ပြည်သူအားလုံး နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တနေတဲ့ ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ကြဉ်းပေးဖို့ ရည်မှန်းထားပါတယ်။

ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားမျိုးနွယ်စုပေါင်း များစွာရှိနေတဲ့အပြင် ဆယ်စုနှစ်နဲ့ချီပြီး ဖြစ်တည်လာခဲ့တဲ့ ယုံကြည်မှု ပြိုကွဲခဲ့တာတွေကြောင့် ရှေ့ခရီးမှာ ရှုပ်ထွေးလှတဲ့စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရမယ်ဆိုတာ ယုံမှားသံသယမရှိပါဘူး။ ဒါပေမယ့်လည်း ပူးပေါင်းဆောင်ရွက်လိုစိတ်၊ အပေးအယူလုပ်ညှိနှိုင်းဆွေးနွေးလိုစိတ်တွေနဲ့ ကျင်းပတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကတစ်ဆင့် ကျွန်မတို့ ပြည်သူအားလုံးအတွက် ငြိမ်းချမ်းလုံခြုံပြီး သာယာဝပြောတဲ့ အနာဂတ်ဆိုတဲ့ ဘုံရည်မှန်းချက်ကို လက်တွေ့ဖော်ဆောင်နိုင်မယ်လို့ ယုံကြည်ထားပါတယ်။

ရခိုင်ပြည်နယ်မှာရှိတဲ့ မတူညီတဲ့ အသိုင်းအဝိုင်းတွေအကြားမှာ သဟဇာတဖြစ်မှုနဲ့ နားလည်မှုတွေ ဆောင်ကြဉ်းပေးနိုင်ဖို့ကိုလည်း ကျွန်မတို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ် အခြေအနေဟာ ရှုပ်ထွေးနက်နဲပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ နယ်နိမိတ်ကို ကျော်လွန်ပြီး အာဆီယံဒေသနဲ့ ပြင်ပကမ္ဘာရဲ့ အာရုံစိုက်စရာ၊ စိုးရိမ်ပူပန်စရာကိစ္စရပ်တစ်ခု ဖြစ်လာနေပါတယ်။ ကျွန်မတို့ အစိုးရသစ် စတင်ဖွဲ့စည်းချိန်က စတင်ပြီးတော့ ဒီစိန်ခေါ်မှုတွေကို ဖြေရှင်းနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနဲ့ တရားဥပဒေစိုးမိုးမှု သေချာခိုင်မာစေဖို့၊ လူဝင်မှုကြီးကြပ်ရေးနဲ့ နိုင်ငံသားစိစစ်ရေး လုပ်ငန်းတွေကို စနစ်တကျစိစစ်ကြပ်မတ်နိုင်ဖို့၊ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ဖို့ ကျွန်မကိုယ်တိုင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ “ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ”ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ဒီစိန်ခေါ်မှုတွေကို ဘက်ပေါင်းစုံ လေ့လာသုံးသပ်ဖြေရှင်းရာမှာ ကျွန်မတို့ကို ကူညီပံ့ပိုးနိုင်ဖို့အတွက် ဒေါက်တာ ကိုဖီအာနန် ဦးဆောင်တဲ့ အကြံပေးကော်မရှင်ကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။

မတူညီတဲ့ အသိုင်းအဝိုင်းနှစ်ခုအကြား နားလည်မှုတွေ၊ သဟဇာတဖြစ်မှုတွေနဲ့ ယုံကြည်မှုတွေတည်ဆောက်နိုင်အောင် ကျွန်မတို့ ကြိုးပမ်းလုပ်ဆောင်နေပါတယ်။ တစ်ချိန်တည်းမှာပဲ ဒီအသိုင်းအဝိုင်း နှစ်ခုအကြားမှာ အမုန်းတရားတွေ၊ သည်းမခံနိုင်မှုတွေနဲ့ အစွန်းရောက်မှုတွေကို ဆန့်ကျင်လိုစိတ်တွေ အခိုင်အမာ ဖြစ်ပေါ်လာအောင်လည်း ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီလို ကြိုးပမ်းဆောင်ရွက်နေတဲ့ အချိန်မှာဒေသတွင်းနိုင်ငံတွေ၊ အိမ်နီးချင်းနိုင်ငံတွေအနေနဲ့ အပြုသဘောဆောင်တဲ့ ပံ့ပိုးကူညီမှုတွေပေးကြဖို့ ကျွန်မအနေနဲ့တောင်းဆိုလိုပါတယ်။ နေ့ချင်း ညချင်း အားလုံးကောင်းအောင်၊ ဘက်စုံတိုးတက်အောင် ဆောင်ရွက်နိုင်ဖို့ မဖြစ်နိုင်ပေမယ့်

> **အစိုးရသစ်ရဲ့ ပထမဦးစားပေးလုပ်ငန်းစဉ်ကတော့ ကျွန်မတို့ လူ့အဖွဲ့အစည်းတစ်ခုလုံးမှာရှိတဲ့ အစိတ်အပိုင်းအားလုံးအကြား အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ သဟဇာတဖြစ်ရေးကို ဖော်ဆောင်ဖို့ပဲဖြစ်**
>
> **နိုင်ငံလွတ်လပ်ရေးရရှိချိန်ကစလို့ ဆယ်စုနှစ်နဲ့ချီပြီး ဖြစ်ပွားခဲ့ရတဲ့ ပဋိပက္ခတွေကို နိဂုံးချုပ်အဆုံးသတ်နိုင်ဖို့ ယခင်အစိုးရ စတင်ခဲ့တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကျွန်မတို့အနေနဲ့ ပြီးမြောက်အောင်မြင်အောင်လုပ်ဆောင်ပြီး ကျွန်မတို့ ပြည်သူအားလုံး နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တနေတဲ့ ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ကြဉ်းပေးဖို့ ရည်မှန်းထား**

ရခိုင်ပြည်နယ်နဲ့ပြည်တွင်းက ပဋိပက္ခကူးစက်ခံ နယ်မြေဒေသတွေမှာ ကောင်းမွန်တဲ့ အပြောင်းအလဲတွေ ရယူဆောင်ကြဉ်းပေးနိုင်ဖို့အတွက် မဆုတ်နစ်တဲ့ ဇွဲလုံ့လနဲ့ ကြိုးပမ်းသွားဖို့ ကျွန်မတို့ ခိုင်ခိုင်မာမာ ဆုံးဖြတ်ထားပြီး ဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့ မြန်မာနိုင်ငံသားအားလုံး ကောင်းကျိုးဖြစ်ထွန်းစေဖို့ ရေရှည်တည်တံ့တဲ့ စီးပွားရေးတိုးတက်မှုတွေ ဆောင်ကြဉ်းပေးနိုင်ဖို့အတွက်လည်း ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ကံကြမ္မာမျက်နှာသာပေးမှုကြောင့် ကျွန်မတို့ နိုင်ငံမှာ သဘာဝသယံဇာတအရင်းအမြစ်မျိုးစုံ ပေါများကြွယ်ဝသလို လေ့လာစူးစမ်းသင်ယူလိုစိတ်ရှိတဲ့ လူငယ်တွေရှိနေပါတယ်။ ပြီးတော့ နိုင်ငံတည်နေရာကလည်း ကမ္ဘာ့အကြီးမားဆုံးဈေးကွက်ကြီးတွေကြားမှာ တည်ရှိနေပါတယ်။ သမိုင်းရဲ့ အကြောင်းတရားတွေကြောင့် ကျွန်မတို့နိုင်ငံဟာ စီးပွားရေးအလားအလာကောင်းတွေကို ဘယ်ခေတ် ဘယ်အခါကမှ အကျိုးရှိရှိ ဖော်ဆောင်နိုင်ခဲ့ခြင်းမရှိသေးပါဘူး။ ဒီကနေ့ ဒီအချိန်မှာတော့ ကျွန်မတို့အစိုးရနဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်မှု၊ ဒေသတွင်းက မိတ်ဆွေနိုင်ငံတွေရဲ့ ကူညီပံ့ပိုးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကြောင့် ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကို တည်ဆောက်နိုင်မယ့် ကြုံတောင့်ကြုံခဲ အခွင့်အလမ်းကြီးတစ်ခု ရရှိနေပြီဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး၊ အမြောက်အမြားလိုအပ်နေတဲ့ အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်ရေး၊ တာဝန်သိ တာဝန်ယူမှုရှိတဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာအောင် တွန်းအားပေးရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ရေးတို့အတွက် ရည်ရွယ်ပြီး စီးပွားရေးမူဝါဒအသစ်ကိုလည်း ထုတ်ပြန်ထားပါတယ်။ အဆွေတော်တို့နိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ အောင်မြင်ဖြစ်ထွန်းနေတဲ့ နည်းလမ်းတွေကိုလည်း ကျွန်မတို့ လေ့လာသင်ယူနိုင်ဖို့ ကြိုးစားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ကျွန်မတို့ အာဆီယံဒေသကြီးတစ်ခုလုံးရဲ့ တိုးတက်မှုကို အထောက်အကူဖြစ်စေပြီး အာဆီယံအသိုက်အဝန်းရဲ့ အနာဂတ်အောင်မြင်မှုကို အားဖြည့်ပေးနိုင်မယ်လို့ ကျွန်မအနေနဲ့ ယုံကြည်ထားပါတယ်။

တစ်ချိန်တည်းမှာပဲ တက်ကြွပြီး တာဝန်ယူမှုရှိတဲ့ ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်လာဖို့ မျှော်မှန်းထားတဲ့ ကျွန်မတို့နိုင်ငံဟာ နိုင်ငံတကာရေးရာကိစ္စရပ်တွေမှာ တာဝန်သိစိတ်အပြည့်နဲ့ ပါဝင်ဆောင်ရွက်နေပါတယ်။ မကြာသေးခင်ကပဲ ကျွန်မတို့ မြန်မာနိုင်ငံဟာ ကမ္ဘာ့ကုလသမဂ္ဂ နျူကလီးယား စမ်းသပ်ဖောက်ခွဲမှုအလုံးစုံ ပိတ်ပင်တားဆီးရေးစာချုပ် UN Nuclear Comprehensive Test Ban Treaty ကို အတည်ပြုပါဝင်ခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိအချိန်မှာ အငြင်းပွားမှုဖျန်ဖြေရေးလုပ်ငန်းစဉ်ဆိုင်ရာ အာဆီယံပဋိညာဉ်စာတမ်းရဲ့ နောက်ဆက်တွဲစာချုပ် Protocol to the ASEAN Charter on Dispute Settlement Mechanisms ၊ အာဆီယံ၏ကင်းလွတ်ခွင့်နှင့် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် ASEAN Agreement on Privileges and Immunities နဲ့အာဆီယံလူကုန်ကူးမှုတိုက်ဖျက်ရေး သဘောတူညီချက် ASEAN convention against Trafficking in Person တွေမှာလည်း အတည်ပြုပါဝင်နိုင်ရေးအတွက် ပြည်တွင်းလုပ်ထုံးလုပ်နည်း အဆင့်ဆင့်ကို အပြီးသတ်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်မတို့ အစိုးရရဲ့အုပ်ချုပ်ရေးပိုင်းနဲ့ ဥပဒေပြုရေးပိုင်းတို့အကြား အပြုသဘောနဲ့ တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်ခဲ့တာတွေဟာ တန်ဖိုးဖြတ်လို့ မရနိုင်ပါဘူး။

ကျွန်မတို့အခုလို အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်နေတဲ့အချိန်မှာ အာဆီယံ ဒေသတွင်းနိုင်ငံတွေဆီက စိတ်ရင်းစေတနာကောင်းနဲ့ စဉ်ဆက်မပြတ် ပံ့ပိုးကူညီမှုတွေဟာ ကျွန်မတို့အတွက် ကြီးမားတဲ့ခွန်အားတွေ၊ အားပေးမှုတွေ ဖြစ်လာစေမှာပါ။

ဒီကနေ့ ဒီအချိန်မှာ ကျွန်မတို့ ကမ္ဘာကြီးဟာ ဘယ်တုန်းကမှ မဖြစ်ထွန်းခဲ့ဖူးတဲ့ ဆက်သွယ်မှု အချိတ်အဆက်တွေ ဖြစ်ပေါ်တိုးတက်လာခဲ့ပြီး ဘယ်လိုနိုင်ငံမှ၊ ဘယ်လိုပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မှ ထီးတည်း ရပ်တည်နိုင်မှာ မဟုတ်သလို၊ ထီးတည်း ရပ်တည်ဖို့လည်းမသင့်တော့ပါဘူး။ ကျွန်မတို့ ရင်ဆိုင်နေရတဲ့ အခွင့်အလမ်းတွေ၊ စိန်ခေါ်မှုတွေကို နိုင်ငံတကာရဲ့ပူးပေါင်းဆောင်ရွက်မှုမပါဘဲ အကောင်အထည်ဖော်ဖို့၊ ရင်ဆိုင်ကျော်လွှားဖို့ မဖြစ်နိုင်ပါဘူး။ ပူးပေါင်းဆောင်ရွက်မှုဆိုရာမှာလည်း အစိုးရရဲ့အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးဆိုတဲ့ မဏ္ဍိုင်ကြီးတွေအားလုံး အချင်းချင်း တစ်ခုနဲ့တစ်ခု အချိတ်အဆက်ရှိရှိ ပူးပေါင်းမှုမျိုးဖြစ်ဖို့ လိုအပ်ပါတယ်။

ဒါကြောင့် AIPA ဟာ အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေတာဖြစ်ပါတယ်။ ဒီညီလာခံကြီးရဲ့ လာမယ့်နေ့ရက်တွေမှာ ဆွေးနွေးမယ့် အကြောင်းအရာတွေရဲ့ကျယ်ပြန့်မှုကို ကြည့်ရင် AIPA ရဲ့အရေးပါမှုကို အထင်အရှား ပြဆိုနေပါတယ်။ ဒီညီလာခံကြီးမှာ ဆွေးနွေးမယ့်အကြောင်းအရာတွေထဲမှာ ဆိုက်ဘာလုံခြုံရေးမြှင့်တင်ရေးကိစ္စ၊ ပင်လယ်ထွက် သဘာဝသယံဇာတများ ကာကွယ်ရေးကိစ္စ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာရတဲ့ အကျိုးဆက်များ လျော့ပါးသက်သာစေဖို့ ဆောင်ရွက်ရေးကိစ္စ၊ အသေးစား၊ အလတ်စား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ပံ့ပိုးရေးကိစ္စနဲ့ ဇီကာ ဗိုင်းရပ်စ်ပိုး ကာကွယ်ရေးကိစ္စတွေ ပါဝင်နေပါတယ်။ ဒီကိစ္စတွေအားလုံးဟာ ကျွန်မတို့ရဲ့ပြည်သူတွေကို တိုက်ရိုက်သက်ရောက်စေမယ့် ကိစ္စတွေဖြစ်ပြီး ထိရောက်တိုးတက်မှုရှိတဲ့ ဖြေရှင်းချက်တွေ ရှာဖွေဖော်ထုတ်နိုင်ဖို့အတွက် ဒီမိုကရေစီပေါင်းစည်းမှုစိတ်ဓာတ်နဲ့ အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ် မတိုင်မီ ကျွန်မအနေနဲ့ ပြီးခဲ့တဲ့အပတ်က ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်ခဲ့စဉ်မှာ ပြောခဲ့တဲ့အပိတ်စကားလေးကို ထပ်မံပြီးပြောချင်ပါတယ်။

ပဋိပက္ခတွေ၊ ဝိဝါဒကွဲလွဲမှုတွေ ဖြစ်ထွန်းရာမြေအဖြစ် ကျွန်မတို့မြန်မာနိုင်ငံကို လူသိများကြပါတယ်။ လောဘ၊ ဒေါသ၊ ကြောက်ရွံ့မှုနဲ့ မသိနားမလည်မှုတွေဟာ လူ့သဘာဝကိုသာမက လူ့အဖွဲ့အစည်းတစ်ခုလုံးကိုပါ ဘယ်လို ဘယ်ပုံ ဖောက်ပြန်ပျက်စီးစေတယ်ဆိုတာကို ကျွန်မတို့ မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရပြီးပါပြီ။ ဒါကြောင့် ဒီကနေ့ အားလုံးကို ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်တာကတော့ ဒေါသတရား၊ အမုန်းတရား၊ အကြောက်တရားနဲ့ မသိနားမလည်ခြင်း တရားတွေနဲ့ ကြုံတွေ့ရတိုင်း သူတို့နဲ့ ဆန့်ကျင်ဘက်က ရပ်တည်ပေးကြပါ၊ ကရုဏာတရား၊ အကြင်နာ မေတ္တာတရားနဲ့ တစ်ပါးသူရဲ့ ပျော်ရွှင်မှုကို ဆောင်ကြဉ်းပေးနိုင်မယ့် လမ်းကြောင်းကိုသာ ရှာဖွေလျှောက်လှမ်းကြပါဆိုတာပဲ ဖြစ်ပါတယ်။

ကျွန်မတို့ အာဆီယံအဖွဲ့အစည်းကြီးရဲ့ မူဝါဒတွေနဲ့ ဆောင်ရွက်ချက်တွေဟာ လူသားဂုဏ်သိက္ခာနဲ့ အခြေခံလူ့အခွင့်အရေးတွေကို အရင်းတည်ပြီးတော့ ပေးဆပ်ခြင်းကို ရယူခြင်းထက် အမှန်တကယ် တန်ဖိုးထားတဲ့ အသိုက်အဝန်းတစ်ခုအဖြစ် ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ အခြားအဖွဲ့အစည်းတွေ၊ အခြားအသိုက်အဝန်းတွေက စံနမူနာပြု အတုယူရတဲ့ စံပြအဖွဲ့အစည်းတစ်ခုအဖြစ်မြင်တွေ့ချင်ပါတယ်။ ပြည်သူ့အရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ရခြင်း၊ ပြည်သူတွေအတွက် ကမ္ဘာကြီးရဲ့စိန်ခေါ်မှုတွေကို ရင်ဆိုင်ပြီး မားမားမတ်မတ်ရပ်တည်ပေးရခြင်း၊ ကိုယ်စားလှယ်သက်တမ်းကုန်ဆုံးတဲ့အခါမှာ ကျွန်မတို့ ပြည်သူများအတွက်ရော ကျွန်မတို့ကိုယ်တိုင်အတွက်ပါ ဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားများကို ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်ခဲ့တယ်ဆိုတာ ပြောနိုင်ခြင်းလောက် ဂုဏ်ယူစရာကောင်းတာ ဘာမှမရှိဘူးဆိုတာကို ကျွန်မအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို သတိပေးပြောကြားလိုပါတယ်။

ဒီကနေ့ ဖွင့်လှစ်တဲ့ (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံကြီး အောင်မြင်ပါစေကြောင်း၊ အဆွေတော်တို့အားလုံးလည်း နေပြည်တော်မှာ အကျိုးရှိတဲ့ ပျော်ရွှင်ဖွယ်နေ့ရက်တွေကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

ကျေးဇူးတင်ပါတယ်။

# အမျိုးသမီးများ၏ လူမှုဘဝလုံခြုံမှုရရှိစေရေးနှင့် အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များ အထူးအလေးထားဆွေးနွေး




(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံ ဖွင့်ပွဲနေ့တွင် Committee on Women Parliamentarians of AIPA အစည်းအဝေးပွဲ ကျင်းပစဉ်

**နေပြည်တော်  စက်တင်ဘာ  ၃၀**
(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံ ဖွင့်ပွဲနေ့တွင် Committee on Women Parliamentarians of AIPA အစည်းအဝေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ The Hotel Royal ACE ရန်ကုန်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ၏ဇနီး သုံးခွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်စုစုလွင်က WAIPA ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အာဆီယံပါလီမန်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသမီးလွှတ်တော်အဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ၏ ဇနီး သုံးခွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်က အဖွင့်အမှာစကားပြောကြားရာ၌ အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေးကိစ္စရပ်များတွင် အမျိုးသားများနှင့် တန်းတူရည်တူအခွင့်အရေးရရှိရေးနှင့် ခွဲခြားဆက်ဆံမှု ပပျောက်စေရေးဆိုင်ရာများ၊ အမျိုးသမီးများကို လူကုန်ကူးခံရခြင်းမှ အကာအကွယ် ပေးရေးနှင့် ဥပဒေအရ ကာကွယ်စောင့်ရှောက်ပေးရေးဆိုင်ရာများ၊ အမျိုးသမီးများ၏ လူမှုဘဝလုံခြုံမှုရရှိစေရေးနှင့် အမျိုးသမီးများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များ အပေါ် အထူးအလေးထား ထည့်သွင်းဆွေးနွေးရန် တိုက်တွန်းပြောကြားသည်။

အစည်းအဝေးတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအတွက် လုပ်ထုံးလုပ်နည်းများ၊ လူမှုရေးအရ ကာကွယ်ပေးခြင်းနှင့်တန်းတူညီမျှ အခွင့်အရေးပေးခြင်းဖြင့် အာဆီယံနိုင်ငံများရှိ အမျိုးသမီးများအတွက် သင့်တင့်လျောက်ပတ်သော လုပ်ငန်းခွင် ဖန်တီးပေးရေးတို့ကို အတည်ပြုဆွေးနွေးခဲ့ပြီး အာရှတစ်ဝန်းရှိ အမျိုးသမီးဝန်ထမ်းများ၏ မီးဖွားခြင်းဆိုင်ရာ အခွင့်အရေးများ တိုးမြှင့်ပေးခြင်းကို အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီ အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးမည်ဖြစ်သည်။

အလားတူ ညနေ ၃ နာရီတွင် အဆိုပါဟိုတယ် တနင်္သာရီခန်းမ၌ Committee on Organizational Matters အစည်းအဝေးပွဲကို ဆက်လက်ကျင်းပရာ ဥက္ကဋ္ဌအဖြစ် အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းက တာဝန်ယူဆောင်ရွက်ပြီး အာဆီယံပါလီမန်များ ညီလာခံ (AIPA) ၏ ရုံးလုပ်ငန်းဆိုင်ရာနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ အချက် ၁၃ ချက်ကို ဆွေးနွေးရာ ၁၁ ချက်ကို အတည်ပြုခဲ့ပြီး ကျန် နှစ်ချက်အား လာမည့် အထွေထွေညီလာခံတွင် ဆက်လက်ဆွေးနွေးအတည်ပြုနိုင်ရန် သဘောတူကြကာ (၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံကျင်းပမည့်နေ့နှင့် နေရာကို သတ်မှတ်ခဲ့သည်။

**(သတင်းစဉ်)**

# (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံ တက်ရောက်လာသူများ၏ အမြင်များ



Mr. Soy Chhay



Mr. Salman Al Farisi



Datuk Seri Dr. Ronald Kiandee



Ms. Rose Marie J. Arenas



Mr. Chanat Ratana-ubol



ဒေါ်ဖြူဖြူသင်း

**အမေး၊အရေး - ကျော်ထိုက်စိုး၊ စိုးသူရ၊ ဓာတ်ပုံ - သုတ**

"အာဆီယံအသိုက်အဝန်း တိုးတက်ထွန်းကားရေး၊ အာဆီယံပါလီမန်များ ညီလာခံက တက်ကြွလှုပ်ရှားပေး" ဟူသော ဆောင်ပုဒ်ဖြင့် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၃ ရက်ထိ မြန်မာနိုင်ငံ၌ ကျင်းပလျက်ရှိပါသည်။

၂၀၁၁ ခုနှစ်တွင် အာဆီယံပါလီမန်များ ညီလာခံသို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့သော မြန်မာနိုင်ငံအနေဖြင့် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးမြှင့်တင်ရန် ရည်ရွယ်ကျင်းပသော အဆိုပါ (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံဖွင့်ပွဲ အခမ်းအနားကို နေပြည်တော်ရှိ MICC-1 ၌ စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ တက်ရောက်လာသည့် အာဆီယံနိုင်ငံများမှ လွှတ်တော်အမတ်များ၏ အမြင်အမျိုးမျိုးကို မေးမြန်းဖြစ်ခဲ့ပါသည်။

**Mr. Soy Chhay**
**ကမ္ဘောဒီးယားလွှတ်တော်အမတ်**
**စီးပွားရေး၊ ဘဏ္ဍာရေး၊ ဘဏ်လုပ်ငန်းနှင့် စာရင်းစစ်ကော်မတီဒုတိယဥက္ကဋ္ဌ**

အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) အသက်ဝင်လာပြီးနောက် ဒီ (၃၇)ကြိမ်မြောက် အာဆီယံလွှတ်တော်ညီလာခံကို မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ် ကျင်းပတာဖြစ်ပါတယ်။ AIPA က အရှိန်အဟုန်နဲ့ ရှေ့ဆက်လျှောက်လှမ်းနေသလို ကြီးမားတဲ့စိန်ခေါ်မှုတွေလည်း ရှိနေပါတယ်။ အာဆီယံနိုင်ငံတွေရဲ့ လွှတ်တော်အချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှုတွေ ကောင်းမွန်ပြီး ဒီညီလာခံကတစ်ဆင့် မျှော်လင့်ချက်တွေ ရရှိအောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံက ပထမဆုံးလက်ခံကျင်းပတဲ့ ဒီအစည်းအဝေးမှာ AIPA အဖွဲ့ဝင်နိုင်ငံတွေက အကြောင်းအရာမျိုးစုံ၊ နယ်ပယ်ပေါင်းစုံဆွေးနွေးပြီး လက်တွေ့ကျတဲ့အောင်မြင်မှုတွေ ထွက်ပေါ်လာမယ်လို့ထင်ပါတယ်။ AIPA အဖွဲ့ဝင်နိုင်ငံတွေအတွက် အကျိုးရှိမယ့် ဖြေရှင်းမှုတွေ၊ အကြံပြုမှုတွေပေးချင်လို့ ဒီညီလာခံကို ကျွန်တော်တို့ တက်ရောက်တာဖြစ်ပါတယ်။

**Mr. Salman Al Farisi**
**လွှတ်တော်ရေးရာအကြီးတန်းအကြံပေးနှင့် သံအမတ်**
**အင်ဒိုနီးရှား**
မြန်မာနဲ့ အာဆီယံနိုင်ငံတွေက လွှတ်တော်တွေကြား နယ်ပယ်အများအပြားမှာ ပူးပေါင်းဆောင်ရွက်မှုတွေ တည်ဆောက်နိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်။ အာဆီယံနိုင်ငံတွေက လွှတ်တော်တွေကြား ကောင်းမွန်တဲ့ သမိုင်းဝင် ပူးပေါင်းဆောင်ရွက်မှုတွေရှိခဲ့ပါတယ်။ လက်တွေ့ကျတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကတော့ ဥပမာ စွမ်းဆောင်ရည် တည်ဆောက်မှုကို ကျွန်တော်တို့ ဘယ်လိုမြှင့်တင်နိုင်တယ်၊ အာဆီယံအသိုက်အဝန်း အထူးသဖြင့် အာဆီယံ စီးပွားရေးအသိုက်အဝန်းနဲ့ အာဆီယံ ယဉ်ကျေးမှုအသိုက်အဝန်း (ACC) ပေါ်ပေါက်လာရေးအတွက် ကျွန်တော်တို့ ဘယ်လိုကြိုတင်ပြင်ဆင်ပြီး အကောင်အထည်ဖော်ဆောင်တယ် စတာတွေဖြစ်ပါတယ်။ အာဆီယံလွှတ်တော်တွေကြား ပူးပေါင်းဆောင်ရွက်မှု အများအပြားရှိတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီ AIPA ညီလာခံက နှစ်စဉ်ကျင်းပလေ့ရှိတဲ့ အခမ်းအနားတစ်ခုဖြစ်ပြီး အာဆီယံလွှတ်တော်တွေကြား ခိုင်မာတဲ့ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ပေးနိုင်မှာဖြစ်ပါတယ်။ အထူးသဖြင့် အာဆီယံပြည်သူတွေရဲ့အသံကို ကမ္ဘာကသိအောင် AIPA က ဘယ်လိုလုပ်ဆောင်ပေးနိုင်မလဲ။ ဒီ AIPA ညီလာခံကို ကျင်းပတာက အနာဂတ်ကာလမှာ မြန်မာနိုင်ငံနဲ့ အာဆီယံကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုတာ သက်သေအထောက်အထားပဲဖြစ်ပါတယ်။ အရေးကြီးဆုံးကတော့ AIPA နဲ့ ပတ်သက်ပြီး ပြည်သူတွေကို ဘယ်လိုအသိပညာပေးမလဲဆိုတာဖြစ်ပါတယ်။ ပြည်သူတွေက လွှတ်တော်နဲ့ အစိုးရတွေကြား ပူးပေါင်းဆောင်ရွက်မှုတွေရှိတယ်ဆိုတဲ့ အသိပညာပေးမှုကို ပြည်သူတွေသိလာရင် အာဆီယံလွှတ်တော်တွေကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာမှာဖြစ်ပါတယ်။

**Datuk Seri Dr. Ronald Kiandee**
**မလေးရှားအောက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ**

မြန်မာနိုင်ငံအနေနဲ့ ပထမဆုံးကျင်းပတဲ့ပွဲဖြစ်သလို AIPA ဥက္ကဋ္ဌအဖြစ်တာဝန်ယူတဲ့ပွဲဖြစ်တဲ့အတွက် အရေးကြီးတဲ့ပွဲဖြစ်ပါတယ်။ AIPA ကို မြန်မာနိုင်ငံအနေနဲ့ အောင်မြင်စွာကျင်းပနိုင်ခြင်းက မြန်မာနိုင်ငံဟာ အာဆီယံရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေမှာသာမက AIPA ရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေမှာပါ ကောင်းမွန်စွာ ပါဝင်ဆောင်ရွက်နိုင်လိမ့်မယ်ဆိုတာ ရှင်းရှင်းလင်းလင်း ပြသလိုက်တာပဲဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့် မြန်မာနိုင်ငံဟာ အာဆီယံရဲ့အစိတ်အပိုင်းတစ်ခု၊ AIPA ရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ခိုင်မာစွာရပ်တည်လာနိုင်မှာဖြစ်ပါတယ်။ AIPA ဟာ လွှတ်တော်အမတ်တွေနဲ့ ဖွဲ့စည်းထားတဲ့အတွက် ပိုပြီးတော့ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ပြောဆိုခွင့် ရရှိရေးအတွက် လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။ အဲလိုလုပ်ဆောင်ရာမှာ အရေးကြီးတဲ့အချက်က အာဆီယံရဲ့ Concept ကို သေချာစွာ သိရှိနားလည်ထားဖို့ လိုအပ်သလို တစ်နိုင်ငံချင်းရဲ့ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်းမှ ရှောင်ရှားရမှာဖြစ်ပါတယ်။ အနာဂတ် AIPA ရဲ့ ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ကတော့ ဒီအစည်းအဝေးကနေ ရရှိလာမယ့် ဆုံးဖြတ်ချက်နဲ့ ရလဒ်ပေါ်မှာမူတည်မှာဖြစ်ပါတယ်။

**Ms. Rose Marie J. Arenas**
**ဖိလစ်ပိုင်လွှတ်တော်ဆက်ဆံရေးနှင့် သံတမန်ကော်မတီဥက္ကဋ္ဌ**

ဒီပွဲဟာ အလွန်ကြီးကျယ်တဲ့ အခမ်းအနားဖြစ်ပါတယ်။ ဒီပွဲကို ကျင်းပခြင်းအားဖြင့် အာဆီယံအသိုက်အဝန်းရဲ့ညီညွတ်မှုနဲ့ မိတ်ဆွေဖြစ်မှုကို ခိုင်မာစေပါတယ်။ ဒီအချက်ဟာ အလွန်အရေးကြီးပါတယ်။ ဒီပွဲကို တက်ရောက်ဖို့ ဖိတ်ကြားတဲ့အတွက်လည်း မြန်မာနိုင်ငံကို ကျေးဇူးတင်ပါတယ်။ မိမိတို့ဖိလစ်ပိုင်အနေနဲ့လည်း လာမယ့်နှစ် စက်တင်ဘာလကျရင် ဒီလိုအခမ်းအနားမျိုး ကျင်းပပြီး မိမိတို့ရဲ့ဖော်ရွေမှုကို ပြသမှာပါ။ မိမိတို့အနေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ကိစ္စတွေကို ဆွေးနွေးမှာပါ။ နိုင်ငံတွေအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတွေကို တိုးတက်အောင် လုပ်ဆောင်သွားမှာပါ။ ဆွေးနွေးမှုတွေလိုအပ်ပါတယ်။

**Mr. ChanatRatana-ubol**
**ထိုင်းအမျိုးသားဥပဒေပြုလွှတ်တော်အဖွဲ့ဝင်**

ကျွန်တော်တို့ ထိုင်းနိုင်ငံအနေနဲ့ လွှတ်တော်ဆိုင်ရာကိစ္စတွေမှာ မြန်မာနိုင်ငံရဲ့အကူအညီ အများကြီးလိုပါတယ်။ လက်တွဲဆောင်ရွက်ဖို့အတွက် အချိန်ကောင်းဖြစ်ပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံကို လူ့အခွင့်အရေးနဲ့ လူသားချင်း ထောက်ထားမှုဆိုင်ရာ အရေးတွေအတွက် အခြားနိုင်ငံတွေက စောင့်ကြည့်နေကြပါတယ်။ ရွှေ့ပြောင်းလုပ်သားတွေအတွက်လည်း ကျန်းမာရေး၊ ပညာရေး အစရှိတဲ့အရေးတွေမှာ ကာကွယ်စောင့်ရှောက်ဖို့ ထိုင်းအနေနဲ့ လုပ်ဆောင်သွားမှာပါ။ ထိုင်းနိုင်ငံအတွက်လည်း လုပ်သားတွေ အများကြီးလိုအပ်နေတဲ့အတွက် သူတို့အတွက် ဥပဒေတွေ လိုအပ်ပါတယ်။ အဲဒီလုပ်သားတွေမှာရှိတဲ့ ရင်သွေးငယ်တွေရဲ့အနာဂတ်လုပဖို့လည်း လုပ်ဆောင်ပေးမှာပါ။ အလုပ်ရှင်တွေအနေနဲ့လည်း

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

# အာဆီယံပါလီမန်များညီလာခံ ဥက္ကဋ္ဌရာထူးနှင့် အာဆီယံပါလီမန်များညီလာခံ အထွေထွေအတွင်းရေးမှူးချုပ်ရာထူး လွှဲပြောင်းပေးအပ်

နေပြည်တော်   စက်တင်ဘာ   ၃၀

**(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ၏ အာဆီယံပါလီမန်များညီလာခံဥက္ကဋ္ဌရာထူးနှင့် အာဆီယံပါလီမန်များ ညီလာခံ အထွေထွေအတွင်းရေးမှူးချုပ်ရာထူး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အမှတ်(၁) (MICC –1) မြခန်းမ၌ ကျင်းပရာ (အောက်ပုံ)ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အာဆီယံပါလီမန်များညီလာခံ ဥက္ကဋ္ဌရာထူးကို လွှဲပြောင်းလက်ခံသည်။**




**အာဆီယံပါလီမန်များညီလာခံဥက္ကဋ္ဌရာထူး၊ အဆောင်အယောင်ဖြစ်သည့် တူနှင့် AIPA အလံတို့ကို ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းထံသို့ လွှဲပြောင်းပေးအပ်စဉ်**

အခမ်းအနားတွင် မလေးရှားနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒါတုရိုနယ်လ် ကီယန်ဒီက နှုတ်ခွန်းဆက်စကားပြောကြားပြီး အာဆီယံပါလီမန်များညီလာခံ ဥက္ကဋ္ဌရာထူး၊ အဆောင်အယောင်ဖြစ်သည့် တူနှင့် AIPA အလံတို့ကို ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အာဆီယံပါလီမန်များ ညီလာခံဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယကမန်းဝင်းခိုင်သန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ပြည်ထောင်စုလွှတ်တော် အနေဖြင့် ဒုတိယသက်တမ်းတွင် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို ပထမဆုံးအကြိမ် လက်ခံကျင်းပရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ အာဆီယံ ပါလီမန်များ အထွေထွေညီလာခံဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော မလေးရှား အောက်လွှတ်တော်ဥက္ကဋ္ဌ တန်စရီ ဒါတုပန်ဒီကာ အာမင်မူလီယာအား အာဆီယံပါလီမန်များ ညီလာခံကို ဦးဆောင် ဦးရွက်ပြုခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ၂၀၁၄ ခုနှစ် (၃၅) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ကျင်းပပြီးစီးသည့် အချိန်မှစ၍ ယခု ၂၀၁၆ ခုနှစ်တွင် ကျင်းပသော (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံအထိ ဥက္ကဋ္ဌတာဝန်ကို ဆက်လက်ထမ်းဆောင်ရန် သဘောထားကြီးမှုသည် အာဆီယံပါလီမန်များ ညီလာခံ၏ အောင်မြင်မှုအတွက် တန်ဖိုးကြီးမားသော လုပ်ဆောင်မှုတစ်ရပ်အဖြစ် မိမိတို့အားလုံးက အသိအမှတ်ပြုပါကြောင်း။

အာဆီယံပါလီမန်များ ညီလာခံ၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ နှစ်စဉ် အထွေထွေညီလာခံ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ပေးသည့် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ပီအိုရမ်အား ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော် အနေဖြင့် ယခုညီလာခံပြင်ဆင်ရေးအတွက် အဆင့်မြင့်ကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့ပြီး အာဆီယံပါလီမန်များ ညီလာခံအဖွဲ့ဝင် လွှတ်တော်များ၊ အထွေထွေအတွင်းရေးမှူးချုပ်ရုံးတို့နှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ညီလာခံသို့ လွှတ်တော်အသီးသီးမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်လာခြင်းနှင့် အမျိုးသမီးလွှတ်တော်ဥက္ကဋ္ဌများ ပါရှိလာခြင်းသည် အားတက်ဖွယ်ဖြစ်ပါကြောင်း၊ (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံ ဥက္ကဋ္ဌအနေဖြင့် ညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အာဆီယံပါလီမန်များ အထွေထွေအတွင်းရေးမှူးချုပ် ရာထူးကို လက်ရှိတာဝန် ထမ်းဆောင်နေသည့် စင်ကာပူနိုင်ငံမှ မစ္စတာ ပီအိုရမ်က ထိုင်းနိုင်ငံမှ Mr. Isra Sunthornvat ထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် အာဆီယံပါလီမန်များ ညီလာခံအမှုဆောင်ကော်မတီ အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

အစည်းအဝေး အပြီးတွင် ပြည်ထောင်စုလွှတ်တော် နာယကသည် ညီလာခံသို့ တက်ရောက်လာသည့် အာဆီယံပါလီမန်များမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ AIPA နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

**(သတင်းစဉ်)**



# (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံ ဂုဏ်ပြုညစာစားပွဲ ကျင်းပ

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ၏ ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်**

**နေပြည်တော် စက်တင်ဘာ ၃၀**

(၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ၏ ဂုဏ်ပြုညစာစားပွဲကို ယနေ့ ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အမှတ်(၁) (MICC–1) ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဦးကျော်ဝင်း၊ အာဆီယံပါလီမန်များမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ AIPA နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မိမိတို့ ဒေသတွင်းရင်ဆိုင်လျက်ရှိသော စိန်ခေါ်မှုအသစ်များကို ကျော်လွှားနိုင်မည့် နည်းလမ်းများ ဆွေးနွေးနိုင်ရန်အတွက် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသည် အာဆီယံပါလီမန်များ၏ တွေ့ဆုံဆွေးနွေးနိုင်မည့် နေရာအဖြစ် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အာဆီယံဒေသအတွင်း နေထိုင်ကြသည့် ပြည်သူသန်း ၆၀၀ ၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်နိုင်ရန်၊ မိမိတို့ ဝေမျှခံစားနိုင်မည့် အကျိုးစီးပွား ဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းရာတွင် ဒေသ၏ နိုင်ငံရေးနှင့် လုံခြုံရေးတည်ငြိမ်မှု ထိန်းသိမ်းရန် ရည်ရွယ်ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း။

အာဆီယံအသိုက်အဝန်းကို တစ်ခုတည်းသော အမြင်၊ တစ်ခုတည်းသော တူညီ ကိုယ်စားပြုမှုနှင့် တစ်ခုတည်းသော အသိုက်အဝန်း ဆောင်ပုဒ်နှင့်အညီ တည်ဆောက်လျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း ထူထောင်ပြီးနောက် ၂၀၂၅ အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက်ကို ဖော်ဆောင်ရန်အတွက် ရှေးရှုနေကြပါကြောင်း၊ ဥပဒေကို အခြေပြုသည့် အားလုံးပါဝင်ပြီး သည်းခံမှုနှင့် အလယ်အလတ် လမ်းစဉ်ကို ဦးတည်သည့် အသိုက်အဝန်းတစ်ရပ်အတွက် မိမိတို့ အတူတကွ ဝိုင်းဝန်းကြိုးပမ်းလျက်ရှိပါကြောင်း။

(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အခွင့်အရေးရရှိသည့်အတွက် ဝမ်းမြောက်ပါကြောင်းကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ အာဆီယံပါလီမန်များ ညီလာခံ အဖွဲ့ဝင် လွှတ်တော်များ၏ ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံအသင်းကြီးနှင့် တူညီသော လမ်းကြောင်းပေါ် လျှောက်လှမ်းနေရသည့်အတွက် ကျေနပ်အားရပါကြောင်း၊ မိမိတို့၏ တူညီသော ပူးပေါင်းဆောင်ရွက်မှုများသည် အောင်မြင်သော အာဆီယံပါလီမန်များ အထွေထွေညီလာခံဖြစ်ရန် ခိုင်မာသေချာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။




ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူတကွ ညစာသုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မင်္ဂလာပါ အာဆီယံယိမ်း၊ မြန်မာ့ဆုတောင်းယိမ်း၊ နတ်တို့ပျော်ရာ ဝတိံသာယိမ်း၊ ကချင်တိုင်းရင်းသားရိုးရာယိမ်း၊ အိုးစည်ဒိုးပတ်ယိမ်း၊ နန်းသိင်္ဂီနန်းတွင်းယိမ်း၊ ခိုင်ပန်းစုံသုံးစုံယိမ်း၊ မြန်မာတိုင်းရင်းသားများနှင့် အာဆီယံ စုပေါင်းယိမ်းအကများ၊ တစ်ခုတည်းသော အာဆီယံသီချင်း၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(ဝဲပုံ)**

**(သတင်းစဉ်)**





# မြန်မာနိုင်ငံအတွင်း ကလေးအလုပ်သမားပပျောက်ရေးအစီအစဉ် လေးနှစ်စီမံကိန်းချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၃၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမေရိကန် ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဒိန်းမတ်နိုင်ငံ၊ ဥရောပသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) တို့ပူးပေါင်း၍ 2nd Stakeholders Forum on Labour Law Reform and Institutional Capacity Building ကို စက်တင်ဘာ ၂၉ ရက် နံနက်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက်အမှာစကား ပြောကြားခဲ့သည်။ **(အောက်ယာပုံ)**




ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ယနေ့ကျင်းပသည့် ဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ အလုပ်သမားရေးရာ ဥပဒေများ ပြုပြင်ပြောင်းလဲရေးကို ပြန်လည်သုံးသပ်ရန်နှင့် စွမ်းဆောင်ရည် တည်ဆောက်ရန်အတွက် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ အလုပ်သမားများ၏အခွင့်အရေးများ၊ လက်တွေ့လုပ်ဆောင်မှုများ၊ အခြေခံမူဝါဒများကို တိုးမြှင့်နိုင်ရန်အတွက် လုပ်ဆောင်မှုတစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများရရှိအောင် လုပ်ဆောင်သည့်အခါတွင်လည်း မဖြစ်မနေ ဆောင်ရွက်သင့်သည့် ဆွေးနွေးပွဲတစ်ရပ်ဖြစ်ပြီး ဆွေးနွေးပွဲတွင် အလုပ်သမားဥပဒေများ၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့်ပတ်သက်ပြီး အရေးကြီးသည့်ကိစ္စရပ်များကို ဦးစားပေးဆွေးနွေးကြမည်ဖြစ်သည့်အတွက် အထူးပင် ဝမ်းမြောက်မိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အလုပ်သမားများအတွက် ပြည်တွင်းနှင့် ပြည်ပ၌ အလုပ်အကိုင်များ ရှာဖွေပေးလျက်ရှိရာ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သည့် အလုပ်သမားများအတွက် တရားမဝင်သွားရောက်မှု လျော့နည်းပပျောက်စေရေး၊ အလုပ်သမားများရပိုင်ခွင့်ရှိသည့် အခွင့်အရေးများအပြည့်အဝရရှိစေရေး၊ ကာကွယ်စောင့်ရှောက်မှုတိုးမြှင့်ပေးနိုင်ရေးတို့ကို အဓိကထားဆောင်ရွက်လျက်ရှိသကဲ့သို့ တိုင်းဒေသကြီး/ ပြည်နယ်များတွင် Migrant Resource Center (MRC) ရုံး ၁၂ ခုကိုဖွင့်လှစ်ပြီး အလုပ်သမားများအတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာနှင့် ဗဟုသုတများ ဖြန့်ဖြူးရေး၊ ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ သတင်းအချက်အလက်များ ရရှိရေး၊ တရားဝင်ရွှေ့ပြောင်းသွားလာခြင်းဖြင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာခြင်းဖြစ်စေရေးကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လူမှုအကာအကွယ်ပေးရေးအနေဖြင့် လူမှုဖူလုံရေးအာမခံအလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် လူမှုဖူလုံရေးစီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအတွင်း ကလေးအလုပ်သမားပပျောက်ရေးအစီအစဉ်အနေဖြင့် ILO နှင့်ပူးပေါင်း၍ (Myanmar Program on Elimination of Child Labour - MYPEC) အစီအစဉ်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ လေးနှစ်စီမံကိန်းချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းကာလအတွင်း ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ National Action Plan ကိုရေးဆွဲရန်လည်း ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ယခု ဒုတိယအကြိမ် ကျင်းပသည့် ဖိုရမ်ကို တက်ရောက်လာသူများအားလုံးက ထိထိရောက်ရောက် ဝိုင်းဝန်းဆွေးနွေးအကြံပြုစေလိုကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် အလုပ်သမားအဖွဲ့အစည်းနှင့် အလုပ်သမားဥပဒေပြုပြင်ပြောင်းလဲရေးကိစ္စရပ်များ၊ အလုပ်သမားရေးရာအငြင်းပွားမှုကိစ္စရပ်များ၊ အလုပ်ရှင်နှင့် အလုပ်သမားသဘောတူစာချုပ် (အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဥပဒေ)နှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို စက်တင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ပွှတ်တန်ဆာမြို့ သီတဂူစက္ခုဒါနဆေးရုံတော်ကြီး နှစ်လအတွင်း ဖွင့်လှစ်နိုင်မည်

**ညောင်လေးပင် စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပွှတ်တန်ဆာမြို့၌ တည်ဆောက်လျက်ရှိသော သီတဂူစက္ခုဒါန ဆေးရုံတော်ကြီးတည်ဆောက်ပြီးစီးမှုနှင့် အချိန်မီ ဖွင့်လှစ်နိုင်ရန်အတွက် စက်တင်ဘာ ၂၉ ရက် ညနေ ၄ နာရီခွဲက သီတဂူဆရာတော်ကြီး ကြွရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မျက်စိဝေဒနာရှင်များအား ဦးဆောင်မတည်လှူဒါန်းလျက်ရှိသော သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာအရှင်ဉာဏိဿရ ကြွရောက်တော်မူလာရာ မဒေါက်မြို့ ပန်းငွေ့ရုံကျောင်းတိုက်ဆရာတော်၊ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်ဆရာတော်၊ ပွှတ်တန်ဆာမြို့ အင်းဝိုင်းကျောင်းတိုက် ဆရာတော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုကြီး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ သောင်းဒန်ဦးတို့က ခရီးဦးကြိုပြုကြသည်။ ဆက်လက်၍ ဆရာတော်ကြီးက အလျား ၁၂၈ ပေ၊ အနံ ပေ ၈၀ ရှိသော ဆေးရုံပင်မဆောင်အတွင်းရှိ စမ်းသပ်ခန်း၊ ခွဲစိတ်ခန်း၊ လူနာဆောင်၊ စတိုခန်း၊ သန့်စင်ခန်း စသည့် အခန်းများအားလုံးနှင့် ဆေးရုံဝင်းအတွင်း ဆောက်လုပ်လျက်ရှိသော တိုးချဲ့လူနာဆောင်၊ ဆရာဝန်များ ထမင်းစားဆောင်၊ အများသုံးထမင်းစားဆောင်၊ အများသုံးသန့်စင်ခန်းဆောင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ PZN ဆောက်လုပ်ရေးကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးဖုန်းကျော်စိုး၊ ဆေးရုံဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဆရာတော်ကြီးက ဆေးရုံတည်ဆောက်ရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေသည်ကို ကျေနပ်အားရတော်မူကြောင်းမိန့်ကြားပြီး ကျန်ရှိနေသော လုပ်ငန်းများ တစ်လအတွင်း အပြီးသတ်နိုင်ကာ နှစ်လအတွင်း ဆေးရုံဖွင့်လှစ်နိုင်ရန်နှင့် မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးနိုင်ရေးတို့ကို အချိန်နှင့်တစ်ပြေးညီ ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မိန့်ကြားတော်မူခဲ့သည်။

**နေလင်း(ညောင်လေးပင်)**

# ရွှေတောင်မြို့နယ်၌ မူခင်းပညာပေးယာဉ် လှည့်လည်ပြသ

**ရွှေတောင် စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးမင်းထိုက်၏ ကြီးကြပ်ညွှန်ကြားမှု၊ ပြည်ခရိုင်ရဲတပ်ဖွဲ့ ယာယီဒုတိယရဲမှူးကြီး မြင့်ကြည်တို့၏ ကြီးကြပ်မှုဖြင့် ပြည်သူလူထုနှင့် ကျောင်းသား ကျောင်းသူများအား ထိရောက်သောမူခင်းအသိပညာများ ရရှိစေရန်ရည်ရွယ်၍ ရွှေတောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး လှငွေဦးစီး၍ စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီက အခြေခံပညာအထက်တန်းကျောင်းနှင့် ရွှေမျက်မှန်ဘုရားဝင်းအတွင်း၌ မူခင်းကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးမှုအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ အသိပညာပေးမှတ်တမ်းပုံများ၊ ပိုစတာများဖြင့် ပညာပေးပြခန်းယာဉ်ဖြင့်ပြသခဲ့ရာ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ပြည်သူလူထုစုစုပေါင်း ၂၇၉၈ ဦး ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အထက်တန်းကျောင်းများ၌ အခွန်ပညာပေးဆွေးနွေး

**ကြည့်မြင်တိုင် စက်တင်ဘာ ၃၀**

ကျောင်းနေအရွယ်ကလေးဘဝမှ အစပြုပြီး နိုင်ငံတော်မှ ကောက်ခံလျက်ရှိသည့် အခွန်အခများအကြောင်း သိရှိနားလည်စေရန်ရည်ရွယ်ချက်ဖြင့် ကြည့်မြင်တိုင်မြို့နယ် အခွန်ဦးစီးရုံးမှ တာဝန်ရှိသူများသည် မြို့နယ်အတွင်းမှ အထကကျောင်းများတွင် ဟောပြောဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။

စက်တင်ဘာ ၂၉ ရက်က အထက(၁)တွင် ဟောပြောဆွေးနွေးပွဲပြုလုပ်ခဲ့ရာ မြို့နယ်အခွန်ဦးစီးမှူး ဦးဘလှိုင်နှင့် ဦးစီးအရာရှိများက နိုင်ငံတော်မှ အခွန်ကောက်ခံရခြင်း၏ရည်ရွယ်ချက်၊ အခွန်အခအဓိပ္ပာယ်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွန်ကောက်ခံရမှုဆက်စပ်ပုံ၊ နိုင်ငံသားတစ်ဦးအခွန်ထမ်းဆောင်ခြင်း၊ အခွန်ကောက်ခံမှု ပြောင်းလဲလာပုံနှင့် ဝင်ငွေခွန်၊ ကုန်သွယ်ရေးခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေထီခွန်၊ အထူးကုန်စည်ခွန်များအကြောင်းကို ဟောပြောဆွေးနွေးခဲ့သည်။

စက်တင်ဘာလဆန်းမှစတင်၍ ဟောပြောဆွေးနွေးပွဲများပြုလုပ်ခဲ့ရာ အထက ကျောင်း ငါးကျောင်းတွင် ဟောပြောပြီးဖြစ်ကြောင်း သိရသည်။

**ကိုကြီးတင်**

# တရုတ်ရေတပ် ရေကြောင်းကာကွယ်ရေးအဖွဲ့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် လာရောက်လည်ပတ်

**ရန်ကုန် စက်တင်ဘာ ၃၀**

တရုတ်ရေတပ် ရေကြောင်းကာကွယ်ရေးအဖွဲ့မှ တိုက်ချင်းပစ် ဒုံးတင်စစ်ရေယာဉ် XIANG TAN နှင့် ZHOU SHAN စစ်ရေယာဉ် နှစ်စင်းသည် ချစ်ကြည်ရေးခရီးစဉ်အဖြစ် ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ရောက်ရှိလာရာ ရေတပ်သင်္ဘောကျောင်းဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်ချုပ်မြင့်ဦးနှင့် တပ်မတော်ရေမှ အရာရှိကြီးများ၊ အရာရှိ/စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr. Hong Liang နှင့် တာဝန်ရှိသူများ၊ တရုတ်ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများနှင့် စီးပွားရေးပညာရှင်တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လာရောက်ကြိုဆိုသူများက စစ်ရေယာဉ်နှစ်စင်းအား တက်ရောက်လေ့လာကြည့်ရှုကြရာ အဆိုပါရေယာဉ်များမှ တာဝန်ရှိသူတို့က စစ်ရေယာဉ်တွင် တပ်ဆင်ထားသော လက်နက်များ၏အသုံးပြုပုံများအကြောင်းကို လိုက်လံရှင်းလင်းပြသသည်။

"(၂၃) ကြိမ်မြောက်အဖြစ် အေဒင်ပင်လယ်ကွေ့မှာ ပင်လယ်ကူးသင်္ဘောတွေအတွက် ခားပြရန်ကာကွယ်ဖို့နဲ့ ဆိုမာလီပင်လယ်ဓားပြတွေကို နှိမ်နင်းဖို့ ငါးလကြာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီကအပြန်မှာ နှစ်နိုင်ငံချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှုတွေတိုးတက်ဖို့အတွက် အခုလို လာရောက်ခဲ့ခြင်းဖြစ်ပါတယ်" ဟု အဆိုပါ တရုတ်ရေတပ် ရေကြောင်းကာကွယ်ရေးအဖွဲ့မှ Senior Captain Mr.Wang Hongli က ပြောသည်။

ယနေ့ရောက်ရှိလာသည့် စစ်ရေယာဉ်နှစ်စင်းသည် အေဒင်ပင်လယ်ကွေ့တွင် ရေကြောင်းကာကွယ်ရေးတာဝန်ပြီးမြောက်ပြီးနောက် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခြင်းဖြစ်ပြီး ခရီးစဉ်အတွင်း နှစ်နိုင်ငံ ချစ်ကြည်ရေးပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

စစ်ရေယာဉ်များတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ရေတပ်မှ RADM Qin Wei, Deputy Director of Political Department, East Sea Fleet, PLA-N ဦးဆောင်သော အရာရှိ/စစ်သည် စုစုပေါင်း ၇၂၈ ဦး လိုက်ပါလာပြီး မြန်မာနိုင်ငံတွင် ချစ်ကြည်ရေး ခရီးစဉ်အဖြစ် ငါးရက်ကြာ လေ့လာလည်ပတ်သွားမည်ဖြစ်သည်။

ခရီးစဉ်တွင် တရုတ်ရေတပ်အရာရှိများသည် မြန်မာ့တပ်မတော်ခေါင်းဆောင်များနှင့် တွေ့ဆုံသွားမည်ဖြစ်ပြီး တစ်ချိန်တည်းမှာပင် နှစ်နိုင်ငံ အောက်ခြေတပ်မတော်သားများကလည်း အပြန်အလှန်လည်ပတ်ကြမည်ဖြစ်ပြီး အားကစားပြိုင်ပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုခရီးစဉ်သည် ၂၀၁၄ ခုနှစ်က တရုတ်ရေတပ်လေ့ကျင့်ရေး သင်္ဘောလာရောက်လည်ပတ်ပြီးနောက်ပိုင်းတွင် ထပ်မံရောက်ရှိလာသောအဖွဲ့ဖြစ်ပြီး နှစ်နိုင်ငံ စစ်ဘက်ခေါင်းဆောင်များကြားရရှိခဲ့သည့် အရေးကြီးသောသဘောတူညီချက်ကို အကောင်အထည်ဖော်ရန်ရည်ရွယ်၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်စေမည့် မဟာဗျူဟာမြောက်ဆက်သွယ်ရေးကို ခိုင်မာအောင်ဆောင်ရွက်ခြင်း၊ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်ဆောင်ရွက်ခြင်းနှင့် တရုတ်-မြန်မာ နားလည်မှုရှိသော မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားဖြည့်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ဇော်ကြီး(ပဏီတ)**

● *ကျော့ဖုံးမှ*

လေးယောက်တွဲပြိုင်ပွဲတွင် မခိုင်ကျော့ကျော့ဝေ၊ ရဲဝင့်ထူး၊ မနားကွီး၊ ချမ်းမြေ့အောင်တို့က ငွေတံဆိပ်၊ ပထမဆုကို ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် လာအိုတို့က ပူးတွဲတတိယ အသီးသီးရရှိထားကြသည်။

ပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ်၊ မြန်မာ၊ ဂျပန်၊ လာအို၊ အာဖဂန်နစ္စတန်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ တရုတ်(တိုင်ပေ)၊ အိန္ဒိယ၊ အီရန် စသည့် ပြိုင်ပွဲဝင် ၁၀ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲကို အောက်တိုဘာ ၂ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

# ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုအမှတ် (၇)အား စီရင်ချက် (အမိန့်) ချမှတ်

**နေပြည်တော် စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစိုးမောင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)က မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတိုးရွှေ(ခ)ဒေါက်တာ တင်ဌေးအောင် (အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) ရရှိသော မဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသော မဲများ မပါရှိခဲ့သော် လျှောက်ထားသူသာလျှင် ခိုင်လုံမဲအများဆုံး ရရှိမည်ဖြစ်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပေးပါရန် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၇၊ ၆၈ အရ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ကန့်ကွက်လွှာ တင်သွင်းထားမှုကို ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၇/၂၀၁၅)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဦးစန်းရွှေ (ဥပဒေကျွမ်းကျင်သူ)နှင့် ဦးဝင်းမော်(ဥပဒေကျွမ်းကျင်သူ) တို့ ခုံအဖွဲ့ဝင်များအဖြစ်ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့ (၁)က ဆက်လက်ကြားနာ စစ်ဆေးပြီးနောက် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးတိုးရွှေ(ခ)ဒေါက်တာတင်ဌေးအောင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်း ဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးစိုးမောင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၏ ကန့်ကွက်လွှာကို စရိတ်နှင့်တကွ ပယ်ကြောင်းနှင့် ရှေ့နေစရိတ် ကျပ်သုံးသောင်းသတ်မှတ်သည့် စီရင်ချက်(အမိန့်)ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲခုံရုံးများမှ ဆုံးဖြတ်ချက် (အမိန့်) ချမှတ်ပြီးသော ရွေးကောက်ပွဲကန့်ကွက်လွှာအမှုပေါင်းမှာ စက်တင်ဘာ ၃၀ ရက်အထိ ၃၄ မှုရှိပြီး အပြီးသတ်အမိန့်ချမှတ်ပြီး နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာခဲ့သော အမှုပေါင်းမှာ ၂၃ မှုရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုရရှိသူများ ကြေညာ

**နေပြည်တော် စက်တင်ဘာ ၃၀**

၂၀၁၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုရသူများ စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

အဆင့်မြင့်ပညာအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို **ပညာပဒေသာ တင့်ဝေဆာ အခရာက မြတ်ဆရာ** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို လားရှိုးတက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာမာလာ၊ ဒုတိယဆုကို ရေနံချောင်း ဒီဂရီကောလိပ် သမိုင်းဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာ ကျော်ဆွေဦးနှင့် တတိယဆုကို လားရှိုးပညာရေးကောလိပ် ပညာရေးစိတ်ပညာဌာနမှ နည်းပြ ဒေါ်စိုးစန္ဒာပြည့်တို့က ရရှိသည်။

အခြေခံပညာအထက်တန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို **ပညာပဒေသာ တင့်ဝေဆာ အခရာက မြတ်ဆရာ** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မကွေးတိုင်းဒေသကြီး မကွေးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ ဒေါ်ဇင်မြတ်ခိုင်၊ ဒုတိယဆုကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အမှတ်( ၂) အခြေခံပညာ အထက်တန်းကျောင်းမှ အထက်တန်းကျောင်းအုပ် ဦးဝင်းဌေး၊ တတိယဆုကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်းမှ အထက်တန်းပြ ဒေါ်ထူးထူးမြင့်တို့က ရရှိသည်။

အခြေခံပညာအလယ်တန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို **ပညာပဒေသာ တင့်ဝေဆာ အခရာက မြတ်ဆရာ** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မကွေးတိုင်းဒေသကြီး မကွေးမြို့အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြ ဒေါ်အေးမြမြအေး၊ ဒုတိယဆုကို ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြ ဒေါ်ဥမ္မာမြိုင်၊ တတိယဆုကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တလိုင်းစု အခြေခံပညာမူလတန်းကျောင်းမှ အလယ်တန်းပြ ဒေါ်သီရိတို့က လည်းကောင်း၊ အခြေခံပညာမူလတန်း အဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို **ပညာပဒေသာ တင့်ဝေဆာ အခရာကမြတ်ဆရာ** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် နားဟီး အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ် ဦးသန့်ဇင်ဦး၊ ဒုတိယဆုကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(တက္ကသိုလ်)မှ မူလတန်းပြ ဒေါ်ခိုင်စုစုထွန်း၊ တတိယဆုကို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ချောက်ပင်ရွာ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ် ဦးသိန်းဇော်တို့က လည်းကောင်း၊ ပညာရေးတက္ကသိုလ် ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို **ဆရာဖန်ဆင်းအလင်းကမ္ဘာ** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရာ ပထမဆုကို မြစ်ကြီးနား ပညာရေးကောလိပ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်းမှ မောင်ကျော်ရန်နိုင်၊ ဒုတိယဆုကို ပြည်မြို့ပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ ဒုတိယနှစ်သင်တန်းသူ မမိုးမိုးအောင်၊ တတိယဆုကို စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ဒုတိယနှစ်သင်တန်းသူ မခိုင်ဇာသွယ်တို့ကလည်းကောင်း ရရှိသည်။

အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများစာစီစာကုံးပြိုင်ပွဲကို **ပညာအလင်းဖြင့် လမ်းပြပေးသူ** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မွန်ပြည်နယ် မုဒုံမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ အဌမတန်းကျောင်းသူ မဟန်မီစံ၊ ဒုတိယဆုကို မကွေးတိုင်းဒေသကြီး မကွေးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူ မဆုအိန္ဒြေခင်၊ တတိယဆုကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူ မမေသွယ်သွယ်ထွန်းတို့က လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ စာစီစာကုံးပြိုင်ပွဲကို **ပညာအလင်းဖြင့် လမ်းပြပေးသူ** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ ရွှေဂွန်း အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မခိုင်သဇင်ဦး၊ ဒုတိယဆုကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မဖြူစင်သန့်၊ တတိယဆုကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၊ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ ပဥ္စမတန်းကျောင်းသူ မနှင်းအိဝင့်လွှာတို့က လည်းကောင်း၊ ပညာရေးတက္ကသိုလ် ပညာရေးကောလိပ်အဆင့် ကဗျာပြိုင်ပွဲကို **ပညာစေတမန် ရွှေပြည်တန်** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မန္တလေးပညာရေးကောလိပ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာ သင်တန်းမှ မောင်ညီညီနိုင် ၊ ဒုတိယဆုကို တောင်ငူ ပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ ဒုတိယနှစ် သင်တန်းသား မောင်ပြည့်ဖြိုးအောင် ၊ တတိယဆုကို မြစ်ကြီးနား ပညာရေးကောလိပ် လုပ်ငန်းခွင်အကြိုမူလတန်း ဆရာအတတ်ပညာသင်တန်းမှ မောင်တင့်ဝေတို့က လည်းကောင်း ရရှိသည်။

အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲကို **အနာဂတ်ပိုင်ရှင် ဆရာသခင်** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ပဲခူးတိုင်းဒေသကြီး အနောက် လက်ပံတန်း အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်း ကျောင်းသူ မဖူးပွင့်ရတနာ၊ ဒုတိယဆုကို မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် တွင်းကုန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ နဝမတန်းကျောင်းသူ မပြည့်စုံမိုး ၊ တတိယဆုကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ အဌမတန်းကျောင်းသူ မအေးမြင့်မြတ်တို့က လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲကို **အနာဂတ်ပိုင်ရှင် ဆရာသခင်** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မကွေးတိုင်းဒေသကြီး မကွေးမြို့ ဆားစည့် အခြေခံပညာထက်တန်းကျောင်း(ခွဲ)မှ သတ္တမတန်းကျောင်းသူ မမေဖြူဖြူခင်၊ ဒုတိယဆုကို ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်စွမ်းဘုန်းထက်၊ တတိယဆုကို ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မဆည်းဆာထက်အောင် တို့ကလည်းကောင်း ရရှိသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် အောက်တိုဘာ ၄ ရက်တွင် အစမ်းလေ့ကျင့်ရမည်ဖြစ်၍ **အောက်တိုဘာ ၃ ရက်(တနင်္လာနေ့)** အရောက် ဒေါ်မြင့်ဝင်း ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၉-၂၅၄၈၇၁၀၈၉၊ ဒေါ်သန်းသန်းမြင့် လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၉-၅၁၅၉၉၅၇ နှင့် ဦးမောင်မောင်လွင် ဦးစီးအရာရှိ ဖုန်း-၀၉-၄၄၈၅၃၅၈၇၅ ထံသို့ မပျက်မကွက်ရောက်ရှိကြောင်း သတင်းပို့ပြီး **နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) တိုက် အတွဲ- ၄ (Cluster-4) တွင် လူကိုယ်တိုင် ရောက်ရှိ(မပျက်မကွက်) တည်းခိုနေထိုင်ကြရမည်** ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

လုပ်သားတွေကို ဘာလုပ်ပေးဖို့လိုလဲဆိုတာ သိလာမှာပါ။ ဒါမှ လုပ်သားတွေလည်း အခွင့်အရေး အပြည့်ရမှာပါ။

**ဒေါ်ဖြူဖြူသင်း**

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

**မင်္ဂလာတောင်ညွန့်မြို့နယ်**

AIPA ညီလာခံဆိုတာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက နှစ်စဉ်နှစ်တိုင်း အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပတဲ့ အခမ်းအနားဖြစ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံကတော့ ပထမဦးဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပတာဖြစ်ပါတယ်။ တချိန်နှစ်တွေမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့ အဆင့်သင့်မရှိသေးဘူးဆိုတဲ့ အကြောင်းအမျိုးမျိုးကြောင့် လက်ခံကျင်းပနိုင်ခဲ့ခြင်းမရှိပါဘူး။ အစိုးရသစ် တက်လာပြီးအချိန်မှာ ဒီ AIPA ကို မဖြစ်ဖြစ်အောင် လက်ခံကျင်းပမယ်ဆိုပြီး ကြိုးပမ်းလုပ်ဆောင်ခဲ့တာ ဂုဏ်ယူစရာပါ။ အစိုးရရဲ့ဘတ်ဂျက်အနေအထားကို ကြည့်ပြီး အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းပြီးမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့ ဆုံးဖြတ်ခဲ့တာပါ။ ဒီ AIPA မှာ အမျိုးသမီးရေးရာကိစ္စ၊ စီးပွားရေးကိစ္စ၊ အဖွဲ့အစည်းနဲ့ဆိုင်တဲ့ကိစ္စတွေ အဓိက ဆွေးနွေးမှာပါ။ အာဆီယံလွှတ်တော်တွေကြားမှာ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုကောင်းမွန်လာမှာပါ။ နိုင်ငံတကာ နယ်ပယ်မှာ ကျွန်မတို့နိုင်ငံက အရင်ကတည်းက အခက်အခဲတွေရှိခဲ့တာ အားလုံးအသိပါ။ အာဆီယံသာမက ကမ္ဘာကတောင် အသိအမှတ်ပြုထားတဲ့ ခေါင်းဆောင်တစ်ယောက် ကျွန်မတို့မှာ ရှိနေပြီဆိုတော့ ဒီ AIPA ကနေ မြန်မာနိုင်ငံကို ကမ္ဘာကပိုသိလာမယ်လို့ ယုံကြည်ပါတယ်။ အာဆီယံနိုင်ငံအချင်းချင်းကြားမှာလည်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု၊ ယုံကြည်မှုတွေရှိလာမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နိုင်ငံက အရင်တုန်းက ဒီလိုပွဲမျိုးကို တခြားနိုင်ငံမှာ သွားတက်တဲ့ အတွေ့အကြုံသာရှိခဲ့တာ ကိုယ်ကဦးဆောင်ပြီး ကျင်းပတဲ့ အတွေ့အကြုံမရှိခဲ့ဘူး။ နောက်ဆိုရင် ပိုပြီးတော့ ပူးပေါင်းဆောင်ရွက်နိုင်မယ်၊ နိုင်ငံတကာမှာရှိတဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိတဲ့ အခွင့်အလမ်းတွေနဲ့ ပတ်သက်ပြီးတော့ ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

## (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်

(က) တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ် ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး၊

(ခ) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) ပြည်ထောင်စုစိတ်ဓာတ် ထာဝရရှင်သန်ထက်မြက်ရေး၊

(ဃ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(င) ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အနုသုခုမပညာဖြင့် ပါဝင်ဆောင်ရွက်ရေး။

# ရန်ကုန်ဗီဇါတဒါန သံဃာ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၃၀**

သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါန အသက်ကယ်နိုင်ရန် ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက စုပေါင်းသွေးလှူဒါန်းကြမည့် (၁၆)ကြိမ်မြောက် ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲကျင်းပရန်ရှိကြောင်း သိရသည်။

အဆိုပါသွေးလှူဒါန်းပွဲကို အောက်တိုဘာ ၈ ရက်(စနေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)ရှိ အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့် အဖွဲ့က လက်ခံယူကြမည်ဖြစ်သည်။

ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲ၌ ပါဝင်လှူဒါန်းလိုသူများသည် အဆိုပါဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန၊ သီလရှင်ပြင်ပလူနာဌာန၊ လူပုဂ္ဂိုလ်များပြင်ပလူနာဌာန၊ ဆေးရုံအုပ်ကြီးရုံးနှင့် လူမှုဆက်ဆံရေးဌာနစုတို့တွင် လူကိုယ်တိုင်လာရောက် စာရင်းပေးသွင်းနိုင်ကြောင်း၊ ဖုန်းဖြင့် ဆက်သွယ်စာရင်းပေးသွင်းလိုပါက သံဃာတော်များ ပြင်ပလူနာဌာန ဖုန်း -၅၅၂၉၇၅၊ သီလရှင်များ ပြင်ပလူနာဌာန ဖုန်း-၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များပြင်ပလူနာဌာန ဖုန်း-၅၅၂၅၄၂ ၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၅၅၈၄၃၄၊ လူမှုဆက်ဆံရေးဌာနစု ဖုန်း-၅၄၁၇၉၅ တို့သို့ အောက်တိုဘာ ၇ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မုန့်တီ၊ မုန့်ဖတ်နှင့် ခေါက်ဆွဲများတွင် ဖော်မလင်ကင်းစင်ပြီး ကျန်းမာရေးနှင့် ညီညွတ်အောင် ထုတ်လုပ်နိုင်ရေး အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနက ကြီးမှူးကျင်းပမည့် မုန့်တီ၊ မုန့်ဖတ်နှင့် ခေါက်ဆွဲများတွင် ဖော်မလင်ကင်းစင်ပြီး ကျန်းမာရေးနှင့် ညီညွတ်အောင် ထုတ်လုပ်နိုင်ရေးအတွက် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ Dolphin Hotel ၌ ကျင်းပမည်ဖြစ်ရာ မုန့်တီ၊ မုန့်ဖတ်နှင့် ခေါက်ဆွဲ ထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**စက်တင်ဘာ ၃၀ ရက်က လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ရေကြီးနစ်မြုပ်ပြီး ပြင်ပရေဆိုးရေညစ်များ ဝင်ရောက်ခဲ့သည့် ရေတွင်းများတွင် တစ်တွင်းချင်းစီ၏ ရေထုကို တွက်ချက်၍ ရေသန့်ဆေးများ နည်းစနစ်တကျ ဆေးခတ်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၂ ဦးရဲသူအောင်က လက်တွေ့ရှင်းလင်းပြသစဉ်**

နေမျိုးလွင်(ပြန်/ဆက်)

# အစ္စရေးသမ္မတဟောင်း ရှီမွန်ပီရက်စ်၏ဈာပနကိုတက်ရောက်ရန် ကမ္ဘာ့ခေါင်းဆောင်များစုဝေး



**ဂျေရုဆလင် စက်တင်ဘာ ၃၀**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် ကမ္ဘာ့ခေါင်းဆောင်ကြီးများသည် အစ္စရေးသမ္မတဟောင်း ရှီမွန်ပီရက်စ်၏ ဈာပနအခမ်းအနားကို တက်ရောက်ရန် သောကြာနေ့က အစ္စရေးနိုင်ငံသို့ ရောက်ရှိခဲ့ကြသည်။ ၎င်းသည် ပါလက်စတိုင်းတို့နှင့် ငြိမ်းချမ်းရေးရရှိအောင် ဆွေးနွေးခဲ့မှုကြောင့် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်း၏ အလေးထားမှုကို ရယူနိုင်ခဲ့သည်။

ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်သည်လည်း ရှီမွန်ပီရက်စ်၏ ဈာပနသို့ တက်ရောက်ရန် စီစဉ်ထားခဲ့သည်။ ပါလက်စတိုင်းသမ္မတ အာဘတ်စ်သည် ဂျေရုဆလင်မြို့သို့ ရံဖန်ရံခါမှ လာရောက်သူလည်းဖြစ်သည်။ ၎င်းသည် ဈာပနအခမ်းအနားသို့ တက်ရောက်စဉ် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် သမ္မတအိုဘားမားတို့နှင့် တွေ့ဆုံဖွယ်ရှိသည်။ အသက် ၉၃နှစ်အရွယ်၌ သေဆုံးသွားခဲ့သော အစ္စရေးသမ္မတဟောင်း ပီရက်စ်သည် ပါလက်စတိုင်းတို့နှင့် ငြိမ်းချမ်းရေးဆောင်ရွက်ခဲ့မှုအတွက် ၁၉၉၀ ပြည့်နှစ်တွင် ပူးတွဲနိုဘယ်ငြိမ်းချမ်းရေးဆု ရရှိခဲ့သူလည်းဖြစ်သည်။

အစ္စရေး- ပါလက်စတိုင်း ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုများမှာ ၂၀၁၄ ခုနှစ်မှ စတင်ကာ အေးစက်သွားခဲ့သည်။ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်တို့သည် ပါလက်စတိုင်းမြေပေါ်၌ အစ္စရေးတို့ အခြေချနေထိုင်ရန် လူနေအိမ်များဆောက်လုပ်ခြင်းနှင့် အခြားသောပြဿနာများကြောင့် သဘောထားကွဲလွဲကာ ၂၀၁၀ ပြည့်နှစ်မှ စတင်၍ မျက်နှာချင်းဆိုင် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်း မရှိပေ။ ဈာပနအခမ်းအနားတွင် သမ္မတအိုဘားမားနှင့် နေတန်ယာဟုတို့က မိန့်ခွန်းပြောကြားခဲ့သည်။ **(ရိုက်တာ)**

# ဂျပန်-အမေရိကန် ဆက်ဆံရေးမှာ ပြောင်းလဲသွားခြင်းရှိမည်မဟုတ်ဟု ကီရှီဒါဆို

**တိုကျို စက်တင်ဘာ ၃၀**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီရိုကီရှီဒါက အမေရိကန်ပြည်ထောင်စုတွင် မည်သူ့ကိုပင် သမ္မတတင်မြှောက်သည်ဖြစ်စေ ဂျပန်-အမေရိကန် မိတ်ဖက်ဆက်ဆံရေးမှာ ပြောင်းလဲသွားခြင်းရှိမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံနှင့် အခြားမိတ်ဖက်နိုင်ငံများတွင်ရှိသော အမေရိကန်တပ်ဖွဲ့များ ဆက်လက်တည်ရှိရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးမှာ အမေရိကန်သမ္မတရွေးကောက်ပြိုင်ပွဲတွင် အကြောင်းအရာတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့သည်။

ရီပတ်ဘလစ်ကန်အမတ် ဒေါ်နယ်ထရန့်က ၎င်းအနေဖြင့် အမေရိကန်တပ်ဖွဲ့များကို လက်ခံထားသော မိတ်ဖက်နိုင်ငံများအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာထည့်ဝင်မှုအား တိုးမြှင့်နိုင်ရန် တိုက်တွန်းမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ ဒီမိုကရက် တစ်ပြိုင်ဘက် ဟီလာရီကလင်တန်က အမေရိကန်ပြည်ထောင်စုအနေဖြင့် မိတ်ဘက်နိုင်ငံများနှင့် ချုပ်ဆိုထားသော သဘောတူညီချက်စာချုပ်များကို လေးစားရမည်ဖြစ်ပြီး ၎င်းတို့ကို ဆက်လက်ကာကွယ်မှုများ လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စက်တင်ဘာ ၃၀ရက်တွင် ကီရှီဒါက ဂျပန်-အမေရိကန် လုံခြုံရေးသဘောတူစာချုပ်သည် တစ်နိုင်ငံတည်း၏ အကျိုးအမြတ်အတွက်မဟုတ်ဘဲ အခြားနိုင်ငံ၏အကျိုးအမြတ်အတွက်ပါဖြစ်ကြောင်း၊ ထို့ကြောင့် ဂျပန်ရှိ အမေရိကန်တပ်ဖွဲ့များ၏ကုန်ကျစရိတ်အား ခွဲဝေကျခံသင့်ကြောင်းပြောကြားခဲ့သည်။ ထို့အပြင် ဂျပန်အရာရှိများအနေဖြင့် ထရန့်နှင့်ကလင်တန်တို့ နှစ်ဖက်စလုံး၏အရာရှိများနှင့် ဆက်သွယ်မှုများ ပြုလုပ်ကာ ဂျပန်၏အခန်းကဏ္ဍအား နားလည်စေရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# ကက်ရှ်မီးယားဒေသအနီး တိုက်ပွဲများ ဖြစ်ပွားမှုကြောင့် အိန္ဒိယရွာသားများ နေအိမ်များမှစွန့်ခွာ



**ကက်ရှ်မီးယား စက်တင်ဘာ ၃၀**

အိန္ဒိယတပ်ဖွဲ့ဝင်များက ကက်ရှ်မီးယားဒေသရှိ သူပုန်များကို ပစ်မှတ်ထား၍ တိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီး တစ်ရက်အကြာ ပါကစ္စတန်နယ်စပ်အနီးရှိ အိန္ဒိယရွာသားများမှာ ထွက်ပြေးခဲ့ကြရသည်။ အိန္ဒိယဘက်မှ ၎င်းတို့သည် ၎င်းတို့နယ်စပ်၌ စစ်ဆင်ရေးပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ပြောခဲ့ပြီး ပါကစ္စတန်တို့ကမူ ယင်းအဆိုကို ငြင်းဆန်ခဲ့သည်။ နှစ်ဖက်စလုံးမှ စစ်သားများ သေဆုံးခဲ့ရသည်ဟု ပြောသည်။ တိုက်ပွဲများအရှိန်မြင့်ထန်မှုကြောင့် ပန်ဂျပ်ပြည်နယ်မှ ရွာသားများသည် နေအိမ်များစွန့်ခွာထွက်ပြေးခဲ့ရသည်။ အငြင်းပွားဖွယ်ကက်ရှ်မီးယားဒေသသည် ဆယ်စုနှစ်များစွာကြာ မီးပွားသဖွယ်ဖြစ်နေခဲ့ပြီး နှစ်ဖက်စလုံးမှ စစ်ဖြစ်လာစေရေး လောင်စာသဖွယ်ပင်ဖြစ်သည်။ အိန္ဒိယတို့သည် ယခင်ကလည်း ရန်လိုမှုမပါဝင်သော စစ်ဆင်ရေးများ ဆင်နွှဲခဲ့ဖူးကြောင်း သုတေသီများက ပြောသည်။ ယခုနှစ်အတွင်း ကက်ရှ်မီးယားဒေသ၌ စစ်သွေးကြွများက အိန္ဒိယစစ်တပ်ကို တိုက်ခိုက်ခဲ့မှုကြောင့် ယခုလအစောပိုင်းက စတင်၍ အိန္ဒိယနှင့် ပါကစ္စတန်တို့ ဆက်ဆံရေးတင်းမာလာခဲ့သည်။ တစ်ဖက်နှင့်တစ်ဖက် စကားစစ်ပွဲများမှာ ပို၍အရှိန်မြင့်လာခဲ့သည်။ ပန်ဂျပ်ပြည်နယ်အနီး အိန္ဒိယဘက်ခြမ်းမှ ကျေးရွာအချို့မှ ရွာသားထောင်ပေါင်းများစွာတို့ကို ကယ်ဆယ်ရွှေ့ပြောင်းခဲ့ရသည်ဟု မီဒီယာများက ဖော်ပြကြသည်။ **(ဘီဘီစီ)**

# တောင်ကိုရီးယားကမ်းခြေစောင့်တပ်ဖွဲ့နှင့် ထိပ်တိုက်တွေ့စဉ် တရုတ်ငါးဖမ်းသမားသုံးဦးသေဆုံး

**ဆိုးလ် စက်တင်ဘာ ၃၀**

တောင်ကိုရီးယား ကမ်းခြေစောင့်တပ်ဖွဲ့က တရားမဝင် တရုတ်ငါးဖမ်းသမားသုံးဦးအား ဖမ်းဆီးရန်အတွက် လက်ပစ်ဗုံးများအား ၎င်းတို့ပုန်းအောင်းရာ ငါးဖမ်းလှေအတွင်း ပစ်ထည့်လိုက်သောကြောင့် ၎င်းတို့သုံးဦးမှာ ငါးဖမ်းလှေအတွင်း သေဆုံးခဲ့ကြောင်း တောင်ကိုရီးယားအရာရှိတစ်ဦးက ပြောကြားသည်။

ငါးဖမ်းသမားသုံးဦးမှာ ပစ်ထည့်လိုက်သည့် ဗုံးများကြောင့် လှေအတွင်း မီးလောင်မှုဖြစ်ပွားကာ မီးခိုးမွန်၍ သေဆုံးသွားခြင်းဖြစ်သည်ဟုယူဆထားသော်လည်း ယင်းအဖြစ်အပျက်အား စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း တောင်ကိုရီးယား ဆိပ်ကမ်းမြို့ မော့ခ်ပို ကမ်းခြေစောင့်အရာရှိတစ်ဦးက ဆိုသည်။

တရားမဝင်ငါးဖမ်းဆီးခြင်းပဋိပက္ခသည် တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့ကြား စီးပွားရေးဆိုင်ရာ နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုရှိနေသော်လည်း နှစ်နိုင်ငံရင်းနှီးဆက်ဆံမှုအား ကသိကအောက်ဖြစ်စေသည်။ ထို့အပြင် မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်နှင့် ဒုံးကျည်နည်းပညာများနှင့်ပတ်သက်ပြီး နှစ်နိုင်ငံ ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

မီးလောင်မှုသည် ပွဲထိန်းခန်းအတွင်းဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ အရာရှိတစ်ဦးက ရိုက်တာသို့ ဖုန်းဖြင့်ပြောကြားခဲ့သည်။

နှစ်ဖက်သံရုံးအသိုင်းအဝိုင်းက ယင်းကိစ္စနှင့်ပတ်သက်ပြီး လောလောဆယ်တွင် မည်သည့်တုံ့ပြန်မှုမှမရှိသေးကြောင်း သိရသော်လည်း ယင်းဖြစ်ရပ်တွင်ပါဝင် ခဲ့သော ငါးဖမ်းလှေပေါ်တွင် အသက်ရှင်ကျန်ရစ်ခဲ့သည့် ငါးဖမ်းသမား ၁၄ ဦးနှင့် ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များအား မေးခွန်းများစစ်မေးလျက်ရှိကြောင်း ၎င်းအရာရှိက ဆက်လက်ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# ကျူးဘားအပေါ်ချမှတ်ထားသည့် အမေရိကန်ဥပဒေအား ချိုးဖောက်သူဟု ထရန့်အား ကလင်တန်ပြောကြား

**ဝါရှင်တန် စက်တင်ဘာ ၃၀**




အမေရိကန် ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီကလင်တန်က ရီပတ်ဘလစ်ကန် သမ္မတလောင်း ဒေါ်နယ်ထရန့်သည် အမေရိကန်ဥပဒေကို ချိုးဖောက်ရန်ကြိုးစားခဲ့ကြောင်း စက်တင်ဘာ ၂၉ ရက်က ပြောကြားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ကုမ္ပဏီတစ်ခုသည် ကျူးဘားတွင် စီးပွားရေးလုပ်ဆောင်ရန် ကြိုးပမ်းသောကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကျူးဘားနှင့် တိတ်တဆိတ်စီးပွားရေးလုပ်နေသည့် ထရန့်စီမံအုပ်ချုပ်သော ဟိုတယ်နှင့် ကာစီနိုကုမ္ပဏီတစ်ခုသည် အမေရိကန်အရေးယူပိတ်ဆို့မှုများကို တရားမဝင်ချိုးဖောက်ခဲ့ကြောင်း နယူးစ်ဝိခ်သတင်းတွင် စက်တင်ဘာ ၂၉ ရက်က ဖော်ပြခဲ့သည်။

ကျူးဘားနှင့် စီးပွားရေးလုပ်ရန် ၎င်း၏ကြိုးစားမှုသည် အမေရိကန်ဥပဒေကို ဖောက်ဖျက်ခြင်းပင်ဖြစ်ကြောင်း၊ အတိအကျဆိုရသော် အမေရိကန်နိုင်ငံခြားရေးမူဝါဒအား ဖောက်ဖျက်ခြင်းပင်ဖြစ်ကြောင်း ကျူးဘားတွင် စီးပွားရေးလုပ်နေသလားဆိုသည့်မေးခွန်းအား ဖြေကြားရာတွင်လည်း ဝေ့လည်ကြောင်ပတ်လုပ်နေကြောင်း ကလင်တန်က သတင်းထောက်များကို ၎င်း၏ရွေးကောက်ပွဲလှုပ်ရှားရေးလေယာဉ်ပေါ်တွင်ပြောကြားခဲ့သည်။

**(ရိုက်တာ)**

## ဒူတက်တေးက ၎င်းကိုယ်၎င်း နာဇီခေါင်းဆောင် ဟစ်တလာနှင့် ခိုင်းနှိုင်း

**မနီလာ စက်တင်ဘာ ၃၀**

ဖိလစ်ပိုင်သမ္မတ ရိုဒရီကိုဒူတက်တေးသည် စက်တင်ဘာ ၃၀ ရက်က ၎င်းကိုယ်၎င်း နာဇီခေါင်းဆောင် ဟစ်တလာနှင့် ခိုင်းနှိုင်းလိုက်ပြီး မူးယစ်ဆေးသုံးစွဲသူများနှင့် ရောင်းချဖြန့်ဖြူးသူ သုံးသန်းအား မျိုးဖြုတ်လိုက်သည့်အတွက် ၎င်းအနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ်သို့ သွားရောက်လည်ပတ်ပြီးနောက် ဒါးဗိုးမြို့သို့ရောက်ရှိစဉ် သတင်းထောက်များအား ၎င်းသည် ဟစ်တလာ၏ ဆွေနီးမျိုးစပ်ကဲ့သို့ဖြစ်ကြောင်း ပြောကြားလိုက်သည်။
ဟစ်တလာသည် ဂျူးလူမျိုးသန်းပေါင်းများစွာအား သုတ်သင်သကဲ့သို့ ၎င်းအနေဖြင့်လည်း ဖိလစ်ပိုင်တွင် မူးယစ်ဆေးနှင့် ပတ်သက်ဆက်နွှယ်သူ သုံးသန်းအား သုတ်သင်နိုင်ခဲ့သည့်အတွက် ကျေနပ်မိကြောင်း ပြောကြားခဲ့သည်။

“ဂျာမနီတွင် ဟစ်တလာကဲ့သို့လူမျိုးရှိလျှင် ဖိလစ်ပိုင်တွင်လည်း ရှိသင့်သည်”ဟု ၎င်းကိုယ်၎င်း ညွှန်ပြပြောဆိုလိုက်သည်။
နိုင်ငံ၏မူးယစ်ဆေးပြဿနာကို တစ်ခန်းရပ်ကာ နောင်မျိုးဆက်များအတွက် ထိုသို့ အဖြစ်မျိုးမှကင်းဝေးအောင် ကယ်တင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
(ရိုက်တာ)

# အာဖရိကဆင်များ ကာကွယ်ရေးအဆင့်မြှင့်ဖို့လိုပြီလား

**ကလျာမိုးမြင့်** ■

**မျိုးသုဉ်းပျောက်ကွယ်မယ့်အန္တရာယ်ရှိနေတဲ့ သားရဲတိရစ္ဆာန်မျိုးစိတ်တွေ ပင်လယ်ဖြတ်ကျော် ကုန်သွယ်မှုပြုခြင်းကို ထိန်းချုပ်နေတဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ရပ်က ကမ္ဘာတစ်ဝန်းရှိ ဆင်တွေကိုမျိုးမတုံးရေး ကာကွယ်လုပ်ဆောင်နေတာတွေကို ဆန့်ကျင်ကန့်ကွက်မယ်လို့ပြောခဲ့ပါတယ်။**

အပြည်ပြည်ဆိုင်ရာ ရှားပါးတိရစ္ဆာန်မျိုးစိတ်များ ကုန်သွယ်မှုဆိုင်ရာ ညီလာခံ (Cites)က ယခုရက်သတ္တပတ်အတွင်း အာဖရိကနိုင်ငံများစွာတို့က ဆင်တွေရဲ့ လုံခြုံရေးကို ပိုမိုတင်းကျပ်ဆောင်ရွက်လာတာနဲ့ပတ်သက်ပြီး အဓိကကျတဲ့ဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ခဲ့ပါတယ်။

နှစ်စဉ်နှစ်တိုင်း ဆင်စွယ်တွေရယူလိုမှုကြောင့် ဆင်ကောင်ရေ နှစ်သောင်းလောက်ဟာ သတ်ဖြတ်ခံနေရတယ်လို့ ညီလာခံအဖွဲ့က ခန့်မှန်းတွက်ချက်ခဲ့ပါတယ်။ တင်းကျပ်လွန်းတဲ့စည်းမျဉ်းချမှတ်မှုတွေက စည်းမျဉ်းရေးဆွဲသူတွေအပေါ် တန်ပြန်ထိခိုက်လာနိုင်ပြီး ဆင်စွယ်ကူးသန်းရောင်းဝယ်မှုတွေကိုလည်း ပိုမိုမြင့်တက်လာစေနိုင်တယ်လို့ (Cites)က ပြောပါတယ်။

သုံးနှစ်ပြည့်တိုင်းမှာ အဖွဲ့ဝင်နိုင်ငံအသီးသီးက အာဏာပိုင်တွေဟာ (Cites) အဖွဲ့ဝင်များညီလာခံ(COP)အတွက် တွေ့ဆုံမှုပြုလုပ်ပါတယ်။ COP ဟာ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၈၃ နိုင်ငံမှာရှိကြတဲ့ မျိုးသုဉ်းပျောက်ကွယ်လုနီးနီးဖြစ်နေတဲ့ အပင်မျိုးစိတ်နဲ့ တိရစ္ဆာန်မျိုးစိတ်ကုန်သွယ်ရောင်းဝယ်မှုတွေကို စည်းမျဉ်းနဲ့အညီ ထိန်းချုပ်ရာမှာ အဓိကဆုံးဖြတ်မှုလုပ်ဆောင်တဲ့ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ကိုယ်ထည်အစိတ်အပိုင်းတစ်ခုပါ။

ယခုနှစ်အတွင်း ဂျိုဟန်နက်စဘတ်တွင် ပြုလုပ်ခဲ့တဲ့ဆွေးနွေးပွဲမှာ သေးငယ်တဲ့ ဖားသတ္တဝါကနေ ပင်လယ်ငါးမန်းတွေအထိ သစ်ပင်တွေနဲ့ ပန်းမျိုးစုံအပါအဝင် မျိုးသုဉ်းပျောက်ကွယ်ဖို့ ခြိမ်းခြောက်ခံနေရတဲ့ အဆင့်မြင့်တိရစ္ဆာန်မျိုးစိတ်တွေဖြစ်ကြတဲ့ ကြံ့၊ ခြင်္သေ့နဲ့ ကျားပါမကျန် ဘယ်တိရစ္ဆာန်ကိုမဆို ရောင်းဝယ်နေမှုကို စည်းကမ်းထိန်းချုပ်ရာတွင် တောင်းဆိုမှုများစွာကို ထည့်သွင်းစဉ်းစားသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

ဒါပေမယ့် ၄၃ နှစ် သက်တမ်းရှိခဲ့ပြီဖြစ်တဲ့ (COP)ရဲ့(၁၇)ကြိမ်မြောက် ကွန်ဖရင့်မှာ လက်ရှိဖြစ်ပွားနေတဲ့ဆင်တွေ ဥပဒေမဲ့ ဖမ်းဆီးသတ်ဖြတ်ခံနေရတဲ့ပြဿနာကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတဲ့အချက်က မေးခွန်းတစ်ရပ်ဖြစ်လာပါတယ်။ နောက်ဆုံးရ သုတေသနမှတ်တမ်းတွေအရ အာဖရိကမှာရှိသမျှ ဆင်တွေရဲ့ ၃၀ ရာခိုင်နှုန်းလောက်ဟာ ပြီးခဲ့တဲ့ ခုနစ်နှစ်အတွင်းမှာပဲ ပျောက်ကွယ်ခဲ့ရပါပြီ။




ဆင်ကောင်ရေ လျော့နည်းလာရတဲ့ အကြောင်းဟာ အဓိကအားဖြင့် ဝေးကွာတဲ့ အရှေ့ဘက်ဒေသနိုင်ငံတွေဖြစ်တဲ့ တရုတ်၊ ထိုင်းနဲ့ ဗီယက်နမ်ဆင်စွယ်ဈေးကွက်တွေမှာ ဝင်ရောက်အဆုံးသတ်သွားခြင်းက အရင်းမူလဖြစ်နေပါတယ်။ ၂၀၀၉ နဲ့ ၂၀၁၅ ခုနှစ်အတွင်း တန်ဇန်းနီးယားနဲ့ မိုဇမ်ဘစ်လို အာဖရိကနိုင်ငံအချို့မှာ ဥပဒေမဲ့ဖမ်းဆီးမှုတွေကြောင့် ဆင်ကောင်ရေ တစ်ဝက်လောက် ဆုံးရှုံးပျောက်ကွယ်ခဲ့ရပါတယ်။

ဇင်ဘာဘွေလိုနိုင်ငံမျိုးတွေမှာ ဆင်အရေအတွက် လျော့နည်းကျဆင်းလာပေမယ့် ယူဂန်ဒါနဲ့ တောင်အာဖရိကနိုင်ငံတွေမှာတော့ ဆင်ကောင်ရေ တိုးပွားလာနေပါတယ်။ လက်ရှိအချိန်မှာ တောင်အာဖရိက၊ ဇင်ဘာဘွေ၊ ဘော့ဆွာနာနဲ့ နမီဘီယာဒေသမှာရှိတဲ့ ဆင်တွေကလွဲပြီး အာဖရိကမှာရှိသမျှ ဆင်တွေအားလုံးကို ၄င်းတို့ရဲ့ ဘယ်အစိတ်အပိုင်းကိုမဆို ကုန်သွယ်ရောင်းဝယ်ခြင်းကို ပိတ်ပင်တဲ့ နံပါတ်တစ်အမျိုးအစားအဖြစ် သတ်မှတ်လိုက်ပါတယ်။

အာဖရိကတောင်ပိုင်းကဆင်တွေကိုတော့ စီးပွားရေးအရမဟုတ်ဘဲ အမဲလိုက်ခြင်းကိုသာ ခွင့်ပြုတဲ့ နံပါတ်နှစ်အမျိုးအစားအဖြစ်ထည့်သွင်းလိုက်ပါတယ်။ ဒါပေမယ့် ဒီဆင်တွေရဲ့ အစွယ်တွေကိုတော့ ပထမအမျိုးအစားထဲမှာ ထည့်သွင်းထားဆဲဖြစ်ပြီး ဆင်စွယ်ရောင်းဝယ်မှုတွေကို တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ပိတ်ပင်မှုတွေ အားစိုက်လုပ်ဆောင်နေပါတယ်။

ကျန်အာဖရိကနိုင်ငံပေါင်း ၂၉ နိုင်ငံ ပါဝင်တဲ့မဟာမိတ်အဖွဲ့ကတော့ ကမ္ဘာပေါ်က ရှိသမျှ ဆင်အမျိုးအစားအားလုံးကို နံပါတ်တစ်အမျိုးအစားအဖြစ် စာရင်းသတ်မှတ်ရေးအတွက် ခိုင်မာတဲ့ စည်းမျဉ်းချမှတ်မှုတွေပြုလုပ်ဖို့ အဆိုကို ဖိအားပေး တိုက်တွန်းနေပါတယ်။ ဆင်တွေကို နံပါတ်နှစ်အမျိုးအစားထဲမှာ ထည့်သွင်းစရာအကြောင်း လုံးဝမရှိဘူးလို့လည်း စတာလင်တက္ကသိုလ်ပါမောက္ခဖီလစ်က ပြောကြားခဲ့ပါတယ်။ ဆင်တွေဟာ တစ်စတစ်စနဲ့ နည်းပါးလာနေပြီး ဒီထက်ပိုနည်းလာဦးမယ့် အနေအထားမျိုးရှိတဲ့အပြင် လက်ရှိမှာလည်း ဆင်တွေကို ကုန်သွယ်ရောင်းဝယ်နေကြတုန်းပဲ။ ဒီအချက်တွေက ဆင်တွေအားလုံးကို (Cites)ရဲ့ စည်းမျဉ်းတွေနဲ့အညီ နံပါတ်တစ်အမျိုးအစားအဖြစ် သတ်မှတ်သင့်တဲ့ အကြောင်းရင်းတွေပဲလို့ ၄င်းက ဆိုပါတယ်။

ဒါပေမယ့်(Cites)က ဒါကို သဘောတူညီခြင်းမရှိတဲ့အတွက် အဆင့်တိုးမြှင့်သတ်မှတ်ဖို့အဆိုကို ပယ်ချခဲ့ပါတယ်။ ဒီလိုဖြေရှင်းလိုက်ရင် နောက်ထပ်စည်းမျဉ်းအသစ်တွေထုတ်ဖို့လိုအပ်လာပြီး နိုင်ငံအချို့ဟာ သဘောတူညီမှုကနေ ခွဲထွက်ကာကုန်သွယ်ရောင်းဝယ်မှုတွေ အထိန်းအကွပ်မဲ့လုပ်ဆောင်လာမှာကို အဖွဲ့က စိုးရိမ်နေကြပါတယ်။

ဒီဆုံးဖြတ်ချက်နဲ့ပတ်သက်ပြီး ကန့်ကွက်လိုတဲ့နိုင်ငံတိုင်းကို သီးခြားအဖွဲ့တစ်ခုဖွဲ့ဖို့ ရက်ပေါင်း ၉၀ အချိန်ပေးထားတယ်လို့ (Cites) အဖွဲ့အမှုဆောင်အရာရှိ ဂျွန်စကန်လွန်က ဘီဘီစီသို့ပြောကြားခဲ့ပါတယ်။ အထူးကန့်သတ်ထားတဲ့ တိရစ္ဆာန်မျိုးစိတ်တွေနဲ့ ပတ်သက်တဲ့ သဘောတူညီမှုဟာ သီးခြားအဖွဲ့ထဲဝင်ရောက်တဲ့ နိုင်ငံတွေအပေါ်မှာ သက်ရောက်တော့မှာမဟုတ်ဘူးလို့ဆိုပါတယ်။ နောက်ထပ်အခြားသောနိုင်ငံတွေကလည်း အဲဒီအဖွဲ့ထဲဝင်ရောက်ခဲ့ဦးမယ်ဆိုရင် အဲဒီနိုင်ငံတွေအချင်းချင်းဟာ သဘောတူညီမှု နယ်နိမိတ် အပြင်ဘက်ကနေ ကုန်သွယ်ရောင်းဝယ်မှု ပြုလုပ်လာနိုင်တော့မှာဖြစ်သလို ဒီကိစ္စနဲ့ပတ်သက်ပြီး အတိုင်းအတာတစ်ခုအထိပြဿနာရှိလာနိုင်ပါတယ်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ဝင်တွေဟာ ဒီကိစ္စနဲ့ပတ်သက်ပြီး အုပ်စုကွဲပြားကုန်ပါတယ်။ အများစုက အဆင့်တိုးမြှင့်သတ်မှတ်ရေးကို အလေးသာနေပြီး ၄င်းတို့က အာဖရိကတောင်ပိုင်းဒေသအချို့မှာ တိကျမှန်ကန်တဲ့ အချက်အလက်မရရှိမှုက အဲဒီဒေသတွေမှာ ဆင်ကောင်ရေတိုးလာတယ်ဆိုတဲ့အချက်ကို မရေမရာဖြစ်စေခဲ့တယ်လို့ ပြောဆိုနေကြပါတယ်။

WFF လို အဖွဲ့အစည်းတချို့ကတော့ (Cites)အဖွဲ့ရဲ့ဆုံးဖြတ်ချက်ကို သဘောတူညီမှုရှိပြီး ကမ္ဘာတစ်ဝန်းမှာ ဆင်စွယ်တွေနဲ့ ပတ်သက်ပြီး လက်တွေ့ကျတဲ့ပိတ်ပင်တားဆီးမှုတွေရှိပြီးသားဖြစ်သလို အာဖရိကဆင်မှန်သမျှကို ကာကွယ်ရေးအမြင့်ဆုံးအဆင့် သတ်မှတ်လိုက်လို့ ဘာကောင်းကျိုးမှမရှိတဲ့အပြင် ပိုပြီးတော့တောင် အခြေအနေတွေ ဆိုးသွားနိုင်တယ်လို့ပြောခဲ့ပါတယ်။

သဘောတူညီချက်ကို ပြောင်းလဲပစ်နိုင်ဖို့ဆိုရင်တော့ ဆင်တွေကို ကာကွယ်ရေး အဆင့်တိုးမြှင့်သတ်မှတ်မှုဟာ သက်ဆိုင်ရာ အဖွဲ့ဝင်တွေရဲ့သုံးပုံနှစ်ပုံကို လွှမ်းခြုံနိုင်မလား ဆိုတာကို စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ဆင်တွေရဲ့အရေးနဲ့တင် သဘောထားကွဲလွဲမှုတွေ ဒီလောက်ထိ ဖြစ်စေတယ်ဆိုရင် အခြားသော အဆင့်နိမ့်တိရစ္ဆာန်တွေဖြစ်တဲ့ သင်းခွေချပ်တွေနဲ့ အာဖရိက ဂရေးကြက်တူရွေးမျိုးစိတ်တွေကို ကာကွယ်ရာမှာ ဘယ်လောက်ထိ အခက်အခဲတွေဝင်လာမလဲ ဆိုတာဟာ စိုးရိမ်စရာဖြစ်လာပါတယ်။

ဒါပေမယ့် လေ့လာသူအချို့ကတော့ ဒီအစည်းအဝေးဟာ တရုတ်၊ ဗြိတိန်နဲ့အမေရိကန်အပါအဝင် နိုင်ငံများစွာမှာဖြစ်ပွားနေတဲ့ ရှေးဟောင်းဆင်စွယ်ရောင်းဝယ်မှုကို အဆုံးသတ်ဖို့ နောက်ထပ်တောင်းဆိုမှုတစ်မျိုးကို ပေါ်ပေါက်လာစေဦးမှာပဲလို့ တစ်ထစ်ချယုံကြည်လျက်ရှိနေပါတယ်။

**ကိုးကား-ဘီဘီစီ** (၂၉-၉-၂၀၁၆)

**▌နောက်ဆုံးရသုတေသနမှတ်တမ်းတွေအရ အာဖရိကမှာရှိသမျှ ဆင်တွေရဲ့ ၃၀ ရာခိုင်နှုန်းလောက်ဟာ ပြီးခဲ့တဲ့ ခုနစ်နှစ်အတွင်းမှာပဲ ပျောက်ကွယ်ခဲ့ရပါပြီ။**

**▌ဆင်ကောင်ရေ လျော့နည်းလာရတဲ့အကြောင်းဟာ အဓိကအားဖြင့် ဝေးကွာတဲ့ အရှေ့ဘက်ဒေသနိုင်ငံတွေဖြစ်တဲ့ တရုတ်၊ ထိုင်းနဲ့ ဗီယက်နမ် ဆင်စွယ်ဈေးကွက်တွေမှာ ဝင်ရောက်အဆုံးသတ်သွားခြင်းက အရင်းမူလဖြစ်နေ**

## တရုတ်နိုင်ငံ အနောက်ပိုင်း၌ လူ ၁၉ ဦးသေဆုံးမှုဖြင့် မသင်္ကာသူကို ရဲများဖမ်းဆီး

**ပေကျင်း စက်တင်ဘာ ၃၀**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရွာတစ်ရွာတွင် လူ ၁၉ ဦးအား သတ်ဖြတ်ခဲ့သည့် သံသယရှိသူတစ်ဦးကို တရုတ်ရဲများက ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။ မိသားစုခြောက်စုမှ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးငယ်လေးဦးတို့ကို စက်တင်ဘာ ၂၉ ရက်က ယူနန်ပြည်နယ် ကျေးရွာတစ်ရွာတွင် ၄င်းတို့၏အိမ်များ၌ သေဆုံးလျက်တွေ့ရှိခဲ့သည်။ သေဆုံးသူများမှာ အသက်အငယ်ဆုံး သုံးနှစ်မှစ၍အကြီးဆုံး ၇၂ နှစ်အထိ ပါဝင်ကြောင်း သိရသည်။

ယူနန်ပြည်နယ်ရဲများက လူသေဆုံးမှုဖြစ်ပွားရာရွာနှင့် ကီလိုမီတာ ၂၀၀အကွာခန့်ရှိ ယူနန်ပြည်နယ်မြို့တော် ကူမင်း၌ လူသတ်သံသယရှိမှုဖြင့် လူတစ်ဦးအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

လူသတ်သံသယရှိသူမှာ ၁၉၉၉ ခုနှစ်တွင် မွေးဖွားသော ဟန်တရုတ်အမျိုးသားတစ်ဦးဖြစ်ပြီး လူသေဆုံးမှုဖြစ်ပေါ်ခဲ့သည့် တစ်ရွာတည်းတွင် နေထိုင်သူဖြစ်ကြောင်း သိရသည်။ လူသတ်မှုမှာ အကြမ်းဖက်မှုနှင့်သက်ဆိုင်မှုမရှိကြောင်း ရဲများ၏ပြောကြားချက်ကိုကိုးကား၍ ဒေသတွင်းမီဒီယာများတွင် ဖော်ပြသည်။ သံသယရှိသူမှာ လောင်းကစားမှုများကြောင့် အကြွေးသံသရာ ပတ်ချာလည်နေသူဖြစ်ကြောင်း၊ ပိုက်ဆံချေးယူရန် ဆွေမျိုးများထံသွားရောက်သော်လည်း အဆင်မပြေခဲ့ကြောင်း ဒေသတွင်းမီဒီယာများတွင် ဆက်လက်ဖော်ပြထားသည်။

**(အင်န်အိတ်ချ်ကေ)**

**—— မောင်တင်**

# ဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာအကူအညီပေးခြင်းတို့ဖြင့် အလုပ်သမားဥပဒေပြင်ဆင်ရေးဆွဲခြင်းလုပ်ငန်းစဉ်ကို ပံ့ပိုးရန် ကတိကဝတ်ပြု

နေပြည်တော် စက်တင်ဘာ ၃၀

**မြန်မာနိုင်ငံ၌ အခြေခံအလုပ်သမား အခွင့်အရေးများနှင့် လက်တွေ့ကျင့်သုံးမှုများကို အားပေးရန် ပဏာမဆောင်ရွက်မှုခြေလှမ်းအတွက် ပါဝင်သက်ဆိုင်သူများ ဖိုရမ်ကို မြန်မာ၊ ဒိန်းမတ်၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စုနိုင်ငံများ၊ ဥရောပသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) တို့ စက်တင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်က ရန်ကုန်မြို့ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့ရာ အဆိုပါဖိုရမ်မှ ကြေညာချက် ထုတ်ပြန်ခဲ့သည်။**

ဖိုရမ်တွင် မြန်မာနိုင်ငံ၏ သုံးပွင့်ဆိုင်မိတ်ဖက်များ၊ အခြားပါဝင်သူအစိုးရများ၊ ILO ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းအဖွဲ့များနှင့် ရင်းနှီးမြှုပ်နှံသူများအပြင် အခြားလူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအကြား ဆွေးနွေးမှုများလုပ်ဆောင်နိုင်ခဲ့သည်။ မြန်မာနိုင်ငံ အလုပ်သမားရေးရာဥပဒေများ ခေတ်နှင့်အညီ ပြုပြင်ခြင်းအတွက် ဦးစားပေးရမည့်အရာများ၊ စိန်ခေါ်မှုများနှင့် ပတ်သက်၍ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ စံချိန်စံညွှန်းများကို လေးစားလိုက်နာခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ဤလုပ်ငန်းစဉ်၌ ပြည်တွင်း ပြည်ပမှ သက်ဆိုင်သူများအားလုံး ပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှုကို မည်သို့မြှင့်တင်မည်ဟူသည်နှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးကြသည်။

၂၀၁၅ ခုနှစ် မေလက နောက်ဆုံးကျင်းပခဲ့သော သက်ဆိုင်သူများဖိုရမ်အပြီး စတင်လုပ်ဆောင်သည့် အလုပ်သမားရေးရာဥပဒေများနှင့် အလေ့အကျင့်များကို လိုက်လျောညီထွေမှုရှိအောင် ပြင်ဆင်ညှိနှိုင်းခြင်းနှင့်ပတ်သက်သည့် တိုးတက်ဖြစ်ထွန်းမှုများမှာ အလုပ်သမား ဥပဒေပြင်ဆင်ရေးဆွဲခြင်းအပေါ် သုံးပွင့်ဆိုင်မိတ်ဖက်များတို့၏ ထပ်မံကြိုးပမ်းသည့် သန္နိဋ္ဌာန်/ကတ္တာအလိုက် လုပ်ဆောင်မည့်အပေါ် ယေဘုယျအားဖြင့် သဘောတူကြသည်။

သုံးပွင့်ဆိုင် မိတ်ဖက်များတို့က ပြဋ္ဌာန်းမည့်ဥပဒေသစ်သည် အခြေခံ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ စံချိန်စံညွှန်းများကို လိုက်နာရမည်ဖြစ်ကြောင်း သဘောတူကြသည်။

အလုပ်သမားဥပဒေ ပြင်ဆင်ရေးဆွဲခြင်းလုပ်ငန်းစဉ်အတွက် တိုင်ပင်ဆွေးနွေးရန် ခိုင်ခံ့သည့် ယန္တရားအဖြစ် အမျိုးသားအဆင့် သုံးပွင့်ဆိုင် အပြန်အလှန်ဆွေးနွေးပြောဆိုခြင်းဖိုရမ် (NTDF)ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သဘာပတိအဖြစ် ဆောင်ရွက်ပြီး အလုပ်ရှင်၊ အလုပ်သမားများတို့က ကိုယ်စားလှယ်များအဖြစ် ပါဝင်သော အဖွဲ့ကြီးအဖြစ် အတည်တကျဖြစ်စေရန် သုံးပွင့်ဆိုင်မိတ်ဖက်များက သဘောတူကြသည်။

အလုပ်သမား ဥပဒေပြင်ဆင်ရေးဆွဲခြင်းအတွက် ပထမဦးဆုံးသော သုံးပွင့်ဆိုင် မိတ်ဖက်များပါဝင်သည့် အကြံပေးလုပ်ငန်းကတ္တာကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် လုပ်ဆောင်နိုင်ခဲ့သည်။ ထိုဆွေးနွေးပွဲတွင် သုံးပွင့်ဆိုင် မိတ်ဖက်များတို့က မြန်မာနိုင်ငံ၌ အနာဂတ်အလုပ်ရှင်၊ အလုပ်သမားဆက်ဆံရေးအတွက် မျှော်မှန်းချက်အာရုံကို ဖော်ထုတ်ခဲ့ကြသည်။

အလုပ်လုပ်နိုင်သည့် အငယ်ဆုံးအသက်ကို ၁၃ နှစ်မှ ၁၄ နှစ်သို့ တိုးမြှင့်ခြင်း၊ ၁၈ နှစ်အောက် ကလေးများအတွက် အန္တရာယ်ရှိသည့် အလုပ်များစာရင်းကို ဖော်ထုတ်ခြင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်း ရေးဆွဲခြင်းတို့အပါအဝင် ပြဋ္ဌာန်းထားသည့် အဓိကဥပဒေများကို ပြင်ဆင်ခဲ့သည်။

၂၀၁၅ ခုနှစ် ဖိုရမ်တွင် သဘောတူခဲ့ကြသည့် အလုပ်သမားဥပဒေ ပြင်ဆင်ရေးဆွဲခြင်းအစီအစဉ် ပါဝင်သည်။ ခေတ်နှင့်လျော်ညီ၍ ညီညွတ်ဆက်စပ်မှုရှိသည့် အလုပ်သမား ဥပဒေဖော်ထုတ်ရေးနှင့်စပ်လျဉ်း၍ နောက်ထပ်ဆောင်ရွက်ရမည့် လုပ်ငန်း၌ ဦးစားပေးရမည့်အချက်များကို ဖော်ထုတ်ခြင်း၊ အလုပ်သမားဈေးကွက်တွင် အဓိကလုပ်ရှားနေသူများအတွက် အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်များတည်ဆောက်ပေးခြင်း၊ လူမှုရေးမိတ်ဖက်များ၏ အဖွဲ့အစည်းများ၊ အနိမ့်ဆုံးအခကြေးငွေသတ်မှတ်သည့် အဖွဲ့၏စွမ်းဆောင်ရည်များကို တည်ဆောက်ပေးခြင်း၊ အလုပ်သမားရေးရာ စစ်ဆေးရေးအဖွဲ့နှင့် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များတို့၏ စွမ်းဆောင်ရည်များကို တည်ဆောက်ပေးခြင်းတို့လည်း ပါဝင်သည်။

အလုပ်သမားအခွင့်အရေး အလုပ်ရှင်အဖွဲ့အစည်းများတို့နှင့် ဆက်နွယ်သည့် ကာကွယ်မှုများကို တိုးမြှင့်ခြင်း၊ အလုပ်သမားအငြင်းပွားမှုဆိုင်ရာ ခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ အားကောင်းအောင်ပြုလုပ်ပေးခြင်း၊ အလုပ်အကိုင်ခန့်အပ်မှုဆိုင်ရာ စာချုပ်များကို ပြန်လည်ဆန်းစစ်ခြင်း၊ အဆိုးရွားဆုံးသော ကလေးအလုပ်သမားခိုင်းစေမှု ပုံစံများကို အတည်ပြုဖော်ထုတ်ခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် သေချာမှုရှိစေခြင်းတို့သည် ပြုပြင်ပြောင်းလဲရမည့် အဓိကကဏ္ဍများတွင် ပါဝင်သည်။

မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုကို ပံ့ပိုးအားပေးရန်အတွက် ပါဝင်သက်ဆိုင်သူများ ဖိုရမ်ကို ပါဝင်သူများက ယင်းသို့ လုပ်ငန်းဆောင်ရွက်မှုများအကြား ညှိနှိုင်းဆောင်ရွက်မှု၏ အရေးပါပုံကို အသိအမှတ်ပြုပါသည်။ ထို့ပြင် ပါဝင်သက်ဆိုင်သူများအကြား အပြန်အလှန်ဆွေးနွေးပြောဆိုမှု မြှင့်တင်ရမည်ကိုလည်း သဘောတူကြသည်။

ဖိုရမ်ကို ၂၀၁၇ ခုနှစ်၌ တတိယအကြိမ်မြောက်ကျင်းပရန် သဘောတူကြ သည်။ ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်များကလည်း ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာအကူအညီများ ပေးခြင်းတို့ဖြင့် အလုပ်သမားဥပဒေ ပြင်ဆင်ရေးဆွဲခြင်းလုပ်ငန်းစဉ်ကိုပံ့ပိုးရန် ကတိကဝတ် ပြုကြသည်။

ပဏာမခြေလှမ်းအဖွဲ့သည် အစိုးရအာဏာပိုင်များနှင့် ပါဝင်သက်ဆိုင်သူများတို့ကို အခြေခံအလုပ်သမားအခွင့်အရေးများ၊ ကောင်းမွန်သည့်အလုပ်ရှင်၊ အလုပ်သမားဆက်ဆံရေးနှင့် မြန်မာနိုင်ငံအတွင်း တာဝန်ယူမှုရှိသော စီးပွားရေး အလေ့အကျင့်များတို့ကို မြှင့်တင်လုပ်ဆောင်ရန်အတွက် အလယ်အလတ်နှင့် ကာလရှည်အတွက် အကူအညီပေးရန် ရည်ရွယ်ထားသည်။ အတူတကွ ပေါင်းစည်းလုပ်ဆောင်ခြင်းအားဖြင့် အစိုးရများနှင့် ပါဝင်သက်ဆိုင်သူများတို့သည် မြန်မာနိုင်ငံကို ဆွဲဆောင်မှုရှိ၍ တည်တံ့ခိုင်မြဲသော ကုန်သွယ်ဖက်၊ ရင်းနှီးမြှုပ်နှံဖက်ဖြစ်လာစေရန် အားကောင်းသော လှုံ့ဆော်မှုပေးနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ အဘက်ဘက်မှ ရေရှည်တည်တံ့ခိုင်မြဲသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း တိုးမြှင့်လုပ်ဆောင်ပေးမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ကျောက်ဆည် နည်းပညာတက္ကသိုလ်တွင် အဖြေလွှာများ မီးရှို့မှုဖြစ်

**ကျောက်ဆည် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်ရှိ ကျောက်ဆည် နည်းပညာတက္ကသိုလ်၌ စက်တင်ဘာ ၃၀ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်က အဖြေလွှာများ မီးရှို့မှုဖြစ်ပွားခဲ့ကြောင်း (**အောက်ပုံ**) ကျောက်ဆည်ရဲစခန်း တာဝန်မှူး ဒုရဲအုပ် မင်းကြိုင်က ပြောကြားသည်။

ရဲတပ်ဖွဲ့က သွားရောက်စစ်ဆေးရာတွင် သော့ကိုဒိုင်းလွှဖြင့် ဖြတ်ထားပြီး တံခါးကို ရိုက်ဖျက်ထားသည်ကိုတွေ့ရှိရကာ အဖြေလွှာစာရွက်အချို့ ပျက်စီးသွားသည်ဟု ဆိုသည်။

“တက္ကသိုလ်ကလုံခြုံရေးတာဝန်ခံက အကြောင်းကြားလို့ သွားရောက်စစ်ဆေးပါတယ်။ CCTV ကင်မရာမှတ်တမ်းကြည့်ပြီး ဘောင်းဘီရှည်နဲ့တွေ့ရပြီး ကျောင်းသားဖြစ်နိုင်တယ်လို့ လာတိုင်သွားတယ်။ မီးရှို့ဖျက်ဆီးမှုနဲ့ အမှုဖွင့်ထားတယ်” ဟု ၎င်းက ပြောသည်။

မီးလောင်မှုကြောင့် အဖြေလွှာများ ဆုံးရှုံးပျက်စီးခဲ့ကြောင်း၊ ကျောက်ဆည်မီးသတ်တပ်ဖွဲ့မှသိရပြီး ကျောက်ဆည်မြို့မရဲစခန်းက အရေးယူဆောင်ရွက်နေကြောင်း စခန်းတာဝန်ကျ ရဲအရာရှိ ထံမှ သိရသည်။

“သွားရောက်စစ်ဆေးတာတွေ လုပ်ခဲ့တယ်။လတ်တလောခန့်မှန်းခြေနဲ့ပြောတာဆိုတော့ ကျောင်းထဲမှာဖြစ်တဲ့အတွက် ကျောင်းသားလို့ ယူဆတာပါ”ဟု ခရိုင်မီးသတ်ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးဇင်ထွန်းက ပြောသည်။ နည်းပညာတက္ကသိုလ် ကျောင်းသားများမှာ စက်တင်ဘာ ၁၉ ရက်က စတင်၍စာမေးပွဲ ဖြေဆိုခဲ့ကြကြောင်း သိရသည်။

**သတင်း-မင်းထက်အောင်(မန်းကိုယ်ပွား)**

**ဓာတ်ပုံ-သန်းဌေး**(MFSD)



# စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ကြံခင်း စက်တင်ဘာ ၃၀**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုဂုဏ်ပြုသောအားဖြင့် ဟသ်ာတခရိုင် ကြံခင်းရထားရဲတပ်ဖွဲ့ တပ်ခွဲ(၂၀)တပ်စု(၂)မှတပ်စုမှူး၊ ဒုရဲအုပ်ကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များ၊ ရဲမေများစုပေါင်း၍ စက်တင်ဘာ ၂၉ ရက်က မိုးကောင်းဘုန်းတော်ကြီးကျောင်းတိုက်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။ **ဌေးမင်း**

## အလိုရှိသည်

ဝန်ထမ်း (၂)ဦး အလိုရှိသည်
ဖုန်းရောင်းဝယ်ရေးလုပ်ငန်း
တက္ကသိုလ်ဝင်တန်း၊
အသက် ၂၀/၃၀ ကြား၊
တာမွေမြို့နယ်၊
**ဖုန်း-၀၉-၅၀၇၂၇၃၅**

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6H/1961 Nissan Diesel , Tractor Head ယာဉ်လက်ဝယ်ရှိသူ OAK Soe San Trading Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မူဆယ်) မူဆယ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဝါးခယ်မမြို့နယ်၊ သံကြိုးတိုင်ရပ်ကွက်၊ တိုးချဲ့မြို့မြေ၊ ကွင်းအမှတ် (၁၂)၊ ဦးပိုင်အမှတ် ၇/၁၊ ဝဒသမ၉၁စကေရှိ မြေအား ၁၉၈၀ ပြည့်နှစ် အောက်တိုဘာ ၁၀ရက် ရက်စွဲပါ စာအမှတ် ၆/၄-လ/န(၃၉)ကေဖြင့် လ/န(၃၉)ခွင့်ပြုမိန့် ရရှိပြီးသည့် မြေဧရိယာအတွင်း ဝါးခယ်မမြို့နယ်၊သမဝါယမဦးစီးဌာနရုံးမြေနေရာအဖြစ် မြေပေးမိန့်လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါးခယ်မမြို့နယ်**

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
## Spare Parts ပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် Web Offset ၏ ပစ္စည်းများကို အောက်ပါအတိုင်းဝယ်ယူလိုပါသည်-
(က) Orient X-cel(578) - 1 Lot
(ခ) Naph Graphs - 1 Lot
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၃-၁၀-၂၀၁၆ ရက်မှ ၁၇-၁၀-၂၀၁၆ရက်အထိ ၉ နာရီမှ ၁၆:၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၇-၁၀-၂၀၁၆ရက် ၉နာရီမှ ၁၆:၃၀နာရီတွင်း ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
| **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း** | **ပြည်တွင်း/ပြည်ပပစ္စည်းများ** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ဝယ်ယူရေးနှင့်** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ထုခွဲရောင်းချရေးကော်မတီ** |
| **ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| | **ရုံးအမှတ်(၇)၊ နေပြည်တော်** |
| | **ဖုန်း-၀၆၇-၄၁၂၃၉၀** |

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဗ-၂၄)၊ ဦးပိုင်အမှတ် (၅၁·က)၊ ၅၅×၅၆ကြား၊ ဂန္ဓမာ×ယုဇနလမ်းကြားရှိ ဦးမြင့်သိန်းအမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးတင့်ဝေ ၈/မကန(နိုင်)၀၃၃၈၇၁၊ ဒေါ်နုနုရီ ၈/မကန(နိုင်)၀၃၃၈၇၂ တို့မှ မြေစလစ်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ရွှေထူးလှိုင်
ချောင်းသာ ၊ စားတည်းခိုခန်း၊(ဖောင်တော်ဦးဘုရားပွဲ)
Ph: 09 450044494, 09 450044496

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် (၅၈၈-ခ)၊ ဦးပိုင်အမှတ် (၆၄·က)၊ စွယ်တော်ဘုရားမြောက်ဘက်၊ စွယ်တော်မြောက်မုခ် အဝင်လမ်းပေါ်ရှိ ဒေါ်ထားထားဦးအမည်ဖြင့်ချထားပေးသောမြေကွက်အား ဒေါ်ဆွေဆွေမာ ၅/စကန(နိုင်)၀၁၈၂၁၂မှ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ မြေကွက်ချထားပေးမှုအထောက်အထားများတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကွင်းအမှတ် (၅၈၀/A)၊ ဘုရားကြီးကွင်း၊ မြို့မ(၂)တိုးချဲ့ရပ်ကွက်၊ အနော်ရထာ (၃)လမ်း၊ အမှတ် (Q-9)၊ အကျယ်အဝန်း (အလျား ၈၀ပေ×အနံ ၆၀ပေ) ဧရိယာ ၀ဒသမ ၁၁ဧက ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်အကျိုးခံစား ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးတင်အောင် ၇/ပမန(နိုင်)၀၀၅၆၉၈ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းမာလေး ၁၁/မပတ(နိုင်)၀၂၅၈၄၃ က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးပြတ်သည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းအေး (LL.B,D.B.L, WIPO Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၃၀၇၀၀)**
**အမှတ်(၁၀)၊ လေး-လွှာ(B)၊ ဘောဂသိဒ္ဓိလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၃၂၁၄၉၇၇၊ ၀၉-၂၅၄၅၁၂၀၁၀**

ထာဝရ
ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်)
နံနက် /ည ကား (အိမ်အရောက်ပို့/ကြို)
Ph : 09 260360066, 09 260360006, 09250570004 (တိုက်၄၄၄,ရွှေဘုံသာအထက်လမ်း)

## မိဘအမည်မှန်

ကသာမြို့၊ ပညာတံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မအေးအေးဖြူ၏ မိဘအမည်မှန်မှာ ဦးဝင်းဘိုနှင့် ဒေါ်မြင့်မူဖြစ်ပါကြောင်း။

## အမည်မှန်

ဦးအိုက်မောင်၏သား လားရှိုးမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း (E)မှ မောင်အိုက်ပို (ခ) မောင်အိုက်ကား ၁၃/သပန(နိုင်) ၁၀၁၁၂၀ သည် တစ်ဦးတည်း ဖြစ်ပါသည်။ **မောင်အိုက်ပို (ခ) မောင်အိုက်ကား**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၈)၊ ပန်အုပ်ကျောင်းအရှေ့၊ ဦးပိုင်(၉)၊ ဧရိယာ ၀ ဒသမ ၁၃၉ အမှုတွဲအမှတ် ၇၃၉-၅/ ၂၀၀၁-၂၀၀၂(A)အား ဦးစိုင်းအိုက်ဖန်မှ (၁၀)နှစ်သက်တမ်းအမည်ပေါက် ပိုင်ဆိုင်ခဲ့ရာ ၇-၄-၂၀၁၅ ရက်တွင် ညီမဖြစ်သူ မလင်းအား အိမ်မြေကွက်မေတ္တာဖြင့်ပေးကမ်းခြင်း စာချုပ်ပြုလုပ်ပြီး အမည်ပြောင်း မြေငှားဂရန် ပြုလုပ်သွားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ရက် ၂၀အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာပါသည်။
**ဦးစိုင်းအိုက်ဖန်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေလမ်း ၂၀ အရှေ့၊ အမှတ်(၂၁)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၁၂၇၅/ခ)၊ အကျယ်အဝန်း(၂၀'× ၆၀')ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးသန်းတင်၊ ဒေါ်လတ်လတ်ခိုင်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သန္တာဦး** | **ဦးပြည်သာကျော်မီ** |
| **(LL.B, D.B.L, D.M.L)** | **(LL.B, Dip in CA, Dip in IT)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၀၃)** | **အထက်တန်းရှေ့နေ (စဉ်-၄၁၁၅၈)** |

**အမှတ် ၁၂၅၊ ၆ လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်**

# ဂက်(စ်) ဆိုင်တွင် ဂက်(စ်)အိုးလှယ်ရာမှ ပိုက်ခေါင်းပြုတ်ထွက်၍ ပေါက်ကွဲမှုအနည်းငယ်ဖြစ်ပွား၊ တစ်ဦးဒဏ်ရာရ

**ညောင်လေးပင် စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ (၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ နေစကြာ ဂက်(စ်)ဆိုင်၌ စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ဂက်(စ်) အိုးလှယ်ရာမှ ပိုက်ခေါင်း ပြုတ်ထွက်၍ ပေါက်ကွဲမှုအနည်းငယ်ဖြစ်ပွားပြီး ပြည်သူများ ထိတ်လန့်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်း မြို့မရဲစခန်းအနီး ဦးတင်ကိုဌေး၏ နေစကြာဂက်(စ်) အရောင်းဆိုင်၌ ဂက်(စ်) အိုးဖလှယ်ရာမှ ပိုက်ခေါင်း ပြုတ်ထွက်ပြီး (မီးလောင်မှုမရှိ)ဂက်(စ်)ငွေ့ကြောင့် မြို့မ(၄)ရပ်ကွက် တောင်ဆေးရုံလမ်းနေ ကိုကြည်စိုးအောင် (၃၂နှစ်)တွင် ဂက်(စ်)ငွေ့ကြောင့် ပေါက်ပြဲဒဏ်ရာ ရရှိခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကိုကိုကြီးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသိန်းထိုက်နှင့်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ရေအသုံးပြုခြင်း ရှိ၊ မရှိ သွားရောက်စစ်ဆေးပြီး ထိခိုက် ဒဏ်ရာရရှိသူ ကိုကြည်စိုးအောင်အား မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဂက်(စ်) ဆိုင်၌ ယခုလိုဖြစ်စဉ် သုံးကြိမ်ခန့်ဖြစ်ဖူး၍ ပြည်သူများ ထိတ်လန့်ကာ ကလေးများအန္တရာယ်ရှိကြောင်း ဆိုင်အနီးနားနေသူတစ်ဦးက ပြောသည်။ ထို့ကြောင့် ဆိုင်ပိုင်ရှင် ဦးတင်ကိုဌေးအား ညောင်လေးပင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# တရားမဝင် ကျွန်းသစ်ခွဲသားဆိုက်စုံနှင့် သစ်စက်ပစ္စည်းများ ဖမ်းဆီးရမိ

**ကသာ စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ညောင်ခြေထောက်ကျေးရွာအနောက်ဘက် ငါးမိုင်ခန့် တောင်ချောင်းအတွင်း တရားမဝင် ကျွန်းသစ်အလုံး ၃၀၊ ၆ ဒသမ ၂၁၆၈ တန်၊ ကျွန်းသစ်ခွဲသားဆိုက်စုံ ၄၉ ချောင်း၊ သစ်စက်နှင့် ဆက်စပ်ပစ္စည်းများကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ တရားမဝင်ကျွန်းသစ်များ၊ သစ်စက်နှင့် ဆက်စပ်ပစ္စည်းများကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီခွဲခန့်က ကသာမြို့နယ် သစ်တောဦးစီးမှူး ဦးတင်ထွဏ်း ဦးဆောင်သည့် သစ်တောဝန်ထမ်းများ၊ သစ်တောရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များပူးပေါင်းပြီး သတင်းအရ သွားရောက်ရှာဖွေစဉ် ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်း ရမိခဲ့ခြင်းဖြစ်ပြီး မြို့နယ်သစ်တောဦးစီးဌာနက ထိန်းသိမ်းထားကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# အလုပ်ရမည်ပြောဆိုကာ ငွေကျပ် ၉၆ သိန်း လိမ်လည်သူ သုံးဦးအား တိုင်ကြားအမှုဖွင့်

**တောင်တွင်းကြီး စက်တင်ဘာ ၃၀**

နေပြည်တော်၌ အလုပ်ရ မည်ပြောပြီး ငွေကျပ် ၉၆ သိန်းအား လိမ်လည် တောင်းခံရယူသွားသူ လူသုံးဦးအား တောင်တွင်းကြီးမြို့နေ အမျိုးသမီး တစ်ဦးက စက်တင်ဘာ ၂၇ ရက်တွင် တိုင်ကြား အမှုဖွင့်ထားကြောင်း တောင်တွင်းကြီး မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မလဲ့လဲ့ယဉ်မိုး (၃၂နှစ်) တောင်ပြင်(၁) ရပ်ကွက် တောင်တွင်းကြီးမြို့နေသူသည် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက နေအိမ်၌ရှိနေစဉ် မသူသူတင် (၂၅နှစ်) အုန်းတော (၂) ရပ်ကွက် တောင်တွင်းကြီးမြို့နေသူက နေပြည်တော်၌ အလုပ်လုပ်ကိုင်လိုပါက ရိုးရိုးဝန်ထမ်း တစ်ဦးလျှင် ငွေကျပ် ခုနစ်သိန်း၊ ဒုဦးစီးရာထူးအတွက် ငွေကျပ် သိန်း ၃၀ ပေးရမည်ဖြစ်ကြောင်း ပြောဆို ကာ ၎င်း၏ဦးလေး ဇော်လင်းဦး (၅၂နှစ်) စက်သုံးဆီရောင်းဝယ်ရေး၊ လက်ပံခလေး ကျေးရွာ ပျဉ်းမနားမြို့နယ်နေသူ၏ ဖုန်းနံပါတ်အားပေးပြီး အဆက်အသွယ် ရရှိခဲ့၍ မလဲ့လဲ့ယဉ်မိုးက အလုပ်ဝင်ရောက် လုပ်ကိုင်လိုသူ ၁၂ ဦးအတွက် တောင် တွင်းကြီးမြို့ရိုးမဘဏ်မှ နေပြည်တော် ပျဉ်းမနားရှိ ရိုးမဘဏ်သို့ ဇော်လင်းဦးထံ (၁၁)ကြိမ်လွှဲ ငွေကျပ် ၈၆ သိန်း ကို လည်းကောင်း၊ ဇော်လင်းဦး၏သမီး မဟန်နီမော် (၂၅နှစ်) လက်ပံ ခလေး ကျေးရွာ ပျဉ်းမနားမြို့နယ်နေသူထံ ငွေကျပ် ငါးသိန်းကို လည်းကောင်း၊ မသူသူတင်၏ လက်ဝယ်သို့ ငွေကျပ် ငါးသိန်း စုစုပေါင်း ငွေကျပ် ၉၆ သိန်း လွှဲပြောင်းပေးခဲ့သော်လည်း ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၇ ရက်အထိ တစ်ဦး တစ်ယောက်မျှ အလုပ်အကိုင်ရရှိခြင်း မရှိခဲ့၍ ပေးအပ်ထားသည့် ငွေများအား ပြန်လည်တောင်းခံသော်လည်း ပြန်လည် ပေးအပ်ခြင်းမရှိခဲ့ခြင်းဖြစ်ကြောင်း တရားလို၏တိုင်ကြားချက်အရသိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အလုပ်အကိုင်ရရှိမည်ဟုပြောဆိုကာ ငွေလိမ်လည်တောင်းခံရယူသူ ဇော်လင်းဦး၊ မသူသူတင်၊ မဟန်နီမော်တို့သုံးဦးအား အရေးယူပေးရန် စက်တင်ဘာ ၂၇ ရက်က မလဲ့လဲ့ယဉ်မိုးက တရားလိုပြု တိုင်ကြားခဲ့သောကြောင့် တောင်တွင်းကြီး မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ကျပ်သိန်းတစ်ထောင်ကျော်ရှိ ဘိန်းမည်းထုပ်များ ပင်လည်ဘူး-ဖောင်းပြင်လမ်း၌ သိမ်းဆည်းရမိ

**ပင်လည်ဘူး စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူးသောင်းဌေးနှင့် အဖွဲ့သည် စက်တင်ဘာ ၃၀ ရက် နံနက် ၈ နာရီခွဲက သတင်းအရ မြို့ဝင်မြို့ထွက် ပင်လည်ဘူး-ဖောင်းပြင်ကားလမ်းမပေါ်တွင် မော်တော်ယာဉ်များအား စစ်ဆေးနေစဉ် အဆိုပါလမ်းမပေါ်တွင် တင်ရွှေ တဇွန်းကျေးရွာနေသူ မောင်းနှင်လာသော FENGCT မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ခရီးဆောင်အိတ်အတွင်းမှ ဘိန်းမည်းအထုပ် ၉၅ ကျပ်သားခန့်ပါ အထုပ် ၂၂ထုပ် စုစုပေါင်းအလေးချိန် ၃၄၁၈၂ ဒသမ ၂၃၇ ဂရမ်ခန့်ပါ ဘိန်းမည်းထုပ်များအား ဖမ်းဆီးရမိပြီး ကာလတန်ဖိုး ငွေကျပ် ၁၀၂၃၈၄၀၀ ရှိကြောင်း သိရသည်။

အဆိုပါ ပြစ်မှုကျူးလွန်သူ တင်ရွှေ တစွန်းကျေးရွာ ဗန်းမောက်မြို့နယ်နေသူအား ပင်လည်ဘူးမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မျိုးလွင် (ပင်လည်ဘူး)**



# ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေများ အလွဲသုံးစားပြုသူ လေးဦးအား အမှုဖွင့်

**နတ်မောက် စက်တင်ဘာ ၃၀**

ပွင့်ဖြူမြို့ နယ် လယ်မကျေးရွာ ရေဘေးသင့်ပြည်သူများအား မြန်မာပြည် အရပ်ရပ်မှ လှူဒါန်းထားသည့် ငွေများကို အလွဲ သုံးစားပြုသည်ဟုဆိုကာ လယ်မကျေးရွာနေသူ လေးဦးအား နတ်မောက်မြို့နေ (မြန်မာနိုင်ငံ သတင်းစာဆရာအသင်း မကွေးတိုင်းဒေသကြီး)အလုပ်အမှုဆောင်တစ်ဦးက စက်တင်ဘာ ၂၉ ရက်တွင် တိုင်ကြားအမှုဖွင့်ခဲ့ကြောင်း ပွင့်ဖြူမြို့မရဲစခန်းမှသိရသည်။

ဖြစ်စဉ်မှာ ဦးဇော်ဝင်း အလုပ်အမှုဆောင် (မကွေးတိုင်းဒေသကြီး သတင်းစာဆရာအသင်း) နတ်မောက်မြို့နယ်နေသူသည် စက်တင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီက ပွင့်ဖြူမြို့မ ရဲစခန်းသို့ရောက်ရှိလာပြီး ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း၌ ပွင့်ဖြူမြို့နယ် လယ်မကျေးရွာနေ ရေဘေးသင့်ပြည်သူများအား မြန်မာပြည် အရပ်ရပ်ရှိ စေတနာရှင်များမှ လှူဒါန်း ငွေကျပ် ၈၃၂၀၀၀၀ အား ပွင့်ဖြူမြို့နယ် လယ်မ ကျေးရွာနေသူများဖြစ်ကြသော ဦးကြည်ဝင်း (၅၀နှစ်)၊ ဦးဇော်မင်းအောင် (၄၀နှစ်)၊ မသိဂီအောင် (၄၅နှစ်)နှင့် ဦးသံဝရ ပုပ္ပဝိဟာရ လယ်မရွာ အရှေ့ကျောင်း (ကျောင်းထိုင်ဆရာတော်)တို့ လေးဦးက ရေဘေးသင့်ပြည်သူများထံ ခွဲဝေပေးခြင်းမရှိဘဲ 'မုဒိတာ' အမည်ဖြင့် ကျေးရွာ ပရဟိတလုပ်ငန်းတွင် သုံးရန် ခေါင်းစဉ်ဖြင့် လိုင်စင်မဲ့ မော်တော်ယာဉ်အား ဝယ်ယူကာ ၎င်းတို့၏ကိုယ်ကျိုးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း တရားလို၏ တိုင်ကြားချက်အရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လှူဒါန်းထားသော အလှူငွေများအပေါ် စီမံခန့်ခွဲပိုင်ခွင့်ကို အလွဲသုံးစားပြုလုပ်သူ လေးဦးအား အရေးယူပေးရန် ဦးဇော်ဝင်းက တရားလိုပြု တိုင်ကြားခဲ့သောကြောင့် ပွင့်ဖြူမြို့မ ရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**

# တာမွေမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် သမိန်ဗရမ်းလမ်းတွင် စက်တင်ဘာ ၂၉ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့သည်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့စု (၄၃) ရန်ကုန်တောင်ပိုင်းမှ ရဲအုပ် နေခြည်လင်း ဦးစီးသောအဖွဲ့သည် ယာဉ်အမှတ် - YGN 5F/ --- ကိုယ်ပိုင်ယာဉ်ဖြင့် မူးယစ်ဆေးဝါး လိုက်လံရောင်းချ သုံးစွဲနေကြောင်းသတင်းအရ စောင့်ဆိုင်းနေစဉ် သမိန်ဗရမ်းလမ်း Market တစ်ခုရှေ့၌ ကားပါကင်ထိုး၍ ဇော်ဝင်းထွန်း (၂၉ နှစ်) ဗဟန်းမြို့နယ်နေသူနှင့် နိုင်သော်မင်းအောင် (၂၂ နှစ်) တို့အား ယာဉ်နှင့်အတူဖမ်းဆီး၍ နတ်ချောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်၍ ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် နိုင်သော်မင်းအောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၂၀၀ ကို ယာဉ်နှင့်အတူ လက်ဝယ်တွေ့ရှိသိမ်းဆည်းခဲ့သည်။ အဆိုပါ ဖမ်းဆီးရမိသူများအား တာမွေ မြို့မရဲစခန်းက ဆက်လက်၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လှလှ**


**မိဘအမည်မှန်**

စစ်ကိုင်းမြို့၊လေ့ကျင့်ရေး အထက (ရွှေမင်းဝံ)၊ ပဉ္စမတန်း(က)မှ မောင်နိုင်မျိုးအောင်၏ မိဘအမည်မှန်မှာ ဦးသိန်းထွေး ၁၁/ရဗန(နိုင်)၀၀၂၃၅၆နှင့် ဒေါ်ခင်လှ ၅/စကန(နိုင်) ၁၄၇၀၈၆ ဖြစ်ပါကြောင်း။ **ဦးသိန်းထွေး-ဒေါ်ခင်လှ**

**ကွန်ဒိုငှားမည်**

M.W.E.A Tower

ရွှေတိဂုံဘုရားလမ်း(၁၅၅၀ Sqft)

အဆင့်မြင့်ပြင်ပြီး Full Fur

**ဆက်သွယ်ရန်**

**ဖုန်း-၀၉-၇၇၆၂၅၃၃၅၊ ၀၁-၅၅၄၂၈၁**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်သီဟဝေဖြိုး ၁၂/အစန(နိုင်)၁၉၁၉၆၃၏ နိုင်ငံကူးလက်မှတ်(M 379674)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၇၀၃၇၁၅၅**

**ဖခင်အမည်မှန်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မင်းကုန်းရွာမှ မမီမီဦး၏ ဖခင်အမည်မှန်မှာ ဦးသိန်းထိုက် ဖြစ်ပါကြောင်း။

**ဦးသိန်းထိုက်၉/ပမန(နိုင်)၁၀၅၆၁၃**

**ဖခင်အမည်မှန်**

ကျောက်တန်းမြို့နယ်၊ စံချိန်မီ(၂) ရပ်ကွက်၊ စက်ရုံလမ်း၊ အမှတ် ၅၆ နေထူးချွန် ကိုယ်ပိုင်အထက်တန်းကျောင်းမှ မဟန်နွယ်စိုး၏ဖခင်အမည်မှန်မှာ ဦးမောင်မောင်မျိုး(ခ)မောင်မျိုး (ခ) ကိုမျိုး ၁၂/လကန(နိုင်)၁၁၇၈၁၅ ဖြစ်ပါကြောင်း။

**အမည်ပြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ တက္ကသိုလ်ဝင်တန်းအောင် မသဉ္ဇာလင်းဌေးအား မမေသုခဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် DD/6472၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်နေ ဦးသန်းအေး၏သမီး မဇင်မာသန်း(ခ)နှင်းမာသက် အမည်နာမည်နှစ်မျိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မဇင်မာသန်း ၁၂/ဥကမ(နိုင်)၂၃၃၉၇၈**

**အမည်မှန်နှင့်မွေးသက္ကရာဇ်မှန်**

ကျောက်တံခါးမြို့နယ်၊ ကန်ကလေးကျေးရွာအုပ်စု၊ ကန်ကလေးကျေးရွာနေ ဦးမန်ဟာရီ-ဒေါ်ရွှေဒါရ်၏သမီး မရိုစီ(ခ) မရီကီ၏အမည်မှန်မှာမငွေစီ ၇/ကတခ(နိုင်)၁၃၂၆၈၄ဖြစ်ပြီး မွေးသက္ကရာဇ်မှန်မှာ ၁၀-၇-၁၉၉၃ဖြစ်ပါကြောင်း။

**မငွေစီ (၁၀-၇-၁၉၉၃)**

**ဖခင်အမည်မှန်**

သာစည်မြို့နယ်၊ အလက(ခွဲ)၊ မြင်းခြံ၊ အဋ္ဌမတန်းမှ မခိုင်သင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်သန်း ဖြစ်ပါကြောင်း။

**ဦးအောင်သန်း**

**ဖခင်အမည်မှန်**

သာစည်မြို့နယ်၊ အလက(ခွဲ)၊ မြင်းခြံ၊ ပဉ္စမတန်းမှ မောင်မင်းမင်းသန့်နှင့် ပထမတန်းမှ မောင်ကျော်ခန့်နိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးသွယ် ဖြစ်ပါကြောင်း။ **ဦးသွယ်**

**အမည်ပြောင်း**

ဦးသက်မောင်မောင် ၇/လမတ(နိုင်)၀၃၀၇၂၃၏သား ဘိုကလေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်း (B)မှ မောင်သော်တာဇင်အား မောင်ကောင်းမြတ်သူဟုယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းမြတ်သူ**

**မိဘအမည်အမှန်**

သန်လျင်မြို့နယ်၊ ပျဉ်ထောင်ကျောင်းကျေးရွာ၊ အထက၊ တက္ကသိုလ်ဝင်တန်း (C)မှ မနန်းရွှေ၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးခွန်ထွန်းသစ်ဆန်း ၁၃/ပလန(နိုင်)၀၇၁၆၄၂နှင့် ဒေါ်မြသက် ၁၃/ပလန(နိုင်)၀၆၄၈၄၇ တို့ ဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7F/2421 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖခင်အမည်မှန်**

ကျိုက်ထိုမြို့နယ်၊ အထက(ခွဲ) ကင်မွန်းချောင်း တက္ကသိုလ်ဝင်တန်းမှ စောဌေးဦး၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝင်း ၁၀/ကထန(နိုင်) ၀၁၁၁၇၆ ဖြစ်ပါသည်။

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်စန်းဦး (KMW-134903)၏ Passport (No.မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၂ယ/၃၄၇၈၀ Jialing 90, MC ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နွယ်မြင့် ၉/အမရ(နိုင်)၀၈၄၉၈၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

**အများသိစေရန် အသိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် /မြေကွက်အမှတ် (၁-တိုးချဲ့/၉၆၇)၊ အကျယ်အဝန်း (၄၀'×၆၀')ရှိသော ဒေါ်ညွန့်ရီ အမည်ပေါက် ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင် ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးလှထွန်းဦး ၁၄/ဘကလ(နိုင်)၀၈၁၇၀၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစိန်ဝင်း (စဉ်-၆၀၈၂)**

**B.A, H.G.P,C.B.L,D.B.L,D.M.L ဥပဒေအကျိုးဆောင်**

**တိုက်အမှတ်-၃(အေ)၊ ၃-လွှာ(ခေါင်းရင်းခန်း)၊**

**သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**

**ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅**

**ပျောက်ဆုံးကြောင်း**

အောင်သိန်းသန်း ဆားဗစ်နှင့် အေဂျင်စီ လီမိတက်မှ Toyota Alphard နှင့် ပတ်သက်သော I.D(No-715643), B.L,အိတ်ပိတ်ပါစာရွက်စာတမ်းမူရင်းများ ကားထုတ်စဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ကျေးဇူးဆပ်ပါမည်-**

**ဖုန်း-၀၉-၃၃၈၉၃၈၂၄၊ ၀၉-၂၆၂၃၃၀၅၇၁**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးစောအောင်လှထွေး ၉/ပမန(နိုင်)၁၆၅၂၄၈ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၃၆၉၀၇၃၄**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၄ယ/၂၉၉၃ Shayan 125, MC ယာဉ်လက်ဝယ်ရှိသူ ဦးဆွေမြင့် ၉/မတရ(နိုင်)၀၅၇၄၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

# ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်**

**ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**
**( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၇ ခုနှစ်၊ လ ရက်**
**( ၂၀၁၆ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဥပဒေဆိုင်ရာ **အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဂ)တွင် ပါရှိသော "ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့" ဆိုသည့် စကားရပ်ကို "ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် ဥပဒေအရာ၌ မျှတမှုနှင့် တန်းတူညီမျှမှု အခွင့်အရေးများရရှိစေရန်၊

( ခ ) ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့ကို ဆောင်ရွက်ရာ၌ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီမှု၊ စိတ်ကောင်းစေတနာထားရှိမှုတို့ကိုအခြေခံ၍ ထိရောက်သည့် ဥပဒေဆိုင်ရာ အထောက်အကူရရှိစေရန်၊"

( ခ ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) ပြစ်မှုဆိုင်ရာ ဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှုရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှုနှင့် တရားဥပဒေအပေါ် ယုံကြည်မှုပိုမိုမြင့်မားလာစေရန်၊"

၄။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ(ဇ)ကို ပယ်ဖျက်ရမည်။

၅။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဈ) ဥပဒေဆိုင်ရာ အထောက်အကူပေးသူများကို ဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိရေးနှင့် ယင်းတို့အား အကာကွယ်ပေးရေး။"

၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ)၊ (င)နှင့်(ဇ)တို့တွင် ပါရှိသော "ညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော" ဆိုသည့် စကားရပ်ကို "ညွှန်ကြားရေးမှူး ရာထူးထက်မနိမ့်သော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(ဇ)တွင် ပါရှိသော "အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ (ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဈ) တရားလွှတ်တော်ရှေ့နေများ ကောင်စီမှ အမည်စာရင်းတင်သွင်းသော တရားလွှတ်တော် ရှေ့နေအဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သည့် ရှေ့နေလေးဦး။ (ယင်းတို့အနက်မှ တစ်ဦးကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးရမည်။)" အတွင်းရေးမှူးနှင့် အဖွဲ့ဝင်သုံးဦး

၉။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ)တို့တွင်ပါရှိသော "ဒုတိယညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော" ဆိုသည့် စကားရပ်ကို "ဒုတိယညွှန်ကြားရေးမှူးရာထူးထက်မနိမ့်သော" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သဘောတူညီသောတရားလွှတ်တော်ရှေ့နေအဖြစ်အနည်းဆုံး ၁၀နှစ်အမှုလိုက်ပါဆောင်ရွက်ခဲ့သည့် ရှေ့နေလေးဦး။ (ယင်းတို့အနက်မှတစ်ဦးကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးရမည်။)" အတွင်းရေးမှူးနှင့် အဖွဲ့ဝင်သုံးဦး

၁၁။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၉ တွင်- "(က)ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ အဆင့်ဆင့်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များကို ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊"

( ခ ) အများပြည်သူတို့အား ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ဂ ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးသူများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာစေရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဥပဒေအကူအညီပေးရေး လုပ်ငန်းလုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် လျှောက်ထားလာပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုခြင်း၊"

( ခ ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ (စ) တွင် ပါရှိသော "ပြည်နယ်အတွင်းရှိ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့များ" ဆိုသည့်စကားရပ်ကို "ပြည်နယ်အတွင်းရှိ အဆင့်ဆင့်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ပါက ယင်းတို့၏ ဒေသဦးစီးအဖွဲ့ရုံးစိုက်သည့် မြို့နယ်ရှိ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဖြစ် ပူးတွဲတာဝန်ယူဆောင်ရွက်ရမည်။"

၁၃။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (ဂ)၊ (ဃ)နှင့် (င)တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဂ) ဥပဒေဆိုင်ရာ အထောက်အကူပေးရာတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးသူများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာစေရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုခြင်း၊

(င) အများပြည်သူတို့အား ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်များရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊"

၁၄။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (ဆ)ကို ပယ်ဖျက်ရမည်။

၁၅။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၁၂ ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

"၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-"

၁၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သဘောတူညီသော အနည်းဆုံးသုံးနှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး၊" အတွင်းရေးမှူး။

၁၇။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) အများပြည်သူတို့အား ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်များရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊"

၁၈။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (ဂ)တွင် ပါရှိသော "ပူးပေါင်းပါဝင်လာရန်" ဆိုသည့်စကားရပ်ကို "ပူးပေါင်းပါဝင်လာစေရန်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုခြင်း၊"

၂၀။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ်(၁)၊ (၂) နှင့် (၃) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၁) ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ဝင်ဖြစ်ပါက စုံစမ်းစစ်ဆေး၍ ခိုင်လုံသောအထောက်အထားတွေ့ရှိလျှင် ပြည်ထောင်စုတရားသူကြီးချုပ်က အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရန် ဆုံးဖြတ်ခြင်း၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ဝင်ဖြစ်ပါက စုံစမ်းစစ်ဆေး၍ ခိုင်လုံသော အထောက်အထားတွေ့ရှိလျှင် ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရန် ဆုံးဖြတ်ခြင်း၊

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် သို့မဟုတ် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ဝင်ဖြစ်ပါက စုံစမ်းစစ်ဆေး၍ ခိုင်လုံသော အထောက်အထား တွေ့ရှိလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရန် ဆုံးဖြတ်ခြင်း၊"

၂၁။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၃၇ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "ဥပဒေဆိုင်ရာ အထောက်အကူပေးသူများအနေဖြင့်" ဆိုသည့် စကားရပ်ကို "ဥပဒေဆိုင်ရာ အထောက်အကူပေးသူများကို" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၄၈ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၈။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် နည်း ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။"

---



ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ HIV/AIDS နှင့် ဇီကာဗိုင်းရပ်စ်အကြောင်း အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၈ ရက်က ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ကျင်းပပြီး ဆရာမများနှင့် သင်တန်းသူများအား HIV နှင့် အသည်းရောင်အသားဝါ ဘီပိုး ရှိ မရှိ စမ်းသပ်စစ်ဆေးလိုသူများအား အခမဲ့စမ်းသပ်စစ်ဆေးပေးစဉ်။
စောမျိုးမင်းသိန်း(ပြန်/ဆက်)

## နေပြည်တော် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ ပြင်ဦးလွင်သို့ လာရောက်စစ်ဆေး

**ပြင်ဦးလွင် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့သို့ ရောက်ရှိနေသော နေပြည်တော်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့သည် စက်တင်ဘာလနောက်ဆုံးပတ်က ပြင်ဦးလွင်မြို့ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် ရွှေမြင့်မိုရ်ရိပ်သာ၌ ပြင်ဦးလွင်မြို့နယ်၌ သံသယရှိသူ ၁၂ ဦးထက်မနည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၀ နှင့် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၀ နှင့် ၄၂ အရ ခေါ်ယူဆင့်ဆိုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် စုံစမ်းစစ်ဆေးလျက်ရှိသော အမှုနှင့်ပတ်သက်၍ အသုံးဝင်မည့် သက်သေခံချက်များကို ရှင်းလင်းတင်ပြရန်၊ သက်သေခံချက်တင်ပြရန် သို့မဟုတ် သက်သေတင်ပြရန် အခြားသက်သေများကိုလည်း ခေါ်ယူစစ်ဆေးခဲ့ပြီး ယခုကဲ့သို့ ခုံရုံးဖွဲ့စစ်ဆေးခဲ့ရသည့် အကြောင်းရင်းမှာ မြို့နယ်အုပ်ချုပ်ရေးမှူးအဖွဲ့က ပြင်ဦးလွင်မြို့နယ်အတွင်း လွန်ကောင်းကျေးရွာအုပ်စု မန်ကျင်းအင်းကျေးရွာ တိုးချဲ့မြေယာများအား ပြည်ထဲရေးဝန်ကြီးဌာနက တရားဝင်အမည်ပေါက်ရအောင် ပြုလုပ်ပေးမည်ဟုဆိုကာ ဒေသခံကျေးရွာသူကျေးရွာသားများထံမှ ငွေကျပ် ၃၉၅ သိန်းကို တောင်းယူခဲ့ပြီး အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်ပေးခြင်း မရှိခဲ့သောကြောင့် ယခုကဲ့သို့ စစ်ဆေးခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

## ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး အောက်တိုဘာလဆန်းပိုင်းတွင် ကျင်းပမည်

**မုံရွာ စက်တင်ဘာ ၃၀**

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၆)ကို ၂၀၁၆ခုနှစ် အောက်တိုဘာလလဆန်းပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ရုံးမှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

သို့ဖြစ်ရာ လာမည့်အောက်တိုဘာ ၃ ရက် တနင်္လာနေ့ နံနက် ၁၀ နာရီတွင် ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၆)ကို ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စက်တင်ဘာလလယ်ပိုင်းကတည်းက တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များထံ ဖိတ်ကြားစာများ ပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# ပိုလန်မှ ပေးစာများ - ၄

အောင်အောင် (IR)

ခရက်ကော့ဗ် (Kraków)မှာ ညစာစားပြီး စားသောက်ဆိုင်နဲ့ မလှမ်းမကမ်း အကွာအဝေးမှာတည်ရှိတဲ့ မြို့ဟောင်းဗဟိုရင်ပြင်ကြီး (Main Square of the Old Town) ဆီကို ခြေကျင်သွားကြပါတယ်။ စားသောက်ဆိုင်များရှိတဲ့ လမ်းလေးထဲက လျှောက်လာပြီး လမ်းအဆုံးမှာ ရင်ပြင်ကျယ်ကြီးတစ်ခုနဲ့ ရင်ပြင်ပတ်လည်က ရှေးဟောင်းအဆောက်အအုံတွေကို မျက်စိရှေ့မှာ ဘွားခနဲတွေ့လိုက်ရပါတယ်။

**ခရက်ကော့ဗ်က ရထားလုံး**

စိတ်ထဲမှာ ရှေးနှစ်ပေါင်းရာနဲ့ချီပြီး အတိတ်ကာလတစ်ခုကို ပြန်လည်ရောက်သွားသလိုခံစားမှု ဖြစ်ပေါ်ခဲ့ပါတယ်။ ရင်ပြင်ပတ်ချာလည်တစ်ဝိုက်က စားသောက်ဆိုင်များမှာလည်း စားသောက်ရှုခင်းကြည့်သူများနဲ့ စည်ကားနေပြီး မြင်းနှစ်ကောင်ဆွဲတဲ့ရထားလုံးတွေကို နေရာအနှံ့တွေ့ရပါ တယ်။ မြင်းတွေရော၊ ရထားလုံးတွေပါ အင်မတန် လှပခံ့ညားကြီးမားထည်ဝါတာ သတိပြုမိပါတယ်။ စာရေးသူ ပြီးခဲ့တဲ့ ဩဂုတ်လကမှ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ဆီ ရောက်ခဲ့သေးတာမို့ ပြင်ဦးလွင်က သေးငယ်မှေးမှိန်လှတဲ့ ရထားလုံးတွေနဲ့ ခရက်ကော့ဗ်က ရထားလုံးတွေကို မျက်စိထဲနှိုင်းယှဉ်မြင်ယောင်ရင်း စိတ်ထဲမကောင်းဖြစ်မိခဲ့ပါသေးတယ်။ နောက်တစ်နေ့ နေ့လယ်ဘက် ဒီရင်ပြင်ကြီးဆီကို ပြန်လာမှာဖြစ်ပြီး ညအမှောင်ကလည်း လွှမ်းနေပြီဖြစ်တာမို့လို့ အနီးဝန်းကျင်လှည့်ပတ်ကြည့်ရှုပြီး ဟိုတယ်ကို တက္ကစီနဲ့ပြန်လာခဲ့ကြပါတယ်။

မြို့ဟောင်းဗဟိုရင်ပြင်ကြီးရဲ့ နောက်ခံသမိုင်းကို ၁၃ ရာစုအထိ ခြေရာကောက်နိုင်ပြီး ရင်ပြင်တစ်ခုလုံးဟာ ပေ ၄၃၀၀၀၀ ကျယ်ဝန်းပါတယ်။ ဥရောပတိုက်ရဲ့ အလယ်ခေတ်ကာလ အကြီးမားဆုံး မြို့ပြရင်ပြင်များအနက်မှ တစ်ခုလည်းဖြစ်ပါတယ်။ ရင်ပြင်ကြီးရဲ့အလယ်မှာ ၁၅ ရာစုကာလ နိုင်ငံတကာကုန်သွယ်ရေး အချက်အချာနေရာတစ်ခု ဖြစ်ခဲ့တဲ့ သမိုင်းဝင် Cloth Hall တည်ရှိပြီး ဘေးပတ်လည်မှာတော့ ၁၄ ရာစု၊ ၁၅ ရာစုကာလ ရှေးဟောင်းအဆောက်အအုံတွေ ဝန်းရံလျက်ရှိပါတယ်။

အဆိုပါ Cloth Hall ဟာ ခရက်ကော့ဗ်မြို့ရဲ့ အထင်ရှားဆုံးသော အမှတ်သင်္ကေတတစ်ခုလည်းဖြစ်ပါတယ်။ ရင်ပြင်ကြီး၏ အခြားတစ်ဖက်မှာ ၁၃ ရာစုနှစ်အကုန်တွင် တည်ဆောက်ခဲ့ပြီး ၁၈၂၀ ပြည့်နှစ်တွင် မြို့တော်စီမံကိန်းအစီအစဉ်အတွက် ဖြိုချခြင်းခံခဲ့ရသော မြို့တော်ခန်းမကြီး၏ မူလအစိတ်အပိုင်းဖြစ်သော မြို့တော်ခန်းမမျှော်စင် (Town Hall Tower) တည်ရှိပါတယ်။ မျှော်စင်ရဲ့ မြေအောက်ခန်းများကိုတော့ အလယ်ခေတ်က အကျဉ်းထောင်အဖြစ် အသုံးပြုခဲ့တယ်လို့သိရပါတယ်။ အခြားတစ်ဖက်မှာတော့ ၁၁ ရာစုကာလကကျောက်သားဖြင့် တည်ဆောက်ထားသော ဥရောပတိုက်၏ ရှေးအကျဆုံးဘုရားရှိခိုးကျောင်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်သော Church of St. Adalbert တည်ရှိပါတယ်။

**အလှပဆုံးမြို့တစ်မြို့**

UNESCO က ၁၉၇၈ ခုနှစ်မှာ Cloth Hall အပါအဝင် ခရက်ကော့ဗ်မြို့ဟောင်းဧရိယာတစ်ခုလုံးကို ကမ္ဘာ့အမွေအနှစ်စာရင်းထည့်သွင်းခဲ့ပါတယ်။ ခရက်ကော့ဗ်ဟာ ဥရောပတိုက်ရဲ့ အလှပဆုံးမြို့တွေထဲက မြို့တစ်မြို့ဖြစ်ပြီး အလယ်ခေတ်လက်ရာ အဆောက်အအုံတွေ အများအပြားစုဝေးတည်ရှိရာ နေရာတစ်နေရာဖြစ်ပါတယ်။ ခရက်ကော့ဗ်မှာ လူဦးရေ တစ်သန်းနီးပါး နေထိုင်ပြီး အဲဒီထဲက ၂၀၀၀၀၀ နီးပါးဟာ ခရက်ကော့ဗ်မှာ ပညာသင်ယူနေကြတဲ့ ပိုလန်နဲ့ နိုင်ငံတကာ ကျောင်းသားတွေ ဖြစ်ပါတယ်။

**ပိုလန်နိုင်ငံရဲ့ပညာရေးဗဟိုဌာန**

ဆိုချင်တာက ခရက်ကော့ဗ်ဟာ ပိုလန်နိုင်ငံရဲ့ ပညာရေးဗဟိုဌာနလည်း ဖြစ်ပါတယ်။ ခရက်ကော့ဗ်ဟာ ၂၀၀၀ ပြည့်နှစ်မှာလည်း ဥရောပတစ်တိုက်လုံးရဲ့ ယဉ်ကျေးမှုမြို့တော်အဖြစ် အသိအမှတ်ပြုခံရပါတယ်။ စာရေးသူတို့ ပိုလန်မလာခင်ကတည်းက ရန်ကုန်က ပိုလန်သံရုံးတာဝန်ရှိသူက ဝါဆောမှာတွေ့ရမယ့် သမိုင်းဝင်အဆောက်အအုံအများစုဟာ ဒုတိယကမ္ဘာစစ်အတွင်း ပျက်စီးခဲ့လို့ အားလုံးနီးပါး အသစ်ပြန်လည်ပြုပြင်တည်ဆောက်ထားတာဖြစ်ပေမယ့် ခရက်ကော့ဗ်မှာတွေ့ရမယ့် အဆောက်အအုံအများစုဟာ နဂိုမူလအခြေအနေအတိုင်း ရှိနေတယ်ဆိုတာသိရလို့ ခရက်ကော့ဗ်ခရီးစဉ်ကို အထူးစိတ်လှုပ်ရှားနေမိခဲ့ပါတယ်။

စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီမှာ ခရက်ကော့ဗ်မြို့ဟောင်းလေ့လာရေးခရီးစဉ်ကို စတင်ပါတယ်။ စာရေးသူတို့နဲ့ အမြဲလိုက်ပါတဲ့ ဆက်သွယ်ရေးတာဝန်ခံပက် (Pat)နဲ့ စာရေးသူတို့ လေးဦးသားဟိုတယ်ကနေ မြို့ဟောင်းဧရိယာဘက်ဆီ တက္ကစီနဲ့သွားကြပါတယ်။ မြို့ဟောင်းမှာ အသင့်စောင့်နေတဲ့ မာတာ(Marta) ဆိုတဲ့ ဧည့်လမ်းညွှန်အမျိုးသမီးနဲ့ဆုံတွေ့ပြီး ဧည့်လမ်းညွှန်မာတာနဲ့အတူ မြို့ဟောင်းကအဆောက်အအုံတွေဆီ သွားရောက်ခဲ့ပါတယ်။ လေ့လာရေးခရီးမစမီ မာတာက တစ်နေရာမှာစုရပ်လုပ်ပြီး ခရက်ကော့ဗ်မြို့အကြောင်းရှင်းပြပါတယ်။ သူရှင်းပြချက်တွေထဲမှာ စိတ်ဝင်စားစရာကောင်းတာတွေက ခရက်ကော့ဗ်ရဲ့သမိုင်းကြောင်းနဲ့ အရေးပါပုံတို့ပဲဖြစ်ပါတယ်။ ခရက်ကော့ဗ်ဟာ ၁၀၃၈ ခုနှစ်ကနေ ၁၆၀၉ ခုနှစ်အထိ ပိုလန်ဘုရင့်နိုင်ငံတော်ရဲ့မြို့တော်ဖြစ်ခဲ့ပြီး (အင်တာနက်တွင်မူ ၁၀၃၈ ခုနှစ်မှ ၁၅၉၆ ခုနှစ်စသဖြင့် ခုနှစ်များကွဲလွဲမှုအချို့ရှိပါတယ်) ဒုတိယကမ္ဘာစစ်ကာလ နာဇီဂျာမနီ ကျူးကျော်သိမ်းပိုက်မှုအတွင်း ဂျာမန်အထွေထွေအုပ်ချုပ်ရေးအဖွဲ့ ရုံးစိုက်ရာမြို့တော်လည်းဖြစ်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ကာလအတွင်း ပိုလန်နိုင်ငံ ဝါဆောမြို့တော်ဟာ ဂျာမနီလေကြောင်းက ဗုံးကြဲတိုက်ခိုက်မှုတွေကြောင့် အကြီးအကျယ်ပျက်စီးခဲ့ပေမယ့် ခရက်ကော့ဗ်ကတော့ ဂျာမန်အုပ်ချုပ်ရေးအဖွဲ့ ရုံးစိုက်ရာနေရာဖြစ်လို့ စစ်ဒဏ်ကလွတ်ကင်းခဲ့ပါတယ်။

**ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ် ၂**

ခရက်ကော့ဗ်ဟာခေတ်သစ်သမိုင်းမှာ အင်မတန်မှ ထင်ရှားလှတဲ့ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ် 2 (Pope John Paul II) ဂိုဏ်းချုပ်ဘုန်းတော်ကြီးအဖြစ်နေထိုင်ခဲ့တဲ့မြို့တစ်မြို့လည်းဖြစ်ပါတယ်။ ပုပ်ရဟန်းမင်းကြီးဟာ ၁၉၇၈ ခုနှစ် မှ ၂၀၀၅ ခုနှစ် အထိပုပ်ရဟန်းမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သူ့ရဲ့ငယ်နာမည်က Karol Józef Wojtyla ဖြစ်ပါတယ်။ ဗာတီကန်မှာ ပုပ်ရဟန်းမင်းကြီးအဖြစ် တာဝန် မထမ်းဆောင်မီ ခရက်ကော့ဗ်ရဲ့ ဂိုဏ်းချုပ်ဘုန်းတော်ကြီးအဖြစ် ၁၉၆၄ ခုနှစ်မှ ၁၉၇၈ ခုနှစ် အထိတာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ခရက်ကော့ဗ်ဟာ ခရီးသည် ၁၀ သန်းနီးပါး လက်ခံရရှိခဲ့ပြီး အဲဒီထဲကသုံးသန်းလောက်ဟာ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်တွေ ဖြစ်ကြပါတယ်။

ခရက်ကော့ဗ်မှာထင်ရှားတဲ့ ကက်သိုလစ် ဘုရားရှိခိုးကျောင်းကြီးနှစ်ကျောင်းရှိပါတယ်။ တစ်ခုက မြို့တော်ဘုရားရှိခိုးကျောင်း (City Cathedral) လို့ ခေါ်ပြီး နောက်တစ်ခုက တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ တော်ဝင်ဘုရားရှိခိုးကျောင်း (Royal Cathedral) လို့ခေါ်ပါတယ်။ ဗာလ်ဗဲယ် တောင်ကုန်း (Wawel Hill) ပေါ်မှာ တည်ရှိလို့ ဗာလ်ဗဲယ်ဘုရားကျောင်းတော်ကြီး (Wawel Cathedral) လို့လည်း ခေါ်ကြပါတယ်။ စာရေးသူတို့အဖွဲ့ တော်ဝင်ဘုရားရှိခိုးကျောင်းကို ဝင်ရောက်လည်ပတ်ကြပါတယ်။

သာသွားရပါတယ်။ အော့စ်ဝက်ချ် (Auschwitz) ဆိုတာ ဒုတိယကမ္ဘာစစ်ကာလ နာဇီဂျာမနီတို့မှ ၎င်းတို့သိမ်းပိုက်ထားသောပိုလန်နိုင်ငံတွင် ဖွင့်လှစ်ခဲ့သောနိုင်ငံရေးအကျဉ်းသားများ၊ စစ်သုံ့ပန်းများ၊ ဂျူးဘာသာဝင်များနှင့် အခြားသောအကျဉ်းသားများကိုအစုအပြုံလိုက် ချုပ်နှောင်ဖမ်းဆီးနှိပ်ကွပ်သတ်ဖြတ်ရာ အကျဉ်းစခန်းကွန်ရက်တစ်ခုဖြစ်ပါတယ်။

အော့စ်ဝက်ချ် အကျဉ်းစခန်းကွန်ရက်တွင် အော့စ်ဝက်ချ် ၁ (မူလစခန်း) (Auschwitz I)၊ အော့စ်ဝက်ချ် ၂ (နိုင်ငံရေးနှင့် ရှင်းလင်းသုတ်သင်ရေးစခန်း) (Auschwitz II–Birkenau) နှင့် အော့စ်ဝက်ချ် ၃ (ဓာတုလက်နက်အလုပ်ရုံအလုပ်ကြမ်းစခန်း) (Auschwitz III–Monowitz) တို့ပါဝင်ပြီးအခြားထိန်းသိမ်းရေးစခန်းငယ် ၄၅ ခုလည်းပါဝင်ပါတယ်။

အော့စ်ဝက်ချ် ၁ ကိုပိုလန်နိုင်ငံရေးအကျဉ်းသားများအား ထိန်းသိမ်းရန် ရည်ရွယ်ချက်နဲ့ မေလ ၁၉၄၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ ထို့နောက် အော့စ်ဝက်ချ် ၂ ကိုဆက်လက်ဆောက်လုပ်ကာ အဆိုပါ အော့စ်ဝက်ချ် ၁ နှင့် ၂ ၏ ဓာတ်ငွေ့ခန်းမကြီးများအတွင်းဝယ် ဥရောပတစ်လွှား ဖမ်းယူရရှိခဲ့သော ဂျူးလူမျိုး သိန်းပေါင်းများစွာသည် ကလေး၊ လူကြီးမကျန်လောင်တိုက်သွင်း အကွပ်အမျက်ခံခဲ့ရတယ်။

**အိပ်မက်တစ်ခုသဖွယ်**

သမိုင်းအထောက်အထားများအရ အဆိုပါအကျဉ်းစခန်းများအတွင်း ဂျူးလူမျိုးတစ်သန်းခန့် သေဆုံးခဲ့ကြကာ အခြားသောပိုးလူမျိုးများ (ပိုလန်လူမျိုးများ)၊ နိုင်ငံခြားသားများ၊ လိင်တူဆက်ဆံသူများနှင့် ဆိုဗီယက်စစ်သုံ့ပန်း အကျဉ်းသားထောင်ပေါင်းများစွာသည်လည်း အစားအစာငတ်မွတ်ခြင်း၊ အလုပ်ကြမ်းများလုပ်ရခြင်း၊ ကူးစက်ရောဂါဘေး၊ ဆေးဝါးချို့တဲ့မှု၊ လူသတ်ဓာတ်ငွေ့လွှတ်ခန်းမကြီးများနှင့် တစ်ဦးချင်းသတ်ဖြတ်ခံရခြင်းများကြောင့် အသက်ဆုံးပါးခဲ့ပါတယ်။ ငယ်စဉ်ကတည်းက အဆိုပါ အကျဉ်းစခန်းကြီးအကြောင်းကို စာအုပ်များ၊ ဟောလီးဝုဒ်ရုပ်ရှင်များမှတစ်ဆင့် ကြားသိခဲ့ရသဖြင့် အကျဉ်းစခန်းကြီးအတွင်းသို့ ရောက်ရှိလေ့လာရချိန်ဝယ် အိပ်မက်တစ်ခုသဖွယ် ခံစားစိတ်ဖြစ်ပေါ်ခဲ့ပါတယ်။ အော့စ်ဝက်ချ်ပင်မအကျဉ်းစခန်း အဝင်ဂိတ်တွင် ဓာတ်ပုံများရိုက်ယူကြပြီးနောက် အကျဉ်းစခန်းအမှတ် ၁ နှင့် အမှတ် ၂ တို့သို့ သုံးနာရီကျော်ခန့် ဝင်ရောက်လည်ပတ်ခဲ့ပါတယ်။



**တော်ဝင်ရဲတိုက်ကြီးကိုလည်း လေ့လာ**

ဒီဘုရားကျောင်းတော်ဟာ ပိုလန်နိုင်ငံသမိုင်းတစ်လျှောက် ကွယ်လွန်ခဲ့ကြတဲ့ ပိုလန်ရှင်ဘုရင်များကို ဂူသွင်းမြှုပ်နှံရာနေရာလည်း ဖြစ်ပါတယ်။ ၁၅၉၆ ခုနှစ်မှာ မြို့တော်ကို ခရက်ကော့ဗ်ကနေ ဝါဆောကိုပြောင်းရွှေ့သွားခဲ့ပေမယ့် ဝါဆောမြို့တော်မှာနေထိုင်အုပ်ချုပ်တဲ့ ပိုလန်ဘုရင်များကွယ်လွန်တဲ့အခါ သူတို့ရုပ်အလောင်းများကို ခရက်ကော့ဗ်ဆီ ပြန်ယူသယ်ယူလာပြီး တော်ဝင်ဘုရားရှိခိုးကျောင်းအတွင်းမှာ မြှုပ်နှံတယ်လို့ သိရပါတယ်။ ဘုရားကျောင်းအတွင်းမှာ ကျောက်ဖြူ၊ ကျောက်သား၊ ရုပ်လုံး၊ ရုပ်ကြွများနဲ့ အင်မတန်မှ လက်ရာမြောက်လှပသေသပ်ပြီး သေဆုံးကွယ်လွန်သွားကြတဲ့ ပိုလန်ဘုရင်များရဲ့ ဂူဗိမာန်များကို တခမ်းတနားတွေ့ရပါတယ်။ ဒါ့အပြင် ၂၀၁၀ ပြည့်နှစ် ရုရှားနိုင်ငံခရီးစဉ်တစ်ခုအတွင်း လေယာဉ်ပျက်ကျ ကွယ်လွန်သွားခဲ့ကြတဲ့ ပိုလန်သမ္မတ President Lech Kaczynski နဲ့ သူရဲ့ဇနီးတို့ကိုလည်း အဲဒီဘုရားကျောင်းထဲမှာပဲ တခမ်းတနား မြှုပ်နှံထားတာတွေ့ရပါတယ်။ တော်ဝင် ဘုရားကျောင်းတော်ကြီးအပြင် ၁၃၀၀ ပြည့်လွန်နှစ်များတွင် တည်ဆောက်ခဲ့သော ဗာလ်ဗဲယ် တော်ဝင်ရဲတိုက်ကြီး (Wawel Royal Castle) ကိုလည်း ဝင်ရောက်လေ့လာဖြစ်ခဲ့ပါတယ်။

**သေမင်းတမန် အကျဉ်းစခန်း**

ခရက်ကော့ဗ်မြို့ လေ့လာရေးခရီးစဉ်အတွင်းခရက်ကော့ဗ်မှ ၃၁ မိုင် အကွာအဝေးတွင်ရှိသော Oswiecim မြို့မှာတည်ရှိတဲ့ နာမည်ကျော် သေမင်းတမန် အကျဉ်းစခန်းတစ်ခုဖြစ်တဲ့ အော့စ်ဝက်ချ် (Auschwitz) ဆီလည်းသွားရောက်လည်ပတ်ခဲ့ပါတယ်။ ခရက်ကော့ဗ်ကနေ Oswiecim ဆီ ကားနဲ့ ၁နာရီ ၁၅ မိနစ်သာ

စာရေးသူတို့အဖွဲ့အတွက် Lukasz ဆိုသူ တိုးရစ်ဧည့်လမ်းညွှန်တစ်ဦး ငှားရမ်းပေးထားပြီး အဆိုပါဧည့်လမ်းညွှန်အကူအညီနဲ့ စခန်းကြီးအတွင်းရှိ သမိုင်းဝင်နေရာအနှံ့အပြားသို့ အချိန်တိုအတွင်း ဝင်ရောက်လေ့လာဖြစ်ခဲ့တယ်။ စာရေးသူတို့အဖွဲ့ အကျဉ်းစခန်းသို့ရောက်ရှိချိန်ဝယ် ရာသီဥတုမှာ သာယာကောင်းမွန်နေပြီး ကမ္ဘာတစ်လွှားမှ လာရောက်လေ့လာသူများနှင့် အထူးစည်ကားလျက်ရှိပါတယ်။ အစ္စရေးနိုင်ငံမှ လာရောက်လေ့လာသော အစ္စရေးအလံများကိုင်ဆောင်ထားသည့် ဂျူးလူငယ်အမြောက်အမြားကိုလည်းတွေ့ရပြီး သူတို့အနီးသို့ သွားရောက်တဲ့အခါ စာရေးသူတို့အား ခင်မင်ရင်းနှီးစွာမိတ်ဆက်ကြပါတယ်။

**ကြိုးပေးကွပ်မျက်**

အကျဉ်းစခန်းများအတွင်း အကျဉ်းကျကာလ (၁၉၄၀-၁၉၄၅) သေဆုံးကွယ်လွန်ခဲ့ကြသော အကျဉ်းသားထောင်ပေါင်းများစွာ၏ ဆံပင်များ၊ အဝတ်အထည်များ၊ ဖိနပ်များ၊ အသုံးအဆောင်ပစ္စည်းများ၊ အရိုးပြာများ၊ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများကို စနစ်တကျ သိမ်းဆည်းထားပြီးအကျဉ်းသားများ၏ နေ့စဉ် နေထိုင်မှုအခြေအနေကိုလည်း ရှင်းလင်းစွာ တွေ့မြင်နိုင်ပါတယ်။ ဒါ့အပြင် ဂျာမန်ဂက်စတာပိုလျှို့ဝှက်ရဲတပ်ဖွဲ့၏ စစ်ခုံရုံး၊ အကျဉ်းသားများအား အစုအပြုံလိုက် ဓာတ်ငွေ့လွှတ်သတ်ဖြတ်ရာ ဓာတ်ငွေ့ခန်းမကြီးများ၊ ပစ်သတ် ကွပ်မျက်ရာနေရာများ၊ အကျဉ်းသားများသယ်ဆောင်အသုံးပြုရာ မီးရထားလမ်းများ၊ အကျဉ်းသားများအားကြိုးပေးကွပ်မျက်ရာနေရာများအပြင် ဂျာမနီစစ်ရှုံးပြီးနောက် အော့စ်ဝက်ချ်အကျဉ်းစခန်းတာဝန်ခံစခန်းမှူး Rudolf Hoess ကို ကြိုးပေးကွပ်မျက်ရာနေရာများသို့လည်း လေ့လာလည်ပတ်ဖြစ်ခဲ့ပါတယ်။ အော့စ်ဝက်ချ်ကနေ တည်းခိုရာ ခရက်ကော့ဗ်ကိုပြန်တော့ ည ၇ နာရီနီးပါးရှိပြီ။



# မိတ္ထီလာမြောက်ကန်၊ တောင်ကန်ပြုပြင်ပြီး၍ရေပိုဝင်လာသည့်အတွက် စိုက်ပျိုးဧကများ ပိုမိုစိုက်လာနိုင်

**မိတ္ထီလာ စက်တင်ဘာ ၃၀**

မိတ္ထီလာကန်တော်ကြီးမှာ မြို့နယ်လူထုအတွက်သောက်သုံးရေနှင့် စိုက်ပျိုးရေးအတွက် အဓိကထား ဆည်ဖို့ပြုပြင်ခဲ့သော သမိုင်းဝင်ကန်တော်ကြီးဖြစ်သည်။

မိတ္ထီလာကန်တော်ကြီးမှာ မြောက်ကန်နှင့်တောင်ကန်ဟူ၍ကန်ကြီးနှစ်ကန်ကို ကန်ပေါင်တစ်ခုတည်းဖြင့်တည်ဆောက်ထားသောကန်တော်ကြီးဖြစ်သည်။ ကန်ကြီးနှစ်ကန် တစ်ဆက်တည်းဖြစ်စေရန်နှင့် ရေအမြင့်အမှတ်များကိုလိုအပ်သလိုထိန်းညှိ နိုင်စေရန် ရေကန် ကန်ပေါင်ပေါ်တွင်လေးပေါက်ရေဖွင့်တံခါးနှင့် ခြောက်ပေါက်ရေဖွင့်တံခါးများ တပ်ဆင်ထားသည်။

မိတ္ထီလာမြောက်ကန်အတွင်းသို့ မုန်တိုင်ချောင်း၊ တလင်းကုန်းချောင်း၊ ကြာအင်းချောင်း၊ ကုက္ကိုချောင်းနှင့် အင်းပက်လက်ချောင်းများမှ ရေစီးဝင်သည်။ မိတ္ထီလာကန်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် သဲနုန်းပို့ချမှု လျော့နည်းစေရန်အတွက် မိတ္ထီလာမြို့နယ်အတွင်း၌ မုန်တိုင်ဆည်၊ ရှမ်းမငယ်တမံ၊ ချောင်းကောက်တမံ၊ လွန်ငင်တမံ၊ ညောင်ကုန်းတမံများကို တည်ဆောက်ထားသည်။ မိတ္ထီလာတောင်ကန်တွင် ဆက်သွယ်မြောင်းများဖောက်လုပ်ကာ ရေကူဖြည့်ဆည်းပေးနေသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မိတ္ထီလာကန်အတွင်းစီးဝင်သော ရေဝင်ချောင်းများဖြစ်သည့် မုန်တိုင်ချောင်း၊ ကြာအင်းချောင်း၊ တလင်းကုန်းချောင်းနှင့် ကုက္ကိုချောင်းများကို သဲ၊ နုန်းတူးဖော်ပေးခဲ့သဖြင့် ယခင်ရေကြီးခဲ့သည့်ကျေးရွာငါးရွာမှာ ရေလွှမ်းမိုးနစ်မြုပ်မှုမှကာကွယ်နိုင်ခဲ့သည်။

၂၀၁၅-၂၀၁၆ တွင်လည်း မိတ္ထီလာမြောက်ကန်အတွင်း သဲနုန်းတူးဖော်၍ကန်ပေါင်မြှင့်တင်ခြင်း၊ ကန်ပေါင်အတွင်းဘက်အလျောကျောက်ကြီးစီခြင်း၊ ရေကျော်နှင့်ရေတံခါးများ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သဖြင့် ယခုအခါ မိတ္ထီလာကန်အတွင်းရေပမာဏ ၂၄၈၄၆ ဧကပေ ပြန်လည်သိုလှောင်နိုင်တော့မည်ဖြစ်သည်။

မိတ္ထီလာမြို့နယ်တွင် ဩဂုတ် ၂၄ ရက်အထိမိုးရေချိန် ၁၇ ဒသမ ၃၂ လက်မအထိရွာသွန်းခဲ့သည်။ မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့်မိတ္ထီလာကန်အတွင်းသို့ ရေပမာဏ ဧကပေ ၅၉၁၀ ဝင်ရောက်ခဲ့ပြီး မိတ္ထီလာကန်၏လက်ရှိသိုလှောင်ထားသော ရေပမာဏမှာ ဧကပေ ၉၄၃၀ ဖြစ်သည်။ ၂၀၁၆-၂၀၁၇ နှစ်ဦးပိုင်းတွင် မိုးစပါးဧက ၁၁၀၀ သာလျာထားခဲ့သော်လည်း ကန်အတွင်းရေများသဖြင့် မိုးစပါးဧက ၂၀၀ ကျော်တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့သည်။

ယခုကဲ့သို့ မိတ္ထီလာမြောက်ကန်၊ တောင်ကန်များအတွင်း သဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်ကို ဒီဇိုင်းပုံစံကျမြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားသဖြင့် ကန်အတွင်းရေပိုမို သိုလှောင်နိုင်ပြီး စိုက်ပျိုးရေအပြည့်အဝပေးနိုင်ပြီဖြစ်၍ မိုးစပါးဧက ပိုမိုစိုက်ပျိုးနိုင်ပြီဖြစ်သည်။

**တင်လှိုင်(မိတ္ထီလာ)**

# မုန့်ဆိုင်များတွင် စီးကရက်ဘူးပုံစံ ရောင်စုံမုန့်ဘူးများ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး



**ဝါးခယ်မ စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်း၌ စီးကရက်ဘူးပုံစံ ရောင်စုံမုန့်ဘူးများ ရောင်းချမှုမရှိစေရေးအတွက် မုန့်ဆိုင်များသို့ ကွင်းဆင်းစစ်ဆေးမှုကို စက်တင်ဘာ ၂၉ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

စီးကရက်ဘူးပုံစံ ရောင်စုံမုန့်ဘူးများကို ကျောင်းသား ကျောင်းသူ ကလေးငယ်များ စားသုံးပြီး အတုမြင် အတတ်သင်ဆိုသကဲ့သို့ ဆေးလိပ်သောက်ခြင်း အမူအကျင့် မရှိစေရန်နှင့် ကျန်းမာရေးအတွက် ထိခိုက်စေသော သက်တမ်းလွန်မုန့်များ၊ အချိုရည်ဘူးများ၊ ဓာတုဆိုးဆေးအသုံးပြုထားသော အစားအစာများကို စစ်ဆေးပေးခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဒေါ်သန်းသန်းဆင့်နှင့် ဝန်ထမ်းများ၊ မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများပူးပေါင်း၍ စည်ပင်သာယာဈေးအတွင်းရှိ မုန့်ဆိုင်များ၊ အိမ်ဆိုင်များသို့လိုက်လံကာ ရောင်းချခြင်းမပြုရန် စစ်ဆေး၍ အသိပညာပေးကာ၊ ရောင်းချမှုပြုလုပ်ပါက ယင်းစားသောက်ကုန်များအား သိမ်းဆည်းသွားမည်ဖြစ်ကြောင်း သိရသည်။

**လှမ်းသီဟ (ဝါးခယ်မ)**

# ခွေးရူးရောဂါနှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးပညာပေးဟောပြောပွဲကျင်းပ

**ကော့ကရိတ် စက်တင်ဘာ ၃၀**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျင်းပသည့် ခွေးရူးရောဂါဖယ်ရှားရေး ကာကွယ်ဆေးထိုးကာပညာပေးဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက် နံနက်က ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာရွှေမောင်းက ခွေးရူးရောဂါသည် တိရစ္ဆာန်မှ လူသို့ ကူးစက်နိုင်သော ရောဂါဖြစ်သည့်အတွက် ခွေးရူးကိုက်ခံရပါက လူတွင် ဆေးထိုးနိုင်သည့်အပြင် ခွေးများတွင်လည်း ကြိုတင်ကာကွယ်ဆေးထိုးနှံခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်သည့်အကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကော့ကရိတ်ခရိုင် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ဝင်းချိုချိုအောင်က ခွေးရူးရောဂါသည် အန္တရာယ်ရှိသည့်ရောဂါတစ်မျိုးဖြစ်သည့်အတွက် ခွေးကိုက်ခံရပါက စောနိုင်သမျှစောစွာ နီးစပ်ရာ ဆေးခန်း၊ ဆေးရုံများသို့ သွားရောက်ဆေးကုသခံယူရန်နှင့်နောက်ကျပါက သေစေနိုင်သည့် အန္တရာယ်နှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်နေပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**စိုးထက်အောင်(ပြန်/ဆက်)**



နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ခုတင် ၁၀၀၀ ဆံ့ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာ ၂၈ ရက်က (၅၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ရထားရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင် ၅၅ ဦး စုပေါင်းသွေးလှူဒါန်းခဲ့ရာ သွေးလှူဒါန်းရာသို့ ရထားရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်နေဝင်း၊ ဒုတိယ တပ်ဖွဲ့မှူးနှင့်ဆေးရုံအုပ်ကြီး ဒေါက်တာသီတာလှတို့ လိုက်လံကြည့်ရှုအားပေးစဉ်

ကိုမျိုး(ရွှေပေါက်ကံ)

# မြို့နယ်သံဃနာယက အသိအမှတ်ပြုလက်မှတ် ဆက်ကပ်ပွဲအခမ်းအနားကျင်းပ

**ပြည် စက်တင်ဘာ ၃၀**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဆက်ကပ်သောမြို့နယ်သံဃနာယက အသိအမှတ်ပြုလက်မှတ်ဆက်ကပ်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့ကိုးသောင်းသာသနမင်္ဂလာစာသင်တိုက်၌ စက်တင်ဘာ ၂၇ ရက် နံနက်က ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော်အဘိဇမဟာရဋ္ဌဂုရုဘဒ္ဒန္တကုဏ္ဍလဇောတိမဟာထေရ်က အဖွင့်သြဝါဒကထာမိန့်ကြားပြီး မြို့နယ်သံဃနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တသြဘာသက မြို့နယ်သံဃအဖွဲ့ကိုယ်စား လျှောက်ထားပြီး တိုင်းဒေသကြီး သာသနာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်လင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက်နိုင်ငံတော်သြဝါဒါစရိယဇောတိကာရုံပါဠိ တက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော်က မြို့နယ်သံဃနာယကဆရာတော် တစ်ပါးချင်း အသိအမှတ်ပြုလက်မှတ်များ ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**



# ရွှေဘို၌ အခြေခံကွန်ပျူတာ သင်တန်းဖွင့်

**ရွှေဘို စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်/မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနနှင့် ရွှေလမင်းနဂါးကုမ္ပဏီတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံကွန်ပျူတာ သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၇ရက်က ခရိုင်ကျေးလက်ဦးစီးဌာနရုံး၌ ကျင်းပသည်။ အခမ်းအနားတွင် ရွှေဘိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်သိန်းက အမှာစကားပြောကြားပြီး ရွှေလမင်းနဂါးကုမ္ပဏီမှ ဦးစိုးမင်းမောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်ပို့ချမည့် ဘာသာရပ်တို့ကို ရှင်းလင်းသည်။ သင်တန်းသို့ကျေးရွာ ၁၁ ရွာမှ သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာတစ်လဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းညို (ကျွန်းလှ)**

# စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ မန္တလေးတက္ကသိုလ်၌ ကျင်းပ

**မန္တလေး စက်တင်ဘာ ၃၀**

အောက်တိုဘာ ၅ ရက် ကျရောက်သော ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲကို စက်တင်ဘာ ၂၈ ရက်က မန္တလေးတက္ကသိုလ်ရာဇာတ်ခန်းမ၌ ကျင်းပသည်။ ပြိုင်ပွဲတွင် ယနေ့ပညာရေးနှင့် ဆရာတို့၏အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် မြတ်ဆရာ ခေါင်းစဉ်ဖြင့်လည်းကောင်း မန္တလေးတက္ကသိုလ်၏ ပထမနှစ်(ထူးချွန်)၊ ဒုတိယနှစ်(ထူးချွန်)၊ တတိယနှစ်(ထူးချွန်)၊ ပထမနှစ်ဂုဏ်ထူးတန်း(ထူးချွန်)နှင့် မဟာဒုတိယ နှစ်ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ဖြေဆိုခဲ့ကြောင်း သိရသည်။ **မောင်မောင်**



(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နန္ဒဝင်းဦးစီးသော အရာရှိ၊ အခြားအဆင့်တပ်ဖွဲ့ဝင်မိသားစုများ စက်တင်ဘာ ၂၈ ရက်က ဘီးလင်းမြို့နယ် ကုသိနာရုံ ဆံတော်ရှင် စေတီတော်မြတ် တောင်တက်လမ်းခင်း စုပေါင်းလုပ်အားပေးကြစဉ်

နန္ဒကျော်စွာ

# မှူခင်းပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ပညာပေး

**သဲကုန်း စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်၏ ကြီးကြပ်လမ်းညွှန်မှု၊ ပြည်ခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး မြင့်ကြည်တို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် သဲကုန်းမြို့နယ်အတွင်း လူစည်ကားရာနေရာများတွင် မှူခင်းပညာပေးယာဉ်ဖြင့် ပြခန်းဖွင့်လှစ်၍ ပညာပေးလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးမြင့်ကို ဦးစီး၍ စက်တင်ဘာလ စတုတ္ထပတ်က ပုတီးကုန်း(အထက)၊ ဝက်ပုတ် (အထက)၊ သဲကုန်းမြို့ရပ်ကွက် (၁) လမ်းမတော်လမ်းနှင့် ဈေးချိုလမ်းထောင့် မြို့မဈေး၊ သဲကုန်း(အထက) ကျောင်းရှေ့တို့တွင် ပညာပေးပြခန်းယာဉ်ဖြင့် ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများလာရောက်လေ့လာကြည့်ရှုခဲ့ကြပြီး ရဲတပ်ဖွဲ့ဝင်များနှင့် ရဲမေများ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# နိုင်ငံတော်သမ္မတရုံးသို့ ဝက်ဘ်ဆိုက်မှတစ်ဆင့် အကြံပြုစာ၊ တိုင်ကြားစာနှင့် အသနားခံစာများ ပေးပို့နိုင်ပြီ

**ရန်ကုန် စက်တင်ဘာ ၃၀**

ပြည်သူများအနေဖြင့် နိုင်ငံတော်သမ္မတရုံးသို့ အကြံပြုစာ၊ တိုင်ကြားစာနှင့် အသနားခံစာများ ပေးပို့လိုပါက နိုင်ငံတော်သမ္မတရုံးဝက်ဘ်ဆိုက်မှတစ်ဆင့် စက်တင်ဘာ ၂၈ ရက်မှစ၍ ပေးပို့နိုင်ပြီဖြစ်ပြီး တင်ပြချက်များကို အလေးထား၍ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတရုံးသို့ အွန်လိုင်းမှ စာများတင်ပြရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ ဝက်ဘ်ဆိုက် www.president-office.gov.mm မှတစ်ဆင့် ပေးပို့ရမည်ဖြစ်ပြီး စာများပေးပို့ရန်အတွက် ဖုန်းဖြင့် SMS Verification လုပ်ရန်လိုအပ်ကြောင်း သိရသည်။ ပေးပို့ရမည့် နည်းလမ်းမှာ ကွန်ပျူတာမှဖြစ်စေ၊ မိုဘိုင်းလ်ဖုန်း Browser မှဖြစ်စေ ဝက်ဘ်ဆိုက်ကိုဖွင့်ကာ ဝက်ဘ်ဆိုက် Home Page တွင် ဖော်ပြထားသော နိုင်ငံတော်သမ္မတထံပေးစာ(စာအိတ်ပုံအမှတ်အသား) ကို နှိပ်ရမည်ဖြစ်သည်။ ထိုအခါ ပေးစာကဏ္ဍအတွက် အမည်၊ အီးမေးလ်လိပ်စာ၊ တိုင်းဒေသကြီး/ပြည်နယ်၊ စာအမျိုးအစား၊ မှတ်ပုံတင်အမှတ်၊ လိပ်စာ၊ ဖုန်းနံပါတ်၊ ခေါင်းစဉ်၊ အကြောင်းအရာ၊ စာတွဲ (တွဲရန်ရှိလျှင်) စသည့် အချက်အလက်များ ဖြည့်စွက်ရမည့် ပုံစံပါသော ဝက်ဘ်စာမျက်နှာတစ်ခု ထပ်ပွင့်လာမည်ဖြစ်ကာ အဆိုပါစာမျက်နှာတွင် ပြည့်စုံစွာ ဖြည့်စွက်၍ ပေးပို့ရမည်ဖြစ်သည်။




ထိုဖြည့်စွက်ရမည့်အချက်မှ ဖုန်းနံပါတ်နေရာတွင် စာပေးပို့သူ၏ ဖုန်းနံပါတ်ကို မှန်ကန်စွာ ဖြည့်စွက်ရမည်ဖြစ်ပြီး အဆိုပါဖုန်းနံပါတ်သို့ ဝက်ဘ်ဆိုက်မှတစ်ဆင့် Verification Code ကို SMS ပေးပို့မည်ဖြစ်ကာ အဆိုပါ ကုတ်နံပါတ်ကို ပြန်လည်ဖြည့်စွက်၍ အတည်ပြုပေးပြီးမှသာလျှင် ပေးပို့သောစာနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတရုံးမှ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ ဖုန်းနံပါတ်ကို ဖြည့်စွက်ရာတွင် MPT နှင့် တယ်လီနောဖုန်းများ အသုံးပြုသူများအနေဖြင့် ၀၉ မှစ၍ ဖြည့်စွက်ပေးရမည်ဖြစ်ပြီး အူရီဒူးအသုံးပြုသူများအနေဖြင့် ၉ မှစ၍ ဖြည့်စွက်ပေးရမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံး ဝက်ဘ်ဆိုက်တွင် ဖော်ပြထားချက်အရ သိရသည်။

လက်ရှိအချိန်တွင် စာများပေးပို့ရာ၌ ပြည်တွင်းမှ အော်ပရေတာများ၏ ဖုန်းများဖြင့်သာပေးပို့နိုင်ဦးမည်ဖြစ်ကြောင်း၊ ပြည်ပဖုန်းများဖြင့် စာပေးပို့ပါက Verification Code ကို SMS ပို့ပေးရန်အတွက် အော်ပရေတာ မတူညီခြင်းကြောင့်လည်းကောင်း၊ လုံခြုံရေးအရလည်းကောင်း Code ရရန် ညှိနှိုင်းရသည်များရှိသဖြင့် လတ်တလောတွင် ပြည်ပမှ မပို့နိုင်သေးကြောင်းနှင့် ဆက်လက်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ဝက်ဘ်ဆိုက်သို့ စာများပေးပို့ရာတွင် မြန်မာစာအနေဖြင့် ယူနီကုတ်ဖြင့်ဖြစ်စေ၊ ဇော်ဂျီဖြင့်ဖြစ်စေ ပေးပို့နိုင်ပြီး အင်္ဂလိပ်စာဖြင့်လည်း ပေးပို့နိုင်ကာ စာသားများအပြင် ပူးတွဲတင်ပြလိုသော ဓာတ်ပုံအပါအဝင် အခြားဖိုင်များကိုလည်း ပေးပို့နိုင်မည်ဖြစ်သည်။ ပေးပို့သောစာများသည် တိုင်ကြားစာများဖြစ်ပါက စုံစမ်းမှုပြုလုပ်ရာတွင် နိုင်ငံတော်သမ္မတရုံးအနေဖြင့် တင်ပြတိုင်ကြားသူ၏ အချက်အလက်များကို အထူးလျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများကို စုံစမ်းစစ်ဆေးခိုင်းရာတွင်လည်း တင်ပြတိုင်ကြားသူမှာ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြမည်မဟုတ်၍ တိုင်ကြားသူများအနေဖြင့် ကိုယ်ရေးအချက်အလက် လုံခြုံမှုရှိစွာ တိုင်ကြားနိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ပေးပို့သော စာများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးပြီးပါက ဆောင်ရွက်ချက်ကို စာပေးပို့သူ၏ အီးမေးလ်လိပ်စာသို့ ပြန်လည်ပေးပို့ အကြောင်းကြားသွားမည်ဖြစ်ကြောင်းလည်း သိရသည်။




မိုဘိုင်းလ်အင်တာနက်ကို လူသုံးများလာချိန်တွင် ယခုကဲ့သို့ နိုင်ငံတော်သမ္မတရုံးသို့ အင်တာနက်မှတစ်ဆင့် တိုက်ရိုက်ဆက်သွယ်ကာ တိုင်ကြားစာများ ပေးပို့နိုင်မည့်အပေါ် ပြည်သူအများအပြားက ဝမ်းမြောက်စွာ ကြိုဆိုနေကြသည်ကိုလည်း နိုင်ငံတော် သမ္မတရုံး၏ Facebook စာမျက်နှာတွင် တွေ့ရသည်။ "နိုင်ငံတော်သမ္မတရုံး ဝက်ဘ်ဆိုက်မှတစ်ဆင့် ပြည်သူရဲ့ဖြစ်ရပ်မှန်သတင်းမှန်များ တင်ပြနိုင်ခွင့်ရအောင် အစီအစဉ်ကောင်း၊ လုပ်ဆောင်ချက်ကောင်းတစ်ခုဖြစ်၍ လေးစားစွာ ကြိုဆိုပါသည်။ ပြည်သူချစ်သော လေးစားသော သမ္မတကြီးနဲ့ ပြည်သူထိတွေ့နိုင်သော နည်းလမ်းကောင်းအစီအစဉ်တစ်ခု ဖြစ်ပါသည်"ဟု ဖေ့စ်ဘုတ်သုံးသူတစ်ဦးက ရေးသားထားသည်။

ထို့အတူ ဝက်ဘ်ဆိုက်မှတစ်ဆင့် စာပို့ရာတွင် ပိုမိုအဆင်ပြေစေရန် အကြံပြုချက်များလည်းရှိရာ စာတစ်စောင်ချင်းစီအတွက် SMS Verification ကို တစ်ကြိမ်စီပြုလုပ်ရမည့်အစား ဖုန်းတစ်လုံးလျှင် Verification ကို တစ်ကြိမ်တည်းပြုလုပ်ထားရုံဖြင့် ပြီးစီးအောင် အကြံပြုထားသူများလည်း ရှိသည်။ ပေးပို့သောစာများကို ဆောင်ရွက်ပေးမည့်ကိစ္စနှင့်ပတ်သက်၍ ဖေ့စ်ဘုတ်သုံးသူတစ်ဦးကလည်း "ဘယ်လိုအချက်အလက်နဲ့ ပြည့်စုံရင် တိုင်စာကို လက်ခံစစ်ဆေးစုံစမ်းမယ်။ ဘယ်လိုအချက်အလက်နဲ့မပြည့်စုံရင် စစ်ဆေးဆောင်ရွက်ခြင်းမပြုဆိုတာမျိုး သတ်မှတ်ချက်လေးတွေလည်း ထုတ်ပေးစေချင်ပါတယ်။ ခွေးကိုက်တာကအစ ထဘီပျောက်တာအဆုံး သမ္မတရုံးကိုတိုင်နေရင်လည်း အဆင်မပြေပါဘူး။ ပြီးတော့ တိုင်ပြီးအက်ရှင်မယူရင်လည်း လူပြောခံရရုံ၊ အပုပ်ချခံရရုံ ဖြစ်တတ်ပါတယ်။ တကယ်အချက်အလက်နဲ့ပြည့်စုံလို့ လက်ခံစုံစမ်းစစ်ဆေးတဲ့အကြောင်းကို ပြန်စာပို့တာမျိုးတွေ ဆောင်ရွက်ပေးနိုင်တာ အကောင်းဆုံးပါ။ ၁။ တိုင်စာလက်မခံတဲ့အဆင့်၊ ၂။ လက်ခံတဲ့အဆင့်၊ ၃။ ပြန်ကြားစာပို့တဲ့အဆင့်၊ ၄။ ပြန်ကြားစာမပို့တဲ့အဆင့် စသဖြင့် ဒီလိုအသေအချာဆောင်ရွက်တာ အကောင်းဆုံးပါလို့အကြံပြုပါတယ်"ဟု အကြံပေးရေးသားထားသည်။

ယခု နိုင်ငံတော်သမ္မတရုံးသို့ စာများပေးပို့နိုင်သည့် အစီအစဉ်ကို စတင်ပြုလုပ်ပြီးနောက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး Myanmar State Counsellor Office ဝက်ဘ်ဆိုက်တွင်လည်း အလားတူ စာများပေးပို့နိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မကြာမီတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့လည်း အွန်လိုင်းမှတစ်ဆင့် စာများ တင်ပြနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

---

**New Product**

## မြန်နှုန်းမြင့် CPU ပါဝင်တဲ့ Meizu MX6

နိုင်ငံတကာဈေးကွက်မှာရော ပြည်တွင်းဈေးကွက်မှာပါ နာမည်ရစပြုနေတဲ့ Meizu ရဲ့ စမတ်ဖုန်းမော်ဒယ်သစ် Mx6 ဟာ အရည်အသွေးမြင့် စွမ်းဆောင်ရည်မြင့်ဖုန်းတစ်လုံးဖြစ်ပြီး နိုင်ငံတကာဈေးကွက်မှာ ဇူလိုင်လအတွင်းက စဖြန့်ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်ကိုတော့ ပြီးခဲ့တဲ့လအတွင်းက ဝင်ရောက်ခဲ့တာဖြစ်ပါတယ်။

မျက်နှာပြင်အကျယ် ၅ ဒသမ ၅ လက်မရှိလို့ အရွယ်အစားကြီးတဲ့ ဖုန်းတစ်လုံးဖြစ်ပြီး Screen Resolution က 1080x1920 pixels ရှိလို့ ရုပ်ထွက်ပိုင်းကောင်းမွန်ပါတယ်။ မိုဘိုင်းနက်ဝပ်အနေနဲ့ GSM နက်ဝက်ဖြစ်ပြီး ဆင်းကတ်နှစ်ကတ် ထည့်သုံးနိုင်ပါတယ်။ အင်တာနက်နက်ဝပ်ကတော့ 4G(LTE)ကို ထောက်ပံ့ပေးထားပါတယ်။

အန်းဒရွိုက်ဗားရှင်းက နောက်ဆုံးထွက် 6.0 Marshmallow ကို အသုံးပြုထားပြီး CPU က Deca-Core ဖြစ်လို့ ဈေးကွက်မှာတွေ့နေရတဲ့ Octa-Core တွေထက်ပိုမြန်ပြီး လက်ရှိအချိန်မှာ အမြန်ဆုံးဖုန်းလို့လည်း ဆိုနိုင်ပါတယ်။ RAM က 3GB နဲ့ 4GB ဗားရှင်းနှစ်မျိုးထွက်ထားပြီး အင်တာနယ်မင်မိုရီက 32GB ရှိပါတယ်။ အင်တာနယ်မင်မိုရီပါဝင်မှုက များပေမယ့် မင်မိုရီကတ်ကို ထပ်စိုက်သုံးလို့မရတာကတော့ ဒီဖုန်းရဲ့ အဓိကအားနည်းချက်ပဲဖြစ်ပါတယ်။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာက ၁၂ မဂ္ဂါပစ်ဇယ်ရှိပြီး Dual LED Flash, HDR, Panorama လုပ်ဆောင်ချက်တွေ ပါဝင်သလို ဗီဒီယိုကိုလည်း 2160 pixels အရည်အသွေးနဲ့ ရိုက်ကူးနိုင်ပါတယ်။ ရှေ့ကင်မရာကတော့ ၅ မဂ္ဂါပစ်ဇယ်ပဲရှိလို့ ဈေးကွက်ထဲက အသစ်ထွက်ဖုန်းတွေဟာ ၈ မဂ္ဂါပစ်ဇယ်လောက် ရှိနေတာကြောင့် အနည်းငယ်နိမ့်နေတယ်လို့ ဆိုနိုင်ပါတယ်။ ဘက်ထရီပိုင်းမှာလည်း 3060 mAh Li-ion ဘက်ထရီပါဝင်လို့ စွမ်းရည်မြင့်ပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ ရွှေရောင်နှစ်မျိုး၊ မီးခိုးရောင်နဲ့ ငွေရောင်တို့ကို ရရှိနိုင်မှာဖြစ်ပြီး ဈေးနှုန်းက ကျပ် ၃၄၀၀၀၀ ဝန်းကျင် ရှိပါတယ်။




**သူရဖြိုး**

---

## တယ်လီနောဆင်းကတ်များ မှတ်ပုံတင်ခြင်းကို နိုင်ငံတစ်ဝန်းလုံးရှိ လက်လီဆိုင်ပေါင်း နှစ်သောင်းတွင် ဆောင်ရွက်နိုင်ပြီ

**ရန်ကုန် စက်တင်ဘာ ၃၀**

တယ်လီနောဆင်းကတ် အသုံးပြုနေသူများအနေဖြင့် ဆင်းကတ်များ မှတ်ပုံတင်ခြင်းကို နိုင်ငံတစ်ဝန်းလုံးရှိ တယ်လီနော၏ လက်လီအရောင်းဆိုင်ပေါင်း နှစ်သောင်းခန့်တွင် စက်တင်ဘာ ၂၆ ရက်မှ စတင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

တယ်လီနောသုံးစွဲသူများအနေဖြင့် ဆင်းကတ်မှတ်ပုံတင်နိုင်ကြောင်း အမှတ်အသား ဖော်ပြထားသည့် အဆိုပါဆိုင်များတွင် မိမိတို့ဆင်းကတ်များ မှတ်ပုံတင်ထားခြင်းရှိ မရှိကို စစ်ဆေးနိုင်မည့်အပြင် မှတ်ပုံမတင်ရသေးလျှင်လည်း သတ်မှတ်ထားသည့် လိုအပ်ချက်ဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ သို့မဟုတ် အခြားသက်သေခံကတ်တစ်ခု၏ မိတ္တူ၊ (နိုင်ငံခြားသားဖြစ်ပါက နိုင်ငံကူးလက်မှတ်မိတ္တူ)များနှင့်အတူ လိုအပ်သောအချက်အလက်များ ဖြည့်စွက်၍ လွယ်ကူလျင်မြန်စွာ ပြုလုပ်နိုင်မည်ဖြစ်ပြီး ဆင်းကတ်အမည်ပြောင်းလဲခြင်းကိုလည်း ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါလက်လီဆိုင်များတွင် ဆင်းကတ်မှတ်ပုံတင်ခြင်းအပြင် တယ်လီနော၏ ကိုယ်ပိုင်ဆိုင်ပေါင်း ၉၀ ခန့်တွင်လည်း ဆင်း ကတ်မှတ်ပုံတင်ခြင်းကို ဆက်လက်ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

တယ်လီနောအနေဖြင့် အွန်လိုင်းမှတစ်ဆင့် ဆင်းကတ်မှတ်ပုံတင်နိုင်မည့်နည်းလမ်းများကိုလည်း အောက်တိုဘာလဆန်းတွင် စတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဆင်းကတ်ကို မှတ်ပုံတင်ထားပြီးဟုတ်မဟုတ် အွန်လိုင်းမှစစ်ဆေးမှုအနေဖြင့် *979*3*3*# သို့ ခေါ်ဆို၍ဖြစ်စေ၊ တယ်လီနောကောလ်စင်တာသို့ ဖုန်းခေါ်ဆို၍ဖြစ်စေ၊ နံပါတ် ၅၀၀ သို့ REG ဟု စာတိုပို့၍ဖြစ်စေ စစ်ဆေးနိုင်အောင် ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။ ဆက်လက်၍လည်း ဆင်းကတ်များ မှတ်ပုံတင်ခြင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို တယ်လီနောအနေဖြင့် စာတိုပို့ခြင်း၊ လူမှုကွန်ရက်တွင်ကြေညာခြင်းနှင့် မီဒီယာများမှတစ်ဆင့် အသုံးပြုသူများထံသို့ အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မိုဘိုင်းဖုန်းအသုံးပြုသူတိုင်းအနေဖြင့် ဆင်းကတ်များကို မှတ်ပုံတင်ပြုလုပ်ရန်မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်ဖြစ်ပြီး ၂၀၁၇ ခုနှစ် မတ် ၃၁ ရက် နောက်ဆုံးထား၍ မှတ်ပုံတင်ကြရန် ထုတ်ပြန်ကြေညာထားရာ တယ်လီနောအပါအဝင် ပြည်တွင်းရှိ အော်ပရေတာများဖြစ်သော MPT၊ အူရီဒူးနှင့် MEC တို့အနေဖြင့် ဆင်းကတ်အသုံးပြုသူများ အလွယ်တကူ မှတ်ပုံတင်ပြုလုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

**သူရဖြိုး**

---

## Reddotzay ဝက်ဘ်ဆိုက်တွင် အခမဲ့ ကြော်ငြာများတင်၍ ဈေးရောင်းဝယ်နိုင်

**ရန်ကုန် စက်တင်ဘာ ၃၀**

မိုဘိုင်းဖုန်းနှင့် နည်းပညာဆိုင်ရာ ပစ္စည်းများအပါအဝင် လူသုံးကုန်၊ အိမ်သုံးကုန်အမျိုးမျိုးမှစ၍ ကား၊ အိမ်ခြံမြေအထိကို Reddotzay.com ဝက်ဘ်ဆိုက်တွင် အခမဲ့ ကြော်ငြာတင်ရောင်းချခြင်းနှင့် ရှာဖွေဝယ်ယူခြင်းများ ပြုလုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

Reddotzay ဝက်ဘ်ဆိုက်ကို Red dot Network Myanmar က ပြုလုပ်ထားခြင်းဖြစ်ပြီး အဓိကအားဖြင့် 'ရောင်းဝယ်မည်၊ မော်တော်ယာဉ်များ၊ အိမ်/ခြံ/မြေ၊ အလုပ်အကိုင်၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ တိရစ္ဆာန်များ၊ ကိုယ်စားလှယ်များ' ဟု ကဏ္ဍများပါဝင်ကာ ကုန်ပစ္စည်းအမျိုးမျိုးကို ရှာဖွေဝယ်ယူနိုင်မည်ဖြစ်သလို မိမိတို့ရောင်းချလိုသော ကုန်ပစ္စည်းများကိုလည်း ဝက်ဘ်ဆိုက်တွင် Account ပြုလုပ်၍ အခမဲ့ ကြော်ငြာတင်ကာ ရောင်းချနိုင်မည်ဖြစ်သည်။ အလုပ်အကိုင်ကဏ္ဍတွင် IT၊ ကျန်းမာရေးဆိုင်ရာ၊ ပညာရေး၊ လုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ၊ အရောင်း၊ ငွေစာရင်းစသည်ဖြင့် အလုပ်အကိုင်နေရာများကို ရှာဖွေနိုင်မည်ဖြစ်ပြီး ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍတွင် ကလေးထိန်းဝန်ဆောင်မှု၊ ပိုက်ဆက်/ပိုက်ပြင်၊ လျှပ်စစ်ဆိုင်ရာဝန်ဆောင်မှုများ၊ လက်သမားဝန်ဆောင်မှု၊ အလှအပနှင့်ကျန်းမာရေးဆိုင်ရာ၊ အိမ်ဆောက်၊ အိမ်ပြင်၊ မော်တော်ယာဉ်ပြုပြင်ခြင်းနှင့် အခြားဝန်ဆောင်မှုများကိုပါ ရှာဖွေကြည့်ရှု ခေါ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# အသင်းကြီးတွေ အမှတ်ပြည့်ရအောင် အားထည့်ရဦးမယ့် ပရီမီယာလိဂ် ပွဲစဉ် (၇)

မိုးမြင့်လင်းလက်



ဒီတစ်ပတ်ရဲ့ပရီမီယာလိဂ်ပွဲစဉ်(၇)ကို အောက်တိုဘာ ၁ ရက် ညပိုင်းနဲ့ ၂ ရက်နေ့တွေမှာ ဆက်လက်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။ ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပွဲစဉ်တွေ ဆက်တိုက်ဆင်နွှဲနေရတဲ့အတွက် ပွဲပန်းနေပေမယ့် ပရီမီယာလိဂ်ထိပ်တန်းအသင်းတွေကတော့ ပွဲတိုင်းရမှတ်အပြည့်ရယူနိုင်ရေး ခြေကုန်ထုတ်ကြရဦးမှာ ဖြစ်ပါတယ်။ အရင်ပွဲစဉ်တွေမှာ အမာခံကစားသမားတွေ အကုန်ထုတ်မသုံးခဲ့တဲ့ အသင်းတွေလည်း ဒီပွဲစဉ်မှာတော့ အဲဒီကစားသမားတွေကို ထုတ်သုံးပြီး ရလဒ်ကောင်းကို အပြိုင်ပုံဖော်ထုဆစ်ကြဦးမှာ သေချာနေပါတယ်။

**ဟားလ်စီးတီးနှင့် ချယ်လ်ဆီး**

တယ်ရီနဲ့ ဇူးမားတို့ ဒဏ်ရာကြောင့် ပါဝင်ဖို့မသေချာတဲ့ ချယ်လ်ဆီးဟာ ဒီပွဲကို ဟန်ချက်မပျက်အောင် အမာခံကစားသမားအစုံအလင်နဲ့ ပွဲထွက်လာပါလိမ့်မယ်။ အာဆင်နယ်၊ လီဗာပူးနဲ့ ဆွမ်ဆီးအသင်းတွေကို အနိုင်ရအောင် မကစားနိုင်ခဲ့တဲ့ ချယ်လ်ဆီးဟာ အခုပွဲမှာလည်း အဝေးကွင်းဖြစ်နေတာကြောင့် ရင်ပူစရာပါပဲ။ ဒါပေမယ့် ဘရုစ်၊ ဒေါ်ဆင်၊ လီနိုဟန်၊ လူအာတို့ ဒဏ်ရာရရှိနေတဲ့ ဟားလ်စီးတီးတို့လည်း ဒီပွဲမှာ ရစ်သမ်မှန်မှာ မဟုတ်တဲ့အတွက် ချယ်လ်ဆီးတို့ အားထည့်ရင် မျှော်လင့်ချက်ပြည့်ဝနိုင်ပါတယ်။ ဒီနှစ်သင်းစလုံးဆုံတွေ့ခဲ့တဲ့ပွဲစဉ်တစ်လျှောက်မှာ ဟားလ်စီးတီးတို့ နိုင်ပွဲရတာနည်းတာမို့ အဲဒီအစဉ်အလာကောင်းကို ဒီပွဲမှာ ချယ်လ်ဆီးတို့ ထိန်းသိမ်းပါလိမ့်မယ်။

**ဆွမ်ဆီးနှင့် လီဗာပူး**

ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှုကိုကြည့်ရင် လီဗာပူးက နှစ်ပွဲနိုင်ပြီး ဆွမ်ဆီးက တစ်ပွဲနိုင်ထားပါတယ်။ ဆွမ်ဆီးမှာ ဒိုင်ယာဒဏ်ရာရရှိနေသလို လီဗာပူးမှာ ဂိုမက်ဇ်နဲ့ အိုယိုတို့လည်း ဒဏ်ရာရရှိနေပါတယ်။ ဆောက်သမ်တန်နဲ့ မန်စီးတီးတို့ကို ဆက်တိုက်ရှုံးပွဲတွေ ကြုံတွေ့ထားရတဲ့ ဆွမ်ဆီးဟာ အခုပွဲက အိမ်ကွင်းဖြစ်တာမို့ အနိမ့်ဆုံး သရေတစ်မှတ်ရအောင် အားထုတ်ပါလိမ့်မယ်။ လီဗာပူးတို့ကတော့ လက်ရှိမှာ အကောင်းဆုံးခြေစွမ်းပြသနေပြီး ဟားလ်စီးတီး၊ ချယ်လ်ဆီးနဲ့ လက်စတာအသင်းတွေကို ဆက်တိုက်နိုင်ပွဲရယူကာ နိုင်ပွဲတွေဆက်နေပါတယ်။ ဆွမ်ဆီးတို့ကတော့ ငါးပွဲဆက်တိုက်နိုင်ပွဲပျောက်ဆုံးနေတာမို့ အခုပွဲမှာလည်း ပရိသတ်တွေအတွက် အပျော်ဆိတ်သုဉ်းတဲ့ ပွဲဖြစ်နေဦးမှာပါ။

**မန်ယူနှင့် စတုတ်**

ဖီးလ်ဂျုံးနဲ့ မာရှယ်တို့ ဒဏ်ရာရရှိနေတဲ့ မန်ယူဟာ လတ်တလောမှာတော့ အကောင်းဆုံးပုံစံပြန်ရအောင် ကြိုးစားနေပါတယ်။ လက်စတာနဲ့ ဝက်စ်ဖို့ဒ်အသင်းတွေကို ဂိုးပြတ်သွင်းပြီး နိုင်ပွဲတွေပြန်လည်ဖော်ဆောင်နေတဲ့ မန်ယူဟာ အခုပွဲ အိုးထရက်ဖို့ဒ်မှာ ဘယ်လိုကကြိုးနဲ့ ပွဲထွက်လာမလဲကြည့်ရမှာပါ။ လူအခင်းအကျင်း မှားရင်နိုင်ပွဲပျောက်ဆုံးတတ်တာကို မော်ရင်ဟို ခံစားခဲ့ရပြီဖြစ်တာမို့ ဒီပွဲမှာ သေသေချာချာပြင်ဆင်ပြီး စတုတ်ကို ဂိုးပြတ်သွင်းအောင်ပွဲခံနိုင်ရေး အားထုတ်ပါလိမ့်မယ်။ စတုတ်ဟာ မန်ယူနဲ့ နောက်ဆုံးသုံးပွဲကစားခဲ့ရာမှာ တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ခဲ့တဲ့ ရလဒ်ကိုလည်း မေ့ထားလို့မရတာမို့ မန်ယူတို့ပေါ့ဆရင် ခံစားချက်နက်ရှိုင်းသွားမယ့်ပွဲဖြစ်သွားပါလိမ့်မယ်။

**တော့တင်ဟမ်နှင့် မန်စီးတီး**

ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင် တော့တင်ဟမ်က တစ်ပွဲနိုင်ပြီး မန်စီးတီးက နှစ်ပွဲနိုင်ထားပါတယ်။ ပရီမီယာလိဂ်မှာ နိုင်ပွဲတွေ ဆက်တိုက်ရယူနေတဲ့ မန်စီးတီးတို့က အခုပွဲမှာလည်း အဝေးကွင်းဆိုပေမယ့် အလေးထားကစားပြီး နိုင်ပွဲကို ရအောင်ဖော်ဆောင်ပါလိမ့်မယ်။ မန်စီးတီးက ဒီနှစ်ပရီမီယာလိဂ်မှာ အကောင်းဆုံးခြေစွမ်းပြနိုင်တဲ့ အသင်းအဖြစ် ရပ်တည်နေတာမို့ အခုပွဲမှာလည်း မန်စီးတီးတိုက်စစ်မှူးတွေ ဂိုးဘယ်လောက်သွင်းယူနိုင်မလဲ ကြည့်ရမယ့်ပွဲပါ။

**ဘန်လေနှင့် အာဆင်နယ်**

မာတီဆက်ကာနဲ့ ရမ်ဆေးတို့ ဒဏ်ရာရရှိနေတဲ့ အာဆင်နယ်ဟာ ဝဲလ်ကော့နဲ့ ဆန်းချက်ဇ်တို့က ဂိုးသွင်းခြေမြူးနေတာမို့ နိုင်ပွဲတွေဆက်တိုက်ရရှိနေပါတယ်။ ဘန်လေမှာတော့ ဘားနက်စ်က ဒဏ်ရာရရှိနေပြီး ဂရေးက ပွဲပယ်ပြစ်ဒဏ်ခံနေရပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲတွေ့ဆုံမှုမှာ အာဆင်နယ်တို့ကချည်း နိုင်ပွဲတွေရယူထားပါတယ်။ ဒါပေမယ့် အိမ်ကွင်းမှာ ကစားအားကောင်းပြီး ပြိုင်ဘက်တွေဆီက အမှတ်ရအောင် ယူတတ်တဲ့ ဘန်လေကို အာဆင်နယ်တို့ အလေးထားကစားမှ ရလဒ်ကောင်းပါလိမ့်မယ်။

**လက်စတာနှင့် ဆောက်သမ်တန်**

ဒဏ်ရာရကစားသမားတွေရှိနေတဲ့ လက်စတာတို့လည်း ဒီနှစ်မှာ ပုံမှန်ခြေစွမ်းအောက် ရောက်နေတဲ့အတွက် ရုန်းကန်နေရပါတယ်။ ဆောက်သမ်တန်မှာလည်း ဘိုဖယ်၊ ရိုဒရီဂွက်ဇ်တို့ ဒဏ်ရာရရှိပြီး ပါဝင်ကစားဖို့မသေချာပါဘူး။ အခုတလောတိုက်စစ်မှူးတွေက ဂိုးတွေသွင်းကာ နိုင်ပွဲတွေပြန်ရနေတဲ့ ဆောက်သမ်တန်ကို လက်စတာတို့ လက်ရှိကစားအားနဲ့ အကြိတ်အနယ်နွှဲရပါလိမ့်မယ်။ ယူရိုပါလိဂ်ပွဲပန်းနေတဲ့ ဆောက်သမ်တန်ကို လက်စတာတို့ ကျော်ဖြတ်နိုင်ပါလိမ့်မယ်။

**ဆန်းဒါးလန်းနှင့် ဝက်စ်ဘရွန်း**

ရွန်ဒွန်၊ ချက်လီတို့ ခြေစွမ်းပြနေတဲ့ ဝက်စ်ဘရွန်းတို့ အဝေးကွင်းဆိုပေမယ့် အမှတ်ရအောင် ရုန်းကန်ပါလိမ့်မယ်။ ဆန်းဒါးလန်းတို့က ဒီနှစ် ပရီမီယာလိဂ်မှာ နိုင်ပွဲဈေးဦးမပေါက်သေးတာမို့ နည်းပြဒေးဗစ်မိုယက်လည်း ဖိအားများနေပြီဖြစ်ပါတယ်။ လက်ရှိခြေစွမ်းအရ ဝက်စ်ဘရွန်းတို့က အတက်ဘက်ရောက်နေတာမို့ အနိုင်မဟုတ်ရင်တောင် သရေရလဒ်ကို ရယူနိုင်ပါလိမ့်မယ်။

**ဝက်စ်ဟမ်းနှင့် မစ်ဒယ်ဘရော့**

ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင် ဝက်စ်ဟမ်းတို့ချည်း နိုင်ပွဲရခဲ့တာတွေ့ရပါတယ်။ ဒါပေမယ့် ဝက်စ်ဟမ်းမှာ ကာရိုးလ်၊ ခရစ်ဝဲလ်၊ မာဆူအာနဲ့ ဆာခိုတို့ ဒဏ်ရာရနေပြီး ကြံ့ခိုင်မှုမရှိလို့ ပါဝင်ဖို့ မသေချာပါဘူး။ ဝက်စ်ဟမ်းတို့ ခံစစ်ပိုင်း အားနည်းနေလို့ မစ်ဒယ်ဘရော့တိုက်စစ်မှူးတွေ ကျော်ဖြတ်နိုင်မလားကြည့်ရမှာပါ။ ဒီပွဲမှာ အပြန်အလှန်တိုက်စစ်ဖွင့်ကစားမှာမို့ ကြည့်ကောင်းမယ့်ပွဲဖြစ်ပြီး အိမ်ရှင်တို့ အသာစီးရသွားနိုင်ပါတယ်။ ။

## အင်္ဂလန်အသင်းကို ဦးဆောင်သွားမယ့် ဆောက်ဂိတ်

ဆမ်အလာဒိုက်စ် အင်္ဂလန်နည်းပြအဖြစ်မှ နုတ်ထွက်သွားပြီးတဲ့နောက် အင်္ဂလန်အသင်း ဆက်လက်အောင်မြင်ရေး အလွန်ပင်အရေးကြီးတဲ့ အနေအထားတစ်ရပ်ဖြစ်တယ်လို့ ဂါးရက်ဆောက်ဂိတ်က ဆိုပါတယ်။ အသက် ၄၆ နှစ်အရွယ်ရှိတဲ့ အင်္ဂလန်အသင်းနောက်တန်းကစားသမားဟောင်း ဆောက်ဂိတ်ဟာ လာမယ့်အင်္ဂလန်အသင်းနဲ့ ပွဲလေးပွဲကို ကိုင်တွယ်သွားမယ်လို့ ဆိုပါတယ်။ ဆမ်အလာဒိုက်စ်ဟာ ဘောလုံးစည်းမျဉ်းစည်းကမ်းနဲ့ ပတ်သက်ပြီး အကြံဉာဏ်ပေးတဲ့အလုပ်ကို လုပ်ကိုင်ခဲ့ခြင်းအပေါ် စုံစမ်းမှုများကို ရင်ဆိုင်ရပြီးနောက် နည်းပြအဖြစ်မှ ထွက်သွားခဲ့တယ်လို့ ဆိုပါတယ်။ ဆောက်ဂိတ်ဟာ အနာဂတ်မှာလည်း အင်္ဂလန်အသင်းရဲ့နည်းပြဖြစ်လာဖို့ သေချာတယ်လို့ ဆိုပါတယ်။ ဆောက်ဂိတ်ဟာ ၂၀၁၃ ခုနှစ်ကတည်းက အသက် ၂၁ နှစ်အောက် အင်္ဂလန်လူငယ်အသင်းကို ကိုင်တွယ်ခဲ့သူဖြစ်တယ်လို့ ဆိုပါတယ်။



## အင်္ဂလန်နည်းပြအလုပ်ကို စိတ်မဝင်စားတဲ့ အာစင်ဝင်းဂါး

ရာသီအကုန်မှာ အင်္ဂလန်နည်းပြဖြစ်လာလိမ့်မယ်လို့ ထင်ကြေးပေးနေခြင်းအပေါ် အာဆင်နယ်အသင်းရဲ့နည်းပြ အာစင်ဝင်းဂါးက ငြင်းဆိုလိုက်ပါတယ်။ အက်ဖ်အေက ရွှိုင်ဟော့ဂ်ဆင်ကို အလုပ်ဖြုတ်လိုက်ပြီးနောက် အာစင်ဝင်းဂါးကို ခေါ်ယူဖို့ကြိုးစားခဲ့ပေမယ့် ငြင်းဆိုထားခဲ့တယ်လို့ ဆိုပါတယ်။

အင်္ဂလန်အသင်းရဲ့လက်ရှိနည်းပြ ဆမ်အလာဒိုက်စ်ဟာ အက်ဖ်အေရဲ့စုံစမ်းမှုကို ရင်ဆိုင်ရပြီးနောက် နည်းပြအလုပ်မှ နုတ်ထွက်ခဲ့တာဖြစ်ပါတယ်။ တကယ်တမ်းဦးစားပေးရမယ့် အလုပ်က လက်ရှိ အာဆင်နယ်အသင်းရဲ့အလုပ်ဖြစ်တယ်လို့ ဝင်းဂါးက ဆိုပါတယ်။ ဝင်းဂါးအနေနဲ့ အာဆင်နယ်နည်းပြအလုပ်ကို ရာသီအကုန်အထိ လုပ်ဆောင်သွားမယ်လို့ ဆိုပါတယ်။ ပြင်သစ်နိုင်ငံသား ဝင်းဂါးအနေနဲ့ လောလောဆယ်မှာတော့ အင်္ဂလန်နည်းပြလုပ်ဖို့ အစီအစဉ်မရှိသေးဘူးလို့ ဆိုပါတယ်။

## မန်စီးတီးရဲ့ နိုင်ပွဲဆက်မှုကို အဆုံးသတ်ခဲ့တဲ့ ဆဲလ်တစ်

ဂွာဒီယိုလာရဲ့မန်စီးတီးအသင်းဟာ ဒီနှစ်ရာသီမှာ နိုင်ပွဲတွေဆက်ပြီး အောင်မြင်မှုတွေဆက်တိုက်ရနေတဲ့ အသင်းပါ။ သို့ပေမယ့် ဆဲလ်တစ်နဲ့ ကစားတဲ့ပွဲမှာတော့ တစ်ဖက်သုံးဂိုးစီနဲ့ သရေပွဲဖြစ်သွားခဲ့တဲ့အတွက် ဂွာဒီယိုလာရဲ့ ရာနှုန်းပြည့်အောင်မြင်မှုကို အဆုံးသတ်ခဲ့ပါတယ်။



အိမ်ရှင်ဆဲလ်တစ်အတွက် ဒမ်ဘီလီက သုံးမိနစ်၌ အဖွင့်ဂိုးသွင်းပြီး ၁၂ မိနစ်၌ ဖာနန်ဒင်ဟိုက မန်စီးတီးအတွက် ချေပဂိုးသွင်းယူခဲ့သည်။ မိနစ် ၂၀ တွင် စတာလင်းက ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့၍ ဆဲလ်တစ်တို့က နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ခဲ့သည်။ ၂၈ မိနစ်တွင် စတာလင်းက မန်စီးတီးအတွက် ပြန်ချေပေးသည်။ ၄၇ မိနစ်တွင် ဒမ်ဘီလီက ဆဲလ်တစ်အတွက် တတိယဂိုးသွင်းယူပေးသော်လည်း ၅၅ မိနစ်တွင် နိုလီတိုက မန်စီးတီးအတွက် ချေပဂိုးသွင်းသဖြင့် သုံးဂိုးစီ သရေဖြစ်ခဲ့သည်။ ဆဲလ်တစ်တို့က နှစ်ပွဲကစား တစ်မှတ်၊ မန်စီးတီးက နှစ်ပွဲကစား လေးမှတ်ရရှိထားသည်။

ကောင်းမြတ်သူ - စုစည်းသည်

# လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်နေသောကျေးရွာများသို့ ကမ္ဘာ့ဘဏ်မှ နည်းပညာအကြံပေးအဖွဲ့ ကွင်းဆင်း



**ဘီးလင်း စက်တင်ဘာ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ ဘီးလင်းမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်မှုများကို ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများက စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ဘီးလင်းမြို့နယ် ဂုံညင်းနွယ်ကျေးရွာအုပ်စု အလူးကြီးကျေးရွာ၊ မရမ်းကုန်းကျေးရွာအုပ်စု ကြိမ်ဖန်ကျေးရွာနှင့် တဘက်ဆွဲကျေးရွာအုပ်စု တဘက်ဆွဲကျေးရွာများ၌ ဆောင်ရွက်နေသော လုပ်ငန်းများကို ကမ္ဘာ့ဘဏ်မှ ပြည်ထောင်စုအဆင့် နည်းပညာအကြံပေးဖြစ်သူ Mr.Luqman Leckie ဦးဆောင်သောအဖွဲ့များက ကွင်းဆင်းကြည့်ရှုခဲ့ကြခြင်းဖြစ်သည်။

နည်းပညာအကြံပေးအဖွဲ့သည် ကျေးရွာများမှ စီမံကိန်းကော်မတီဝင်များ၊ ကျေးရွာနေ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ စီမံကိန်းအကောင်အထည်ဖော်သည့်ကာလအတွင်း တွေ့ကြုံရသည့် အခက်အခဲများနှင့် နောင်လာမည့်နှစ်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများအကြောင်းကို မေးမြန်းဆွေးနွေးခဲ့ကြပြီး သက်ဆိုင်ရာကျေးရွာကော်မတီဝင်များက စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# အိုင်အိုဒင်းမပါသောဆားများနှင့် အန္တရာယ်ဖြစ်စေမည့်အစားအစာများ ရောင်းချခြင်းမရှိစေရန် စစ်ဆေး

**မိုင်းဖြတ် စက်တင်ဘာ ၃၀**

မိုင်းဖြတ်မြို့ မြို့မဈေးအတွင်း ရောင်းချနေသောဆိုင်များတွင် အိုင်အိုဒင်းဓာတ်မပါဝင်သော အိမ်သုံးဆားများ၊ တားမြစ်ထားသည့် သားငါးနှင့် စားသောက်ကုန်များ ရောင်းချမှုမရှိစေရန်နှင့် စာသင်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများအား အန္တရာယ်ဖြစ်စေသော ဓာတုဗေဒဆိုးဆေးများပါဝင်သည့် စားသောက်ကုန်များ ရောင်းချခြင်းမရှိစေရန်အတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနကဦးဆောင်ပြီး ကျောင်းကျန်းမာရေးအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သည့်အဖွဲ့က စက်တင်ဘာ ၂၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ကွင်းဆင်းစစ်ဆေးရာတွင် အိုင်အိုဒင်းဓာတ်မပါဝင်သော အိမ်သုံးဆားများ ရောင်းချနေသည်ကို တွေ့ရှိရသဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြတ်မြတ်နှင်းက ဆက်လက်ရောင်းချခြင်းမပြုရန် ဆိုင်ရှင်များအား မှာကြားကာ သားငါးများကို သန့်ရှင်းစွာဖြင့် စနစ်တကျရောင်းချရန် ရှင်းလင်းမှာကြားသည်။ ထို့နောက် အထက(မိုင်းဖြတ်)ကျောင်း မုန့်ဈေးတန်းရှိ ဆိုင်များကို ဆက်လက်စစ်ဆေးခဲ့ပြီး စားသုံးသူ ကျောင်းသား ကျောင်းသူများအတွက် အန္တရာယ်ဖြစ်စေမည့် သက်တမ်းကုန်မုန့်များ၊ ဓာတုဗေဒဆိုးဆေးပါဝင်သည့် အစားအသောက်များ၊ ရောင်းချရန်ခွင့်ပြုမိန့်မရရှိသော မုန့်များ ရောင်းချနေသည်ကိုတွေ့ရှိရသဖြင့် လိုက်လံသိမ်းဆည်းခဲ့ပြီး ဆိုင်ရှင်များအား ဆက်လက်ရောင်းချခြင်းမပြုရန် ပညာပေးမှုများပြုလုပ်ခဲ့သည်။

ဆက်လက်၍ ကွင်းဆင်းအဖွဲ့သည် အထက(ဟိုနား)ကျောင်းအပါအဝင် မြို့နယ်အတွင်းရှိ အလက(ခွဲ)၊ မူလတန်းလွန်နှင့် မူလတန်းကျောင်းများမှ ကျောင်းဈေးဆိုင်များကို ကွင်းဆင်းစစ်ဆေးကာ ဆိုင်ရှင်များအား ကျောင်းသား ကျောင်းသူများ အန္တရာယ်ဖြစ်စေနိုင်သည့် အစားအသောက်များ ရောင်းချခြင်းမပြုရန် လိုက်လံအသိပညာပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လူထုဦးဆောင်သော အလုံးစုံသန့်ရှင်းရေးလုပ်ငန်းစီမံချက် ဆန်းစစ်ဆွေးနွေးပွဲ ပြုလုပ်

**မြိုင် စက်တင်ဘာ ၃၀**

ယူနီဆက်ဖ်(UNICEF)၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် လူထုဦးဆောင်သော အလုံးစုံသန့်ရှင်းရေးလုပ်ငန်းစီမံချက်(Community LeadTotal Sanitation Project-CLTS)နှင့်ပတ်သက်၍ လုပ်ငန်းပြန်လည်ဆန်းစစ်ဆွေးနွေးပွဲကို မြိုင်မြို့အမှတ်(၁)ရပ်ကွက် စည်းစိမ်စံခန်းမ၌ စက်တင်ဘာ ၂၈ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲကျော်သူဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးကိုယ်စား ဒေါက်တာစုလှိုင်မြင့်က ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ဘဏ္ဍာရေးမှူး ဦးကိုကိုကအသင်းအနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသော စီမံချက်များနှင့် ရည်မှန်းချက်များကိုလည်းကောင်း၊ ယူနီဆက်ဖ်အဖွဲ့ကိုယ်စားလှယ် ဒေါက်တာမြသန်းထွန်းက စီမံချက်လုပ်ငန်းများ ပြန်လည်ဆန်းစစ်ဆွေးနွေးခြင်းအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး မြိုင်မြို့နယ် စီမံချက်တာဝန်ခံ ဦးလှအောင်က မြို့နယ်တွင်းဆောင်ရွက်ခဲ့သော စီမံချက်များနှင့် အောင်မြင်မှုအခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံချက်ဆောင်ရွက်ရာတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပြီး ရွာလုံးကျွတ် တောထိုင်ခလေ့ကင်းစင်သော ဆည်တောကျေးရွာ၊ ဇီးတောကျေးရွာ၊ အလုံကြီးကျေးရွာတို့ အပါအဝင် ကျေးရွာ ၁၁ ရွာမှ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ခေါင်းဆောင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာသူများက စီမံချက်နှင့်ပတ်သက်၍ သိလိုသည့်အချက်အလက်များကို ဆွေးနွေးမေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**အောင်ကျော်မြင့်**

# ဆေးလိပ်၊ ကွမ်းယာနှင့် ဆေးရွက်ကြီးတို့ကြောင့် ဖြစ်ပွားနိုင်သောရောဂါများအကြောင်း ပညာပေးဟောပြော

**ခင်ဦး စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့ မြကန်သာရပ်ကွက် သဲပုံစေတီဓမ္မာရုံ၌ ဆေးလိပ်၊ ကွမ်းယာနှင့် ဆေးရွက်ကြီးတို့ကြောင့် ဖြစ်ပွားနိုင်သောရောဂါများအကြောင်း အသိပညာပေးဟောပြောပွဲကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ စက်တင်ဘာ ၂၈ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ခင်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာလွင်က အမှာစကားပြောကြားပြီး မြို့နယ်လက်ထောက်ဆရာဝန် ဒေါက်တာဒေါ်သင်းသင်းဆွေနှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်အေးဟန်တို့က ဆေးလိပ်၊ ကွမ်းယာနှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပွားနိုင်သော ရောဂါများဖြစ်သည့် နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍လေဖြတ်ခြင်း၊ အဆုတ်ပွခြင်း၊ ပြင်းထန်သည့်သွေးတိုးရောဂါဖြစ်ခြင်း၊ ခြေပုပ်လက်ပုပ်ရောဂါဖြစ်ခြင်း၊ ခံတွင်း၊ လည်ချောင်းနှင့် အဆုတ်ကင်ဆာရောဂါများ စသည့်ရောဂါများအကြောင်းကို ရှင်းလင်းဟောပြောပြီး ဆေးလိပ်၊ ကွမ်းယာနှင့် ဆေးရွက်ကြီးသုံးစွဲသူများအနေဖြင့် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအနီး မသုံးစွဲရန်နှင့် တားမြစ်ကန့်သတ်ထားသောနေရာများ၌ သုံးစွဲပါက ကျခံရနိုင်သော ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်း ရှင်းလင်းဟောပြောခဲ့သည်။



**ချစ်စံ(ခင်ဦး)**

## သတင်းတိုများ

### စာရေးဆရာအသင်းညီလာခံ အတွေ့အကြုံရှင်း

မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ်ညီလာခံမှ အတွေ့အကြုံများ ပြန်လည်ရှင်းလင်းပွဲကို တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ စက်တင်ဘာ ၂၅ ရက်က ကျင်းပခဲ့ရာ တောင်ငူမြို့နယ် စာရေးဆရာအသင်း၊ အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသူ အသင်းသားများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်းနှင့် ဝန်ထမ်းများတက်ရောက်ကြပြီး သဘာပတိအဖြစ် နာယကဦးကျော်လှ(သမာဓိ)က ဆောင်ရွက်ကာ ညီလာခံကိုယ်စားလှယ် ဦးစံလှ(စံ-ကေတု)က ညီလာခံအတွေ့အကြုံများကို ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ဘဏ္ဍာရေးရှင်းတမ်းကို မြို့နယ်စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး ဦးကျော်မြင့်(မဟောသဓ)က ဖတ်ကြားတင်သွင်းအတည်ပြုချက်ရယူခဲ့ကာ ဥက္ကဋ္ဌ ဦးစံလှ(စံ-ကေတု)က အသင်းသားများ၏ ဆွေးနွေးတင်ပြချက်များကို ပြန်လည်ရှင်းလင်းခဲ့သည်။ **(၁၁၅)**

### ကျေးရွာသုံးစိုက်ခင်းမှထွက်သော ထင်း၊ တိုင်နှင့် မျောများ ဖြန့်ဝေပေး

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် အပူပိုင်းဒေသစိမ်းလမ်းစိုပြည်ရေးဦးစီးဌာနက နတ်ရေကန်ကျေးရွာအနီး ပျိုးထောင်ထားသော ငါးနှစ်အထက် ကျေးရွာသုံးစိုက်ခင်းမှထွက်ရှိသော ထင်း၊ တိုင်နှင့် မျောများကို အဆိုပါကျေးရွာမှ ပြည်သူများထံသို့ စက်တင်ဘာ ၂၇ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ကျေးရွာသုံးစိုက်ခင်း ၃၅ ဧကမှ ထွက်ရှိသော ထင်း ၁၀ တန်နှင့် တိုင် ၁၄ လုံးတို့ကို ဒေသခံပြည်သူများအား တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွန်းနှင့် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးတို့က လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

### ဟားခါး၌ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြပ်မတ်စစ်ဆေး

ချင်းပြည်နယ် ဟားခါးမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး လိုက်နာကျင့်သုံးတတ်စေရေးအတွက် ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေးဆပ်ကော်မတီက ဟားခါးမြို့ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက်ရှိ လူစည်ကားရာနေရာများ၊ လမ်းဆုံလမ်းခွများ၌ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြပ်မတ်အရေးယူမှုအဖြစ် ဆိုင်ကယ်စီးရာတွင် လူနှစ်ဦးထက်ပိုစီးသူ၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူ၊ မေးသိုင်းကြိုးမတပ်သူ၊ မော်တော်ဆိုင်ကယ်စီးရင်း လက်ကိုင်ဖုန်းပြောသူ၊ အရှိန်ပြင်းမောင်းနှင်သူများအား ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### ကျေးရွာအုပ်ချုပ်ရေးမှူးဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

မွန်ပြည်နယ် သထုံမြို့နယ် ကျုံပါကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ကျေးရွာအားကစားကွင်း၌ စက်တင်ဘာ ၂၇ ရက်က ကျင်းပခဲ့ရာ ကျုံပါ-နောင်ဘိုအသင်းနှင့် ကျုံပါ-စတား အသင်းတို့ယှဉ်ပြိုင်ခဲ့ကြပြီး အနိုင်ရဗိုလ်စွဲခဲ့သည့် ကျုံပါ-စတားအသင်းအား မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဒေါ်မိုးမိုးဝင်းက ဂုဏ်ပြုဆုဖလားပေးအပ်ကာ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုများနှင့် တစ်ဦးချင်းအကောင်းဆုံးဆုများကို ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက ချီးမြှင့်ပေးအပ်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲတွင် ကျေးရွာအုပ်စုအတွင်းမှ အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

### မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် စက်တင်ဘာ ၈ ရက်က စတင်ကျင်းပခဲ့သော မြို့နယ်အုပ်ချုပ်ရေးမှူးဖလား(အလွတ်တန်း) ကလပ်အသင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များကို စက်တင်ဘာ ၂၇ ရက်တွင် ဆက်လက်ကျင်းပခဲ့ပြီး ရွှေဝတီအသင်းနှင့်မြေစာရင်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်းသိရသည်။ ပြိုင်ပွဲတွင် မြို့ပေါ်ရှိအသင်းအဖွဲ့များနှင့် လုပ်ငန်းများ ဌာနဆိုင်ရာများမှ အသင်း ၂၀ ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး အုပ်စုပွဲစဉ်များပြီးဆုံးပါက ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်များကို အောက်တိုဘာ ၁၉ ရက်တွင်လည်းကောင်း၊ အကြိုဗိုလ်လုပွဲကို အောက်တိုဘာ ၂၃ နှင့် ၂၄ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲကို အောက်တိုဘာ ၂၆ ရက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

# ပြည်ထောင်စု ဥယျာဉ်မဟာအတွင်းမှာ

**အရှေ့ဆီက၊ ရောက်လာကြလည်း**
**လာပါ့ရင်သွေး၊ ပန်းကလေးဟု**
**နွေးထွေးဝမ်းသာ၊ ကြိုလင့်ပါသည်**
**မေတ္တာနန်းက ပန်းရိပ်မြုံ။**
**အနောက်ဆီက၊ ရောက်လာကြလည်း**
**လာပါ့ကိုယ်ပွား၊ သမီးသားဟု**
**ဝမ်းပန်းပျူငှာ၊ ကြည်ဖြူပါသည်**
**သစ္စာနန်းက ပန်းရိပ်မြုံ။**
**တောင်နှင့်မြောက်က၊ ရောက်လာကြလည်း**
**လာပါ့ထာဝစဉ်၊ ကြိုမြဲပင်တည့်**
**ရွှေစင်မျက်ရှု၊ သားရွှေဥနှယ်**
**ကရုဏာလွှမ်းသည့် ပန်းရိပ်မြုံ။**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (၄၅)နှစ်မြောက် မင်္ဂလာဗင်းတွင် ဆရာမြင်းမူမောင်နိုင်မိုး ရေးဖွဲ့သီကုံးခဲ့သော 'ပြည်ထောင်စု၏ပန်းဥယျာဉ်' ကဗျာထဲက ပန်းရိပ်မြုံသို့ ဒုတိယတစ်ခေါက် ကျွန်တော်ထပ်မံရောက်ရှိခဲ့ရသည်။ အကြောင်းမှာ ပြီးခဲ့သည့် စက်တင်ဘာလ ၂၃ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ် မူလတန်း ဆရာအတတ်သင် သုံးနှစ်သင်တန်းအမှတ်စဉ်(၄၅)၊ သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် တက်ရောက်အမှာစကားပြောကြား၍ သင်တန်းသား၊ သင်တန်းသူ ၁၀၅ ဦးတို့အား သင်တန်းဆင်း လက်မှတ်များပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စံပြထူးချွန်ဆုရ ရေဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ စကောကရင်တိုင်းရင်းသူ မရည်မွန်စိုး၊ သင်တန်းသားထူးချွန်ဆုရ ရခိုင်ပြည်နယ် အမ်းမြို့နယ်မှ ရခိုင်တိုင်းရင်းသား မောင်သောင်းကျော်ဌေး၊ သင်တန်းသူထူးချွန်ဆုရ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်မှ ချင်းတိုင်းရင်းသူ မကင်းဒေဗစ်ကာတို့အား ဆုများချီးမြှင့်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သန့်နိုင်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်ဦးမြဝင်းတို့က ဒုတိယနှင့်တတိယ ထူးချွန်ဆုများကို ဆက်လက်ပေးအပ်ခဲ့သည်။ တစ်ဆက်တည်းမှာပင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ကိုယ်စားလှယ်များက သင်တန်းသား၊ သင်တန်းသူများအတွက် အလုပ်ခန့်အပ်လွှာများ ပေးအပ်ကြသည်။

မူလတန်းဆရာအတတ်သင် သုံးနှစ်သင်တန်းအမှတ်စဉ်(၄၅)မှ သင်တန်းသား သင်တန်းသူများသည် ပါမောက္ခချုပ်ဦးမြဝင်းနှင့် အုပ်ချုပ်သူများလိုက်ပါလျက် စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ပုဂံ၊ ပုပ္ပား၊ နေပြည်တော်၊ အင်းလေး၊ တောင်ကြီးနှင့် ကလောမြို့များသို့ လေ့လာရေးခရီး ထွက်ခဲ့ကြပြီးဖြစ်သည်။ ယင်းခရီးစဉ်အတွင်း စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်း၌ နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ၄ရွှေဝါခန်းမတွင် နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်အား ဂါရဝပြု၍ ဩဝါဒခံယူခဲ့ကြသည်။



သင်တန်းဆင်းအခမ်းအနားအပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးစဉ်

နိုင်ငံတော်သမ္မတကြီးက သင်တန်းသား သင်တန်းသူများအား ဩဝါဒမြွက်ကြားရာတွင် "အနာဂတ်နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင်နိုင်မည့် တပည့်သားကောင်းများကို မွေးထုတ်ပေးရန် သားတို့၊ သမီးတို့အား နိုင်ငံတော်ကယုံကြည်မှုအပြည့်ဖြင့် ပြုစုပျိုးထောင်ပေးခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ သားကောင်း၊ သမီးမွန်များပီသစွာ မိမိတို့ကို တာဝန်ပေးအပ်ထားသည့် ဒေသများတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာအောင်၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားညီအစ်ကိုများ၏ လူမှုစီးပွားရေးဘဝများ တိုးတက်မြင့်မားလာအောင်၊ တိုင်းရင်းသားပြည်သူများကြားတွင် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ပြန့်ပွားလာအောင် ဆောင်ရွက်နိုင်သည့် ပညာရေးဝန်ထမ်းကောင်းများဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်" မှာကြားခဲ့သည်။

ဖွံ့ဖြိုးရေးသိပ္ပံအဖြစ် သန္ဓေတည်၍ စတင်ဖွင့်လှစ်ခဲ့သော ၁၉၆၄ ခုနှစ်မှ ယနေ့အထိ မဟာပညာရေးဘွဲ့ ၉၃ ဦး၊ မဟာဒဿနဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၃၄၅၄ ဦး၊ ဆရာအတတ်ပညာဒီပလိုမာ ၆၃၅ ဦး၊ အလယ်တန်းဆရာအတတ်သင် ၉၅၆ ဦး၊ မူလတန်းဆရာအတတ်သင် ၇၀၅၇ ဦး၊ အထူးမူလတန်းဆရာအတတ်သင် ၄၆၁ ဦး စုစုပေါင်း ၁၂၆၉၁ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော် အေးအတူပူအမျှ ဥမကွဲသိုက်မပျက် မှီတင်းနေထိုင်လျက်ရှိကြသော နိုင်ငံတော်ကြီးအတွင်းမှ တိုင်းရင်းသားလူမျိုးပေါင်း ၉၂ မျိုးတို့သည် အမိဖွံ့ဖြိုးရေးတက္ကသိုလ်၏ရင်ခွင်၌ အေးချမ်းစွာခိုလှုံ၍ ပညာရည်နို့ သောက်စို့ခဲ့ကြပြီးဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ထူးခြားချက်မှာ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာတက္ကသိုလ်အလိုက် ဝင်ခွင့်စာမေးပွဲများဖြေဆိုစေပြီး ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် အစရှိသည်တို့တွင် ပညာသင်ယူခွင့်ရရှိကာ ဆရာဝန်၊ အင်ဂျင်နီယာ၊ စိုက်ပျိုးရေးပညာရှင်၊ ကွန်ပျူတာပညာရှင်များအဖြစ် မွေးထုတ်ပေးနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ အခြားသောကျောင်းဆင်းများကလည်း နိုင်ငံ့တာဝန်အသီးသီးကို နေရာဌာနအသီးသီးတွင် ဝင်ရောက်ထမ်းဆောင်လျက်ရှိကြသကဲ့သို့ ယနေ့အချိန်အခါ၌ ပြည်နယ်ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်နေသူများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် တာဝန်ထမ်းဆောင်နေသူများလည်း ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။

သင်တန်းဆင်းပြီးဖြစ်သော မူလတန်းဆရာအတတ်သင် သုံးနှစ်သင်တန်း အမှတ်စဉ်(၄၄)နှင့် ယခုသင်တန်းဆင်းကြမည့် အမှတ်စဉ်(၄၅)မှ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် မိမိတို့တာဝန်ကျရာ လုပ်ငန်းခွင်တွင် တစ်နှစ်တာဝန်ထမ်းဆောင်ပြီးပါက ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ဖွင့်လှစ်မည့်ဆရာအတတ်ပညာဒီပလိုမာ တစ်နှစ်သင်တန်းသို့ ဆက်လက်သင်ယူခွင့်ရရှိမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ပညာရေးဘွဲ့(ပေါင်းကူး) သုံးနှစ်သင်တန်းတက်ရောက်ကာ ပညာရေးဘွဲ့ကို ရယူနိုင်ကြမည်ဖြစ်သည်။ မိမိတို့၏ကြိုးစားမှုနှင့် အရည်အချင်းပေါ်မူတည်ကာ မဟာပညာရေးဘွဲ့၊ ပါရဂူဘွဲ့များကို ဆက်လက်ဆွတ်လှမ်းနိုင်မည့် အခွင့်အရေးလည်းရှိနေကြောင်း လေ့လာသိရှိခဲ့ရသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များမှာ နိုင်ငံတော်တည်ဆောက်ရေးအတွက် အလွန်အရေးကြီးလှသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ ထာဝစဉ်ရှင်သန်ထက်မြက်နေစေရန်၊ ပြည်ထောင်စုစိတ်ဓာတ်များ ထွန်းကားပြန့်ပွားစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်တို့အတွက် ဖြစ်ပေသည်။ အရှိန်အဟုန်နှင့် ချိတ်ဆက်ပြောင်းလဲနေသော ယနေ့ကမ္ဘာကြီးတွင် ပညာရည်မြင့်မားပြီး အသိအမြင်မှန်ကန်စွာဖြင့် အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာနေသော လူ့အဖွဲ့အစည်းကသာလျှင် နိုင်ငံတော်၏အကျိုးစီးပွား၊ နိုင်ငံသားတို့၏အကျိုးစီးပွားများကို၊ တစ်နည်းအားဖြင့်ဆိုရသော် အမျိုးသားရေးအကျိုးစီးပွားကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်ခြင်း၊ မြှင့်တင်ခြင်းတို့ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

သင်တန်းဆင်း မောင်မယ်များအနေဖြင့် နိုင်ငံတော်သမ္မတကြီး၏ ဩဝါဒမိန့်ကြားချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူကာ မိမိတို့တာဝန်ကျရာဒေသများတွင် ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ထက်မြက်လာအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာသည်ထက် ခိုင်မာအောင်၊ အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာအောင်၊ ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ မြင့်မားလာအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းတည်ဆောက်ကြရင်း နိုင်ငံတော်၏ ကျေးဇူးတရားနှင့် အမိတက္ကသိုလ်ကြီး၏ ကျေးဇူးတရားများကို ဦးထိပ်ပန်ဆင်လျက် မိမိတို့ကိုယ်တိုင် အကျင့်စာရိတ္တကောင်းမွန်ပြီး အရည်အချင်းပြည့်ဝသော ပညာရေးဝန်ထမ်းကောင်း ဆရာဆရာမများဖြစ်လာအောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

သင်တန်းဆင်းပြီး ညဦးပိုင်းမှာရော နောက်တစ်နေ့နံနက်ပိုင်းမှာပါ သူတို့လေးတွေ တစ်ဦးပြီးတစ်ဦး၊ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ကျောင်းတော်ကြီးကို နှုတ်ဆက်ထွက်ခွာသွားကြပြီဖြစ်သည်။ ခဏတာတွေ့ဆုံလိုက်ရသော ကျွန်တော်သည်ပင်လျှင် အမျိုးအမည်မသိ စိတ်ခံစားမှုတစ်ခုကို ခံစားလိုက်မိသည်။ ဆရာမြင်းမူမောင်နိုင်မိုးကတော့ သူ၏ကဗျာကို အောက်ပါအတိုင်း အဆုံးသတ်ထားပါသည်။

**သြော်...မြန်မာ့မြေဖွား၊ သမီးသားတို့**
**အားထားလာ၍၊ စုံညီတွေ့သော်**
**အရှေ့အနောက်၊ တောင်နှင့်မြောက်တည့်**
**ထက်အောက်ညာကြေ၊ ထွေထွေရပ်ပြား**
**မခွဲခြားဘဲ၊ ပိုက်ဖြားကြင်နာ**
**ယုယရှာသည်**
**မေတ္တာရေကြည်**
**သစ္စာနေခြည်**
**ကရုဏာလေပြည်**
**ပတ်ဝန်းတည်သည့်**
**ဤပန်းရိပ်ညို၊ မိခင်ပျိုကား**
**မအိုဘဲလျှင်၊ အလှဆင်၏**
**သစ်လွင်ထာဝရ၊ ငြိမ်းချမ်းလှလျက်**
**လရောင် နေရောင်၊ ပမာဆောင်သည်**
**ပြည်ထောင်စု၏ ပန်းဥယျာဉ်။**
**ပွင့်သောပန်းတိုင်း မွှေးလျက်ပင်...ဟူ၍။**

**မြင့်စိုး (နတလ)**

## ကျေးလက်လူငယ်များအတွက် ကွန်ပျူတာသင်တန်းဖွင့်လှစ်ပေး

**ဝက်လက် စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်း ကျေးလက်ဒေသနေလူငယ်များ ကွန်ပျူတာနည်းပညာများကို လေ့လာသင်ယူရာတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကွန်ပျူတာသင်တန်းအမှတ်စဉ်(၁/၂၀၁၆)ကို ဝက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်တင်ဘာ ၂၆ ရက်က ဖွင့်လှစ်ခဲ့သည်။

ဝက်လက်မြို့ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည့် သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းနှင့် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမြင့်တို့က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်လွင်ဦးက သင်တန်းဖွင့်လှစ်သည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ ကျေးရွာများမှ သင်တန်းသားလူငယ် ၄၅ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**



**အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကမ္ဘာလှည့်ခရီးသွား လုံခြုံရေးရဲတပ်ဖွဲ့ အမှတ်(၆) တပ်ဖွဲ့စု(ပုဂံ)မှ တပ်ဖွဲ့ဝင် စုစုပေါင်း ရှစ်ဦးတို့က ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာ ၂၂ ရက်က သွေးလှူဒါန်းစဉ်။** (ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကိုလည်း စက်တင်ဘာ ၂၄ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။)
**ရဲသူရအောင်(ညောင်ဦး)**

## မူလတန်းအဆင့် ဆေးရောင်ခြယ်၊ ပုံပြောနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကျင်းပ

**ငါ့သရောက် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ဖွံ့ဖြိုးစေရန်အတွက် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို စက်တင်ဘာ ၂၈ ရက်က ဆည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ပြိုင်ပွဲတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးအေးမိုးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်တို့က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့် အမှတ်ပေးစနစ်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဆေးရောင်ခြယ်ပြိုင်ပွဲတွင် KG ကျောင်းသား ကျောင်းသူ ၂၀၊ ပုံပြောပြိုင်ပွဲတွင် ဒုတိယတန်းနှင့် တတိယတန်း ကျောင်းသား ကျောင်းသူ ၂၀ နှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် စတုတ္ထတန်း ကျောင်းသား ကျောင်းသူ ၂၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်ပြန်/ဆက်ဦးစီးမှူးက ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## အငြမတန်းနှင့် တက္ကသိုလ်ဝင်တန်း ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**ဆိပ်ဖြူ စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အငြမတန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဆိပ်ဖြူအထကကျောင်း၌ စက်တင်ဘာ ၂၈ ရက်နှင့် ၂၉ ရက် နှစ်ရက်ကြာ ပြုလုပ်ခဲ့သည်။

မြို့နယ်ပညာရေးမှူးရုံးမှ ဦးစီးဆောင်ရွက်ခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းဌေးက အမှာစကားပြောကြားပြီး ဆိပ်ဖြူမြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ အငြမတန်း ဆရာ ဆရာမ ၂၁၂ ဦးနှင့် တက္ကသိုလ်ဝင်တန်း ဆရာ ဆရာမ ၉၉ ဦးတို့က သင်ကြားပြသသည့် ဆရာ ဆရာမများအနေဖြင့် ဘာသာရပ်များတွင် ပိုမိုကျွမ်းကျင်လာစေရန်၊ ကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားရန်နှင့် အောင်မှတ်မြင့်မားလာစေရန်၊ ဘာသာရပ်များအလိုက် သင်ကြားမှု သင်ယူမှု ထိရောက်အောင်မြင်လာစေရန် စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၇ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၁၉-၉-၂၀၁၆ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၃-၁၁-၂၀၁၆ ရက်နေ့မှ ၃-၁၂-၂၀၁၆ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ။
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်ပါရှိရမည်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁)အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ဘွဲ့မြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ် လစာ ၁၂၀၀၀၀ိ /- ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည့်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၁၂၅၀၀၀ိ/- ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

| | အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) | ၁၇၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၈၄၀၀၀ |
| (ခ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ဂ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဃ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (င) | အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင် သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထား နိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ် ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင် နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။


SAMSUNG
DAY
OCTOBER 2016
အောက်တိုဘာ (၁)ရက်နေ့မှ (၃)ရက်နေ့အထိ
SAMSUNG Smart Phones နှင့် Tablets တွေ ဝယ်ယူပြီး
လက်ဆောင်တွေ ရယူလိုက်ကြရအောင်
ကျပ် ၅၀၀,၀၀၀ တန်ဖိုးနှင့် အထက် ဝယ်ယူသူတိုင်းအတွက်
1 Yr Warranty
Remax Pineapple Series 10000mAh Power Bank
Remax 2Ports USB Charger
Ring Stent
USB Cable
Samsung Bag
ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ တန်ဖိုးအောက် ဝယ်ယူသူတိုင်းအတွက်
1 Yr Warranty
Remax 5,000 mAh Power Bank
1 Yr Warranty
Bluetooth Speaker
Ring Stent
USB Cable
Samsung Bag
ကျပ် ၂၀၀,၀၀၀ တန်ဖိုးအောက် ဝယ်ယူသူတိုင်းအတွက်
1 Yr Warranty
Power Bank 5000Mah
Water Bottle
Ring Stent
USB Cable
Samsung Bag
လက်ဆောင်အရေအတွက် အကန့်အသတ်ရှိပါသည်။ ပရိုမိုးရှင်း အစီအစဉ်၏ စည်းကမ်းများသည်
Samsung Myanmar မှ သတ်မှတ်ထားသည့် အတိုင်းသာဖြစ်သည်။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shop များနှင့် သတ်မှတ်ထားသော Samsung Promoters
ရှိသောအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
8AM to 6PM

PadamyarFm

7th anniversary

ပတ္တမြား **FM** ကို
(၇) နှစ်တိုင်တိုင် စဉ်ဆက်မပြတ် နှစ်ခြိုက်စွာအားပေးကြသော
အနယ်နယ်အရပ်ရပ်မှ ပရိသတ်များ၊ ကြော်ငြာထည့်သွင်းကြပါသော စီးပွားရေးလုပ်ငန်းရှင်များ၊ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော အသံပညာရှင်၊ အတတ်ပညာရှင်များ၊ အနုပညာရှင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ အောင်မြင်တိုးတက်မှုများကို နှောင်နှစ်ပေါင်းများစွာတိုင် အတူတကွ လက်တွဲဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပတ္တမြား **FM** မိသားစု

ရန်ကုန် - 88.2 MHz
မုံရွာ - 88.6 MHz
နမ္မား - 88.9 MHz
မန္တလေး - 88.9 MHz
ကန့်ဘလူ - 88.6 MHz
ကသာ - 88.9 MHz

ပုပ္ပါး - 90.7 MHz
ပဲခူး - 91.3 MHz
ပြည် - 91.3 MHz
ဖန်းမော် - 88.9 MHz
စစ်ကိုင်း - 88.9 MHz
မြစ်ကြီးနား - 88.9 MHz

နေပြည်တော် - 89.5 MHz
ပုသိမ် - 93.7 MHz
မော်လမြိုင် - 92.5 MHz
တောင်ကြီး - 92.2 MHz
တောင်ငူ - 93.4 MHz
ဘီးလင်း - 90.7 MHz

# နှစ်နိုင်ငံဆက်ဆံရေးနှင့် ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်ခဲ့မှုအခြေအနေများ ဆွေးနွေး

## ဒုတိယသမ္မတ ဦးမြင့်ဆွေ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၃၀**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မူရတ်ရာဘုစ်အက်တိစ်အား ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက် ၁၀ နာရီက နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာနိုင်ငံဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မူရတ်ရာဘုစ်အက်တိစ်အား လက်ခံတွေ့ဆုံစဉ်**
(သတင်းစဉ်)

# အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲတွင် ဗိုဗီနမ်ရွှေတစ်ခု၊ ငွေနှစ်ခု ဆွတ်ခူးထား



အမျိုးသားလေးယောက်တွဲ (လက်နက်ပါ) ရွှေတံဆိပ်ရရှိကြသည့် ဗိုဗီနမ်အားကစားသမားများ

**သတင်းနှင့် ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် စက်တင်ဘာ ၃၀**

ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ (၅)ကြိမ်မြောက် အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲ ဗိုဗီနမ်အားကစားနည်းကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံမှ ဗိုဗီနမ်အားကစားသမားများသည် စက်တင်ဘာ ၃၀ တွင် ရွှေတစ်ခု၊ ငွေနှစ်ခု ဆွတ်ခူးရရှိထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် Men's Weapon Self-defense အမျိုးသားလေးယောက်တွဲ(လက်နက်ပါ) ချမ်းမြေ့အောင်၊ ရဲဝင့်ထူး၊ မျိုးထွန်းအံ့၊ ဝင်းငွေအောင်တို့က ရွှေတစ်ခု၊ Men's Leg Attack Techniques အမျိုးသားလေးယောက်တွဲ ပြိုင်ပွဲတွင် ရဲဝင့်ထူး၊ မနားကွီး၊ မျိုးထွန်းအံ့၊ ဝင်းငွေအောင်တို့က ဒုတိယငွေတံဆိပ်ရရှိပြီး အိမ်ရှင်ဗီယက်နမ်က ပထမ၊ ကမ္ဘောဒီးယားက တတိယကို လည်းကောင်း၊ Mided Events Weapon Self-defense (ကျား/မ) အသင်းလိုက်

*စာမျက်နှာ ၈ ကော်လံ ၃* ●

## အထူး/ဝန်ထမ်းနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများ ပြည်ဝင်ဗီဇာ ကင်းလွတ်ခွင့်ပြုရေး စာချုပ်လက်မှတ်ထိုး

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကိုလံဘီယာနိုင်ငံအစိုးရတို့သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ရန်နှင့် သက်ဆိုင်ရာနိုင်ငံများ၏ တည်ဆဲဥပဒေများနှင့်အညီ နှစ်နိုင်ငံသံတမန်နှင့် အထူး/ ဝန်ထမ်းနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအကြား ခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရန်အလို့ငှာ ဆန္ဒရှိသည်ဖြစ်၍ နှစ်နိုင်ငံအစိုးရတို့အကြား သံတမန်နှင့် အထူး/ ဝန်ထမ်းနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပြုရေး သဘောတူစာချုပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ကိုလံဘီယာသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mrs. Maria Angela Holguin Cuellar တို့မှ စက်တင်ဘာ ၂၀ ရက်တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ မြန်မာ၊ အင်္ဂလိပ်နှင့် စပိန်ဘာသာသုံးမျိုးဖြင့် လက်မှတ်ရေးထိုးခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျူးဘားအပေါ်ချမှတ်ထားသည့် အမေရိကန်ဥပဒေအား ချိုးဖောက်သူဟု ထရန့်အား ကလင်တန်ပြောကြား

စာမျက်နှာ -၁၀

## ကျောက်ဆည်နည်းပညာတက္ကသိုလ်၌ အဖြေလွှာများ မီးရှို့မှုဖြစ်

စာမျက်နှာ - ၁၂

## အလုပ်ရမည်ပြောဆိုကာ ငွေကျပ် ၉၆ သိန်း လိမ်လည်သူ သုံးဦးအား တိုင်ကြားအမှုဖွင့်

စာမျက်နှာ -၁၃



ချစ်ကြည်ရေးခရီးစဉ်အဖြစ် တရုတ်ရေတပ် ရေကြောင်းကာကွယ်ရေးအဖွဲ့မှ တိုက်ချင်းပစ် ဒုံးတင်စစ်ရေယာဉ် XIANG TAN နှင့် ZHOU SHAN စစ်ရေယာဉ်နှစ်စင်း ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာစဉ် ဓာတ်ပုံ-ဇော်ကြီး(ပဏီတ) သတင်း စာ- ၈

